ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်


* စာတည်းအဖွဲ့အမှာ ............ ၁
* နဝတ စစ်အုပ်စုနှင့် စစ်တပ်အကြောင်းအကျဉ်း အခြေခံ ............ ၄
* ပြုပြင်ရေးလမ်းကြောင်း ............ ၁၅
* နှစ်ခွဲတတင်း ............ ၁၈
* ကွန်မြူနစ်နဲ့ငြိမ်းချမ်းရေး ............ ၂၂
* အောက်တိုဘာတော်လှန်ရေးအောင်ပွဲ ............ ၂၇
* စစ်အုပ်စုအဆိပ်ရည်ကို တံဆိပ်သစ်ကပ် ............ ၃၄
* ဘာတို့လူမွေးလူတောင် မပြောင်နိုင်သေးပါ ............ ၃၆
* ပဲရစ်ကွန်မြူန်းမှသည် ............ ၄၁
* ဗီဒယ်ကာစထရိုသို့ (နိုင်ငံတကာကဗျာ) ............ ၄၅
* ကိုလံဘီယာငြိမ်းချမ်းရေးခရီး ............ ၅၀



**အမှတ် (၄၀)**

---

**ဇန်နဝါရီ၊ ၂၀၁၇ ခုနှစ်။**

# စာတည်းအဖွဲ့အမှာ

ပြည်သူ့အာဏာဂျာနယ် အမှတ် (၄၀) ဇန်နဝါရီ၊ ၂၀၁၇

## ၂၀၁၆ ခုနှစ်ကို ပြန်လှန်ကြည့်ခြင်း

(၁)

၂၀၁၇ ခုနှစ် မကူးခင်ကပင် တိုင်းပြည်အခြေအနေက အတော်ဆိုးနေပါပြီ။ ဘက်စုံက ဆိုးနေတာပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေး ဘက်ပေါင်းစုံက လှုပ်လှုပ် လှုပ်လှုပ်နဲ့ ယိုင်နဲ့နေပါတယ်။ ဒီချုပ် ရွေးကောက်ပွဲနိုင်တာ တနှစ်ကျော်ခဲ့ပြီ။ အစိုးရဖွဲ့ပြီး အခိုင်အမာ အုပ်ချုပ်နေတာတောင် ၉ လခန့် ရှိပါပြီ။

ကျွန်တော်တို့အနေနဲ့ စစ်အုပ်စုအကြိုက်တွေ့မယ့် အချက်တွေ ရှောင်နေရလို့ ပြောသင့်သလောက်မပြော၊ လုပ်သင့်သလောက် မလုပ်ဖြစ်ခဲ့တာတွေ ရှိပါတယ်။ ဒီချုပ်ရဲ့ အကျပ်အတည်းကို နားလည်ပြီး ဖေးဖေးမမပြောတာ၊ လျော့လျော့ပေါ့ပေါ့ထောက်ပြခဲ့တာ တချို့ဆို လုံးဝမပြောဘဲနေတာတွေတောင် ရှိခဲ့ပါတယ်။ ဒါပေမဲ့ ပြည်သူတွေ ထိခိုက်လှပါပြီ။

(၂)

၂၀၁၆ ခုနှစ်အတွင်း တိုင်းပြည်မှာ အရေးကြီးတဲ့ အဖြစ်အပျက်တွေ ဖြစ်ခဲ့တယ်။ အဲဒါတွေကတော့ –

- ဒီချုပ် တရားဝင်အစိုးရ ဖြစ်လာတယ်။ လွှတ်တော် နှစ်ရပ်လုံးမှာ အများစုအင်အား ဖြစ်လာခဲ့တယ်။ ကုန်စျေးနှုန်းတွေ မြင့်တက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခဲ့တယ်။ ရာဇဝတ်မှု ထူပြောလာကာ ဖုံးခွဲမှုတွေ ခပ်စိပ်စိပ် ဖြစ်ခဲ့တယ်။ လူမှုရေးမတည်မငြိမ် ဖြစ်လာခဲ့တယ်။
- လူထုလူတန်းစား လူ့အလွှာအသီးသီးရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ တိုးတက်မှု မရှိခဲ့။ အလုပ်သမားများရဲ့ လုပ်ခလစာနဲ့လူမှုစရိတ် မမျှမတ ဖြစ်လာလို့ အခွင့်အရေးတောင်းဆိုမှု၊ ဆန္ဒပြမှုများ ဖြစ်လာတယ်။ ဒါ့အတွက် အလုပ်ဖြုတ်ခံကြရ၊ ထောင်ချခံကြရဖြစ်ကုန်တယ်။ အလားတူ တိုင်းပြည်မှာ လူဦးရေအများဆုံးဖြစ်တဲ့ တောင်သူလယ်သမားတွေ ကြားမှာလည်း မကျေနပ်မှုတွေ များလာကာ နစ်နာချက်တွေ ဖော်ထုတ် လိုအပ်ချက်တွေ တောင်းဆိုလာကြတယ်။ စစ်တပ်နဲ့ခရိုနီတွေ သိမ်းထားတဲ့ အသိမ်းပိုက်ခံ မိမိတို့လယ်ယာတွေ ပြန်လည်သိမ်းပိုက်ကာ ထွန်တုံးတိုက်ပွဲ ဆင်ခဲ့ကြတယ်။ ဒါကြောင့် အစ

လိုက်အပြိုလိုက် ထောင်ချခံကြရတယ်။

- ရခိုင်ပြည်နယ်မှာ လူမျိုးရေးပြဿနာ ပေါ်ခဲ့ပြန်တယ်။ အစိုးရနဲ့စစ်တပ်က ခြေမြန်လက်မြန် 'အကြမ်းဖက်မှု' အဖြစ် တံဆိပ်တပ်ခဲ့တယ်။ ခေတ်မီလက်နက်တွေ တပ်ဆင်ထားတဲ့ ရဲတပ်ဖွဲ့ကို တုတ်ဓားလက်နက်လောက်သာ ကိုင်နိုင်တဲ့ အရပ်သားတွေက ဝင်တိုက်တဲ့ ကိစ္စမှာ သူတို့အနေနဲ့ ဘယ်အထိမခံမရပ်နိုင် ဖြစ်နေတယ်ဆိုတာ ပြပါတယ်။ အစိုးရက ဒါကို ကလဲ့စားချေဖို့ စစ်အင်အားအလုံးအရင်းပို့ခဲ့တယ်။ မီဒီယာသမားတွေ လိုက်ပါခွင့်မပြုဆိုတဲ့သတင်း ကြားကတည်းက 'စစ်တပ်ကတော့ ကြမ်းတော့မှာပဲ' လို့ သဘောပေါက်ကြပါတယ်။ ထင်တဲ့အတိုင်း ပြောင်းဆန်သွားပါတယ်။ ရိုက်နှက်သတ်ဖြတ်မီးရှို့အဓမ္မကျင့်စတဲ့ အကြမ်းဖက်မှုသတင်းတွေ ထွက်လာပြီး ဒီကိစ္စတွေ ဟုတ်မဟုတ်ပြင်ပကမ္ဘာနဲ့ ငြင်းခုံပွဲကြီး လုပ်ပါတယ်။ ဗွီဒီယိုသတင်းဖိုင်တခု အင်တာနက်မှာ တက်လာမှ တချို့ကိစ္စရှင်းသွားပါတယ်။ မငြင်းသာမှ ဝန်ခံခဲ့တာပါ။ ကုလသမဂ္ဂ၊ မွတ်ဆလင်ကမ္ဘာ၊ နိုဗယ်ဆုရှင် ၁၃ ဦး (+ထင်ရှားပုဂ္ဂိုလ်တချို့) က တဖက် – အစိုးရ (+စစ်တပ်) က တဖက် ထောက်ပြချေဖျက် လုပ်ကြတာဟာ ၂၀၁၇ ခုအထိ မပြီးပြတ်သေးပါဘူး။ ရလဒ်မှာတော့ စစ်တပ်အဖို့ ထူးပြီးနာမည်ပျက်စရာ မရှိပေမယ့် ဒီချုပ်အစိုးရရဲ့ ပုံရိပ်ကတော့ ကျဆင်းသွားခဲ့ပါတယ်။

အလားတူ အရေးကြီးဖြစ်စဉ်တခုကတော့ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ (ကချင်၊ ပလောင်၊ ကိုးကန့်၊ ရခိုင်တပ်မတော်) နဲ့ အစိုးရစစ်တပ်တွေ မူဆယ်၊ မုံကိုးနဲ့ တရုတ်ဗမာ အဝေးပြေးလမ်းမကြီး မြောက်ဘက်ခြမ်းမှာ တိုက်ပွဲတွေ ဖြစ်ပါတယ်။ ၂ ဖက် အထိအခိုက်အကျအဆုံး များလှတယ်။ အစိုးရဘက်က လေကြောင်းအကူအညီ၊ လက်နက်ကြီးပစ်ကူနဲ့ လက်ရုံးတပ်တွေသုံးပြီး တိုက်ခိုက်တာ ဖြစ်တယ်။ စစ်တပ်က ဒေသခံတိုင်းရင်းသားတွေဖမ်း၊ လူသားဒိုင်းအဖြစ်ကာရံကာ မိမိတို့အစား အသေခံခိုင်းခဲ့တာ တွေ့ရတယ်။

(၃)

ဒီချုပ်ရဲ့ ရွေးကောက်ပွဲအကြို မျှော်မှန်းချက် ၃ ခုထဲက ငြိမ်းချမ်းရေးတည်ဆောက်ရန်ကိစ္စ မအောင်မြင်ပါ။ **NCA** လက်မှတ်ထိုးရေးကိစ္စ ထိုးသူနဲ့မထိုးသူ ၂ အုပ်စု ကွဲသွားပါတယ်။ **UNFC** က စစ်တပ်ဘက်က တောင်းဆိုတဲ့ ကိုးကန့်၊ ပလောင်၊ ရခိုင် ၃ ဖွဲ့ ဖယ်ထားရေးကိစ္စ လက်မခံပါ။ ၂ ဖက် အကြောင်းပြချက်တွေ နားလျှံအောင် ကြားခဲ့ကြပြီး ဩဇာကြီးလှပါတယ်ဆိုတဲ့ နိုင်ငံတော်အတိုင်ပင်ခံအနေနဲ့ 'တော်၊ တန်၊ တိတ်' လုပ်မပေးနိုင်ခဲ့ဘူး။ နောက်ပိုင်းမှာတော့ စစ်တပ်ရဲ့ ရပ်တည်ချက်ဟာ အစိုးရရဲ့သဘောထား ဖြစ်သွားခဲ့တယ်။ တိုင်းရင်းသားတွေဘက်က ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်တပ်ကိုကျော်ပြီး ဘာမှမလုပ်ပေးနိုင်ဘူးလို့ မြင်သွားကာ သူလည်း မထူးပါဘူးလို့ ယူဆသွားခဲ့တယ်။

'လက်ရှိဗမာပြည်ရဲ့နိုင်ငံရေးမှာ အာဏာဆိုတာ စစ်အုပ်စုရဲ့ ၂၀၀၈ အခြေခံဥပဒေထဲက ထွက်လာတာ ဖြစ်တယ်' ဆိုတာကတော့ ရှင်းသွားခဲ့တယ်။ တခါ ဒီချုပ်ပြောရေးဆိုခွင့်ရှိသူ တဦးက 'အာဏာရှင်ဝါဒကျင့်သုံးသင့်ရင် ကျင့်သုံးရမှာပဲ' ပြောလေတော့ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ မေတ္တာနဲ့အုပ်ချုပ်တဲ့နိုင်ငံ ဖြစ်စေချင်တယ်ဆိုတဲ့စကား ဘယ်ရောက်သွားပြီလဲ မေးရမလို ဖြစ်နေတယ်။

ဒုတိယမျှော်မှန်းချက်ဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ဆိုတာကိုတော့ 'ဖြည်းဖြည်းချင်း လုပ်သွားမယ်' ဖြစ်သွားခဲ့ပြီ။

နောက်ဆုံးမျှော်မှန်းချက်ဖြစ်တဲ့ နိုင်ငံတော်တည်ငြိမ်ရေးအတွက် အုပ်ချုပ်ရေးလမ်းစဉ် ပြင်မယ်ဆိုတာကလည်း ခရီးပေါက်ပါရဲ့လား။

ဝန်ကြီး၊ ဒုဝန်ကြီး၊ အတွင်းဝန်မှစပြီး ညွှန်မှူးအဆင့်ဆင့်နဲ့ မြို့နယ်ထွေအုပ်တွေအထိ စစ်ထွက်ဗျူရိုကရက်တွေ ဖြစ်နေမှတော့ သူတို့မလုပ်ရင် ကမ္ဘာမလည်နိုင်တော့ပါဘူး။ ခုအထိ ဘာမှထူးခြားမလာဘူး။

လွှတ်တော် ၂ ရပ်မှာ ကိုယ်စားလှယ် တော်တော်များများက ကြိုးစားပြီး ဥပဒေတွေ ပြုပါတယ်။ ဒါပေမဲ့ လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်က 'အစိုးရအကျပ်အတည်း ဖြစ်စေမယ့်မေးခွန်းတွေ မမေးကြပါနဲ့' လို့ အတားခံကြရတယ်။

(၄)

၂၀၁၆ ခု ကုန်ဆုံးခါနီးမှာတော့ ဒီချုပ်ခေါင်းဆောင်ပိုင်းတွေပြောတဲ့ မိန့်ခွန်းတွေမှာ သူတို့အခြေအနေ သူတို့သိတဲ့ သဘောထားမျိုး ဖော်ပြလာကြပါတယ်။ သမ္မတဖြစ်သူက "ကုန်ဈေးနှုန်းကြီးမြင့်မှု၊ မြန်မာငွေကျဆင်းမှု၊ ဒေါ်လာဈေး ကြီးမြင့်မှုတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေးဟာ သတိထားရမယ့်အခြေအနေတခုကို ရောက်ရှိလာပြီ" လို့ ထုတ်ပြန်ကြေညာလာခဲ့တယ်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ ရှင်းရှင်းပြတ်ပြတ် မပြော။ 'ရွေးကောက်ပွဲကြေညာစာတမ်းပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေး အလို့ငှာ အစွမ်းကုန် ကြိုးပမ်းနေဆဲ ဖြစ်ပါသည်။' 'သွေးအစွန်းဆုံး၊ အရှည်ကြာဆုံး စစ်ပွဲကြီးကို ဂုဏ်သိက္ခာရှိရှိ နိဂုံးချုပ်နိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းနေဆဲပါ' လို့သာ ပြောပါတယ်။

ဒီချုပ်အတွင်းရေးမှူး အဖွဲ့ဝင်တဦးကတော့ ပိုပြီးရှင်းရှင်းလင်းလင်း ပြောပါတယ်။ "NLD ဦးဆောင်တဲ့ အစိုးရနဲ့ တပ်မတော်ကြားမှာ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ပတ်သက်ပြီး ကွာခြားတဲ့ အမြင်တွေ ရှိပေမယ့် အောင်မြင်အောင် ဆောင်ရွက်သွားမယ်" 'တပ်မတော်ရဲ့ ၂၅ ရာခိုင်နှုန်းပါဝင်နေမှု အပါအဝင် ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတဲ့ အချက်တွေကို ပြင်ဆင်ဖို့ ကြိုးစားနေပေမယ့် အောင်မြင်မှု မရထားကြောင်း' "၂၀၀၈ ဖွဲ့စည်းပုံကို မပြင်နိုင်ဘူးဆိုရင် ငြိမ်းချမ်းရေးရဖို့ မဖြစ်နိုင်ဘူး" လို့ ဆိုပါတယ်။

ဒါပေမဲ့ ကာချုပ်လုပ်သူကတော့ ၂၀၁၆ ခုနှစ် တနှစ်လုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပွဲဖျက်ရေး အလုပ်တွေချည်း လုပ်လာခဲ့တယ်။ ခု ၂၀၁၇ ခု နှစ်စပိုင်းမှာလည်း တိုင်းရင်းသားတွေ စိတ်ခံစားရမယ့် ရင့်ရင့်သည်းသည်း စကားလုံးရွေးပြီး ပြောလိုက်တာ တွေ့ရတယ်။ ငြိမ်းချမ်းရေးကိစ္စ မအောင်မြင်တာဟာ အမြင်ကျဉ်းမြောင်းနေဆဲဖြစ်တဲ့ တိုင်းရင်းသား ခေါင်းဆောင်တချို့ကြောင့်လို့ ပြောလိုက်တာပါ။

ဒီအခြေအနေတွေအပြင် **IS** ခြိမ်းခြောက်မှုကလည်း သူတို့ထဲမှာ ကြီးထွားလာခဲ့ပြီ။

ဒ့ါကြောင့် ၂၀၁၇ ခုနှစ်ကို မင်္ဂလာနှစ်သစ်အဖြစ် ပြည်သူတွေနဲ့အတူ ဆီးကြိုချင်ပေမယ့် အလားအလာ အရတော့ မကောင်းလှပါကြောင်း တင်ပြလိုက်ပါတယ်။

စာတည်းအဖွဲ့
(၁၀၊ ၁၊ ၂၀၁၇)



# ၁၉၉၆ ခုနှစ်က ပါတီဗဟိုသို့ ပေးပို့ခဲ့သည့်စာတမ်း (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော) နဝတ စစ်အုပ်စုနှင့် စစ်တပ်အကြောင်းအကျဉ်း အခြေခံ (မူကြမ်း)။ ၁၇ – ၈ – ၁၉၉၆

အပိုင်း (၁)

၁။ ၁၉၉၀ ကျော်ကာလ မြန်မာတပ်ဟာ ပြည်တွင်းသူပုန်နဲ့ တိုက်ခိုက်ရေးများ လျော့နည်းလာပြီး အဓိက ကေအင်ယူတဦးသာကျန်သည်။ အားလုံးလိုလိုစေ့စပ် အပစ်အခတ်ရပ်ရေးလမ်းပေါ် ရောက်လာသည်။

၂။ တပ်အကြောင်းမစမီ မူရင်းအစိုးရ၏ ယေဘုယျပြောင်းလဲလာပုံ သဘောထားကိုစဉ်းစားလျှင် ၁၉၈၈ CPB ပြိုကွဲသွားခြင်းအတွက် နဝတ စစ်အုပ်စု သဘောထားပြောင်းလဲသွားပုံမှာ ၎င်းတို့အတွက် နိုင်ငံရေးအရလည်းကောင်း၊ စစ်ရေးအရလည်းကောင်း နှစ် ၄၅ – ၅၀ ခန့်ကတည်းက စိုးရိမ်အကြောင့်ကြရဆုံးသော ရန်ဘက်ကြီး ပြိုကွဲသွားသဖြင့် ၎င်းတို့စိတ်အနေအထား အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။

၃။ နိုင်ငံရေးအရ အခြားဘယ်ပါတီမှ မမှုတော့ပေ။ ခြောက်၊ ချော့၊ ဖိနှိပ်၊ ချော့၊ ဖြိုခွဲ တို့ဖြင့် အချိန်တိုအတွင်း ဘယ်ပါတီကိုမဆို ဖြိုနိုင်သည်ဟုတွက်သည်။ ထို့ကြောင့် မာနဝင်လာ၊ တင်းမာလာသည်။ ဘယ်သူမှမှုစရာမလိုဟု တွက်လာသည်။

၄။ နောက် စစ်ရေးအရ ခိုင်မာတောင့်တင်းပြီး စစ်လက်နက်ပစ္စည်း အတော်ပြည့်စုံပြီး စစ်ပရိယာယ်အတတ်ပညာ အတော်ထက်မြက်၊ နောက်ခံမဟာပိတ်အင်အားရှိသော CPB ၏ ပြည်သူ့တပ်မတော် ပြိုကွဲပြီဖြစ်၍ ၎င်းတို့တပ်များ လွတ်မြောက်သွားပြီး တခြားဘယ် သူပုန်တပ်မဆို သိပ်မမှုတော့ပေ။

၅။ ၁၉၈၉ CPB ဖြိုကွဲရခြင်းအပေါ် ၎င်းတို့သင်ခန်းစာ နှစ်ခုရယူသည်။ ပထမက သူပုန်အဖွဲ့များအပေါ် စစ်ရေးသက်သက်တနည်းတည်းဖြင့် ဖြိုခွဲရေးထက် သူပုန်တပ်အတွင်း ပြိုကွဲရေးအတွက် ဖြိုခွဲရေးလုပ်ငန်းဟာ အလွန်အထူး အကျိုးရှိနိုင်သည်ဟု သိနားလည်ပြီး CPB အတွင်း ဖြိုခွဲသလို အခြားအဖွဲ့အစည်းများအတွင်းဖြိုခွဲရာ တချို့အတော်အောင်မြင်နေသည်။ ဥပမာ KNU ထဲတွင် ဗုဒ္ဓဘာသာကရင်တပ် (DKBA) ဆိုပြီး ခွဲထောင်ရန် အားထုတ်ခဲ့ကြရာ အတော်အောင်မြင်ခဲ့သည်။ အလားတူ စေ့စပ်ရယူထားသော အဖွဲ့တွေအတွင်းလည်း ဖြိုခွဲနေ၍ အားလုံးသတိထား နေလာရသည်။ မြေပေါ်နိုင်ငံရေးပါတီတွေအတွင်းလည်း ထိုသဘောထားဆောင်ရွက်သည်။ ဒုတိယသင်ခန်းစာ – သူပုန်ခေါင်းဆောင် စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်တွေကို စီးပွားရေးလုပ်ခွင့်ပေးခြင်းနှင့် လက်ကမ်းပေးပြီး သူတို့၏လက်နက်ကိုင်တပ်များက ခွဲထားနိုင်ခဲ့သည်။ ယင်းကိစ္စမှာ အဆုံးအထိအောင်မြင်ရေးအတွက် အချို့တပ်ဖွဲ့များ ခက်ခဲနေသေးသည်။ ဥပမာ ဝ တပ်ဖွဲ့။ နိုင်ငံရေး – စစ်ရေးအရ CPB ပြိုကွဲရခြင်းကြောင့် ၎င်းတို့အခြေခံစိတ်ဓာတ်ကို အကြီးအကျယ်ပြောင်းလဲစေသည်။ မာနကြီးသွားပြီး အတွေ့ အကြုံလည်း ကြွယ်ဝလာသည်။ စစ်တပ်အနေနှင့် ပြည်တွင်းစစ်မှ စစ်အတွေ့အကြုံများရှိခဲ့သည်။

၆။ CPB ပြိုကွဲရခြင်းကြောင့် မာနကြီးမှုကို ထပ်တိုးစေသည်မှာ အထက်ပါနိုင်ငံရေး၊ စစ်ရေးအကြောင်းများအပြင် စီးပွားရေးအကြောင်း အချက်များ တိုးတက်လာသဖြင့် မာနကြီးမှုထပ်တိုးစေသည်။

(က) အဓိကတချက်

ပြည်တွင်းစပါးပိုထွက်ပြီး နိုင်ငံခြားသို့ ဆန်များတင်ပို့နိုင်အောင် လယ်ယာစိုက်ပျိုးရေးတွင် ဆည်မြောင်းတာတမံအကြီး၊ အလတ်၊ အသေးအခိုင်အမာနှင့် ယာယီတို့ပါ မျိုးစုံလုပ်ပြီး တနှစ်လျှင် ၂သီးမှ ၃သီးထိပင် စိုက်ပျိုးနိုင်သဖြင့် စပါးများစွာထွက်ပြီး နိုင်ငံခြား ဆန်တင်ပို့ နိုင်ပြီး တန်ချိန် တသန်းထိတင်ပို့နိုင်ပြီး နိုင်ငံခြားငွေအတော်တိုးတက် ရရှိလာသည်။ လယ်သမားအချို့ အတော်အတန်ချောင်ချိလာသည်။ သို့သော် လူဦးရေအများစုမှာ လွန်စွာဆင်းရဲကျပ်တည်းလှသည်။

(ခ) စီးပွားရေးအရ အခြားအဓိကအကြောင်းတခုမှာ –

မုတ္တမကွေ့မှ သဘာဝဓာတ်ငွေ့များကို ထိုင်းသို့ပိုက်လိုင်းသွယ်ပြီး ရောင်းချရေး နှစ် (၃၀) စာချုပ် ထိုင်းနှင့် ၁၉၉၅ က ချုပ်ထားပြီး ဖြစ်သည်။ ယင်းမှ တနှစ်ဒေါ်လာသန်း (၄၀၀) မျှ ဝင်မည်ဖြစ်ရာ နဝတစစ်အစိုးရ စစ်ဘတ်ဂျက်အတွက် များစွာဖူလုံစိတ်ချရပြီးဖြစ်သည်။ ယင်းသည်စီးပွားရေးအရ စပါးကိစ္စနှင့်ပါ မာနကြီးစရာဖြစ်ခဲ့သည်။

၇။ သံတမန်ရေးအရလည်း အမေရိကန်နှင့် အနောက်နိုင်ငံအများစုနှင့် အဆက်အသွယ်မကောင်းလှသော်လည်း အိမ်နီးချင်းတရုတ်ပြည်၏ ထောက်ခံမှုရသဖြင့် သံတမန်ရေးသာမက စီးပွားရေးနှင့် နိုင်ငံရေးပါ အကျိုးအမြတ်ရခဲ့သည်။ အဓိကလူသုံးကုန်ပစ္စည်းအပြင် စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်း ပစ္စည်းများရရှိသည်။ ငွေကြေးအကူများလည်း ရရှိသည်။ ထို့အပြင် အနောက်တိုင်းမှ နိုင်ငံရေး၊ စစ်ရေးခြိမ်းခြောက်မှုကို လည်း အကာအကွယ်ရနိုင်ပေသည်။ တရုတ်အကူတွင် ၎င်းတို့အတွက် အဓိကအကျဆုံးအကူတခုမှာ စစ်လက်နက်ပစ္စည်းဝယ်ယူရရှိခြင်း ဖြစ်သည်။ ပို၍စိတ်ချရအောင် သူ့တပ်တချို့ကို တရုတ်လက်နက်များနှင့် တပ်ဆင်၍ပင်နေသည်။ တရုတ်မှလက်နယ်ငယ်စက်ရုံများ၊ ခဲယမ်း စက်ရုံများလည်း တည်ဆောက်နေသည်။

တရုတ်အနေဖြင့် နဝတ နှင့် ဆက်ဆံရခြင်းသည်–

(က) မြန်မာ့ဈေးကွက်တခုရရှိခြင်း

(ခ) ထို့ထက် အနောက်နယ်ချဲ့၏ တရုတ်အပေါ်ထိုးစစ် နိုင်ငံရေးတိုက်ပွဲတွင် မိမိမဟာမိတ်တဦး တိုးခြင်းဖြင့် ကုလသမဂ္ဂနှင့် သံတမန် ရေးရာများတွင် မဲတမဲရနိုင်။

(ဂ) ထို့ပြင် မြန်မာ နဝတ အပေါ် အနောက်ကလွှမ်းပါက တရုတ်ဝိုင်းရေး၊ ထိန်းချုပ်ရေး မဟာဗျူဟာ အားတအားဖြစ်လာပြီး အနည်းဆုံး အနေဖြင့် နယ်နိမိတ်ဆက်နေသော လူနည်းစုများကို မြှောက်ပေးပြီး နယ်စပ်မတည်မငြိမ်ဖြစ်အောင် လုပ်ခြင်းဖြင့် တရုတ်ဆန့်ကျင်ရေး ထိန်းချုပ်ရေးကို အတော်လုပ်နိုင်သည့် အကွက်တကွက်ကို တားဆီးရန်။

၈။ နောက်သံတမန်အကူတခုမှာ နဝတသည် အေစီယံနိုင်ငံများနှင့် ဆက်သွယ်ထားနိုင်ခြင်းဖြစ်သည်။ အဓိကမိမိသယံဇာတတွေပေးပြီး လူသုံးကုန်များ နည်းပညာများရစေပြီး အနောက်နိုင်ငံတွေနဲ့ တဖက်လှည့် အဆက်အသွယ်တမျိုးဆက်နိုင်သည်။

၎င်းအေစီယံနှင့် နဝတ ဆက်ဆံရခြင်းမှာ–

(က) ဈေးကွက်နှင့်

(ခ) သယံဇာတများရခြင်း

(ဂ) သူတို့လည်းအလားတူ လူ့အခွင့်အရေးပြဿနာများ ရှိနေကြ၍ သက်သာခြင်း။

(ဃ) နောင်တရုတ်နှင့် နဝတ သိပ်ပေါင်းမိသွားမှာ စိုးရိမ်ခြင်း၊ အနောက်နိုင်ငံတွေက သူတို့ကသာ နဝတ အပေါ် တင်းမာနေသော်လည်း တဖက်ကလည်း နဝတအနေနှင့် တရုတ်ဘက်သိပ်ပါသွားမှာ စိုးရ၍ အေစီယံ–နဝတ နှင့် ဆက်ဆံနေတာကို သိပ်ပြတ်ပြတ်မတားမြစ်ချေ။

၉။ ယခုနှစ်များတွင်း မြန်မာတပ် မဟာဗျူဟာ –

(က) ယခု ကျန်သူပုန်များနှင့် စေ့စပ်ရာတွင် အပစ်အခတ်ရပ်ရေးသာမက လက်နက်ချရေးပါ အပြတ်တောင်းဆိုလာ။ ၎င်းတို့တွင် တပ်အင်အားလည်းများစွာ ပိုလျှံနေပြီး လက်နက်ကြီးများအားလည်း များစွာဝယ်ယူထားနိုင်၍ ဒါကိုပြုပြီးခြိမ်းခြောက်။

(ခ) သူတို့ဟာ အနောက်နိုင်ငံများ အမေရိကန် ခြိမ်းခြောက်မှုနှင့် နယ်စပ်စစ်ပွဲခြိမ်းခြောက်မှုတို့အတွက် ပြင်ဆင်နိုင်ရန် ၁၉၄၉ အတွေ့အကြုံအရ လက်နက်ပစ္စည်းဝယ်မရဖြစ်ရခြင်း၊ တရုတ်မှ ခဲယမ်းလက်နက်များ အများအပြားဝယ်ယူသည်။ ယခင်က အနောက်နှင့်သင့်မြတ်စဉ်က နယ်ခြံ့ကျူးကျော်ရန်အတွက် လက်နက်ကြီးများ များစွာဝယ်ဖို့မလိုရာမှ ယခုပြင်ဆင်ရပြီဖြစ်၍ ခဲယမ်းလက်နက်ကြီးတွေ ဝယ်ယူရသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေအတွက် ဖိအားတွေကို တွန်းလှန်ခုခံရန် ပြင်ဆင်ရခြင်း ဖြစ်ပုံရသည်။ နယ်ခြံ့ရန်က တိုက်ရိုက်သို့မဟုတ် နယ်စပ်သူ့ဘက်တော်သားများက နှောက်ယှက်ခြိမ်းခြောက်မှုများကိုပါ ရင်ဆိုင်ရန် ဖြစ်ပုံရ။

(ဂ) မြန်မာတပ်ကိုယ်တိုင်က လူထုအုံကြွမှုကို ရှောင်ရှားရန် နယ်စပ်စစ်ပွဲဖြစ်ရေးနှင့် မြန်မာလူထုထောက်ခံမှုရအောင် လုပ်ရေးတို့လည်း ဖြစ်နိုင်။ ထို့ကြောင့်လက်နက်ကြီးများဝယ်။

(ဃ) နောက်တကြောင်းမှာ စစ်တပ်လွှမ်းမိုးနေဖို့၊ စစ်လုပ်ငန်းရှိနေဖို့ နယ်စပ်မငြိမ်ရေးလည်း အကြောင်းပြရန် နယ်စပ်တိုက်ပွဲငယ်တွေ ထိုးဆွနိုင်။

၁၀။ နောက် နဝတ မဟာဗျူဟာတခုတွင် စစ်တပ်များ တဖက်က တိုင်းပြည်ငြိမ်းချမ်းရေးဘက် ဦးတည်နေစဉ် စစ်အင်အား ၁၉၈၈ – ၈ လေးလုံးကာလက ၂သိန်းခန့်၊ ၁၉၉၃ – ၃သိန်းကျော် ယခု ၅ သိန်းကျော်ထိ ရည်ရွယ်ပြီး တိုးချဲ့နေသည်။ ဘာကြောင့်လဲ။

(က) အထက်ပါ နံပါတ် ၉ ပါအကြောင်းများကြောင့် ရင်ဆိုင်ရန်အတွက်လည်း ဖြစ်သည်။

(ခ) နေရာတကာ ထကြွလာနိုင်သည့် လူထုအုံကြွမှုကို အမြန်နိုင်နိုင်နင်းနင်း ဖိနှိပ်လိုက်နိုင်ရန်လည်းဖြစ်သည်။ မြို့တိုင်းလောက်တွင် တပ်စွဲနိုင်အောင် တပ်တွေကို တိုးချဲ့တာဖြစ်နိုင်။

(ဂ) တိုင်းပြည်တွင် အလုပ်လက်မဲ့ဦးရေသိပ်များနေရာ ဒါကို တစိတ်တပိုင်းဖြေရှင်းတဲ့အနေနှင့် သိမ်းသွင်းရန် ထုတ်လုပ်ရေးလုပ်ငန်းတွေ မရှိတဲ့အခါ အရွယ်ကောင်းလူငယ်တချို့ကို သိမ်းသွင်းယူခြင်းဖြစ်နိုင်။

(ဃ) အချုပ်အဖြစ်–

၁။ နယ်ခြံ့အန္တရာယ်၊ နယ်စပ်အန္တရာယ် – စစ်များကာကွယ်ရေး။

၂။ လူထုအုံကြွမှုအန္တရာယ် ကာကွယ်ရေး။

၃။ အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေး။

၄။ သူပုန်များ လက်နက်ချရေးတို့အတွက် တပ်တိုးချဲ့ခြင်းနှင့် ခေတ်မီလက်နက်တပ်ဆင်ခြင်းများ လုပ်လာခြင်းဖြစ်သည်။

## အပိုင်း (၂)

## မြန်မာ့တပ်မတော်၏ ထူးခြားချက်

---

၁။ သမိုင်းအရ သာမန်ကြေးစားတပ်သက်သက် မဟုတ်ခဲ့။ တိုင်းပြည်၏ နယ်ချဲ့နှင့် ဖက်ဆစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲတို့မှ ပေါက်ဖွားလာတဲ့ မျိုးချစ်ပြည်ချစ်စစ်တပ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ရန် ၁၉၄၁ ရဲဘော် သုံးကျိပ် ဂျပန်တွင် စစ်ပညာသင်ခဲ့။

၂။ ၂၆–၁၂–၁၉၄၁ တွင် ထိုင်း ဘန်ကောက်တွင် ဘီ–အိုင်–အေ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ဖွဲ့စည်းပြီး မြန်မာပြည်တွင်းသို့ ဂျပန်စစ်တပ်နှင့်အတူဝင်ပြီး အင်္ဂလိပ်ကိုတိုက်ဖို့ လုပ်ခဲ့။ ၁၉၄၁ ဇူလိုင် ၂၇ ရက်အင်္ဂလိပ် မြန်မာပြည်မှဆုတ်ခွာပြီးနောက်တွင် ဘီ–အိုင်–အေ တပ် လူသုံးသောင်းကျော် ဖြစ်လာရာက ဂျပန်က ပြန်လည်ဖွဲ့စည်းရန် အကြောင်းပြပြီး ခြေလျင်တပ်ရင်း ၃ ရင်းထိ ၃ ထောင်ကျော်ထိ

လျော့ချပြီး ဘီ – ဒီ – အေ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်သစ်ဖွဲ့ပြီးနောက် ခြေလျင်တပ်ရင်း ၇ ရင်းနှင့် အခြားထောက်ပံ့တပ်များပါ တဖြည်းဖြည်းထပ်ဖွဲ့။

၃။ ၂၇ – ၃ – ၁၉၄၅ ဂျပန်ဖက်ဆစ်တော်လှန်ရေး စတင်ပြီး ဂျပန်ကိုမောင်းထုတ်ရာတွင် မဟာမိတ်အင်္ဂလိပ်တို့နှင့်ပေါင်းပြီး ထိရောက်စွာ ပါဝင်ခဲ့။ ဂျပန် ၂ သောင်းလောက် သုတ်သင်နိုင်ခဲ့ပြီး။

၄။ ၁၉၄၅ စက်တင်ဘာလောက်ကစပြီး အင်္ဂလိပ်တို့က အဓိကခြေလျင်တပ်ရင်း ၃ ရင်းကိုမူတည်ပြီး Burma Army သစ် စတင်ဖွဲ့စည်းခဲ့။ ထိုစဉ်က ဖဆပလ နှင့် CPB တို့က ဗမာ့လွတ်လပ်ရေးကို ငြိမ်းချမ်းစွာ ရယူနိုင်မည်ထင်ပြီး ဗြိတိသျှတပ်တွင်း သိမ်းသွင်းခြင်းကို ကန္ဒီစာချုပ်ဖြင့် လက်ခံလိုက်သည်။ အင်္ဂလိပ်တို့သည် ဗမာ့လွတ်လပ်ရေး၏ အမာခံအသဲနှလုံးကို အရင်ဖြိုခွဲရန် ကြိုးစားတာဖြစ်။

၅။ အထက်ပါတို့အရ အစဉ်အလာအရ ဗမာပြည်သူနှင့်အတူ နယ်ချဲ့ဖက်ဆစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲမှ ပေါက်ဖွားလာသော စစ်တပ်ဖြစ်သည်။ ယင်းကမှ ကြေးစားတပ်အဖြစ် ပြောင်းလာကြသည်။

၆။ ကြေးစားတပ်ဖြစ်လာပုံ

(က) ပထမဆုံးက ဗမာပြည်ဆိုရှယ်လစ်ပါတီမှ ဆိုရှယ်လစ်များက ဗမာပြည်ကွန်မြူနစ်ပါတီကို တောတွင်းမောင်းထုတ်သဖြင့် တပ်တွင်းရှိ ကွန်မြူနစ်တချို့ တောခိုရခြင်းနှင့် အချို့ဖမ်းဆီးဖယ်ရှားခြင်း ခံရခြင်းတို့ ဖြစ်ပျက်ခဲ့။ တပ်တွင်းမူလအသံဖြစ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ကွန်မြူနစ်များ မဲ့သွားခြင်းဖြစ်။

(ခ) ဒုတိယမှာ တတပ်လုံးကြေးစားအဖြစ်နှင့် လက်ရှိလူထုဆန့်ကျင်ရေးတပ်အဖြစ် ရောက်လာစေမယ့် အသွင်ပြောင်းရန် ဗမာ့ပြည်တွင်းစစ်ပွဲကြီး အဓိကနယ်ချဲ့နှင့် ပြည်တွင်းဆိုရှယ်လစ်တို့ ဖန်တီးသော စစ်တွင်းသွင်းလိုက်ခြင်းဖြစ်သည်။ ယခုခေတ် ရုရှားတွင် ယဲ့လ်ဆင်က တပ်နီကို တော်လှန်တပ်စိတ်လျော့နည်းသွားအောင် ချက်ညာပြည်တွင်းစစ်ဖြင့် ဆိုင်းပေးသကဲ့သို့ နှစ် ၄၅ နှစ်ကျော်ကြာ ပြည်တွင်းစစ်တွင် နည်းနည်းမှ မအားမလပ်အသွင်းခံရခြင်းက သာမန်ကြေးစားတပ်အဖြစ်သာမက ပြည်သူကို ထောင်ချီပြီး ရက်ရက်စက်စက်သတ်ဖြတ်နိုင်တဲ့ ပြည်သူ့ဆန့်ကျင်ရေး လူသတ်စစ်ပွဲကို လုပ်ရဲတဲ့အထိ ဖြစ်လာစေသည်။ လူတန်းစား ဖိနှိပ်ရေးကိရိယာကြီးဖြစ်လာစေသည်။ ပြည်တွင်းစစ်တွင် ဆိုရှယ်လစ်ကြေးစားတပ်မှူးကြီးငယ်တို့၏ ဦးဆောင်မှုဖြင့် ကျေးလက်များတွင် ရွာသားတွေရွာတွေကို ရက်ရက်စက်စက်ဖျက်ဆီးသတ်ဖြတ်ရေးတွေ လုပ်စေခြင်းဖြင့် နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်တပ်အဖြစ်မှ လျော့ကျစေခဲ့သည်။ ပြည်သူနှင့် ကွန်မြူနစ်ဆန့်ကျင် သတ်ဖြတ်ရေး လက်နက်ကိုင်တပ်ကြီး ဖြစ်လာခဲ့သည်။

၇။ ထို့ကြောင့် စစ်အုပ်စုက စစ်တပ်ကို အပြင်သဏ္ဍာန်အားဖြင့် ယခင်နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲဝင် ဖက်ဆစ်တော်လှန်ရေးနှင့် တရုတ်ဖြူကျူးကျော်မှု တိုက်ပွဲများဖြတ်သန်းလာသည့် အစဉ်အလာတွေကို ထိန်းသိမ်းသွတ်သွင်းပြီး ပြည်သူ့တွင်းလည်း ဝါဒဖြန့်ပေးပြီး တကယ့်အတွင်းသဏ္ဍာန်က ပြည်သူ့ဆန့်ကျင်ဖိနှိပ်ရေး ကိရိယာအဖြစ် အသုံးတော်ခံစေခဲ့သည်။ စစ်အုပ်စုက သူ့စစ်တပ်၏ စိတ်ဓာတ်ကို နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲဝင် အစဉ်အလာစိတ်ဓာတ်သွင်းထားသည်။ ယင်းစိတ်ဓာတ်ဟာ တပ်ရဲ့စည်းကမ်းကောင်းရေးနှင့် တည်ငြိမ်စည်းလုံးရေးကို အဓိကအခြေခံ အကျိုးပြုချက်ကြီးဖြစ်သည်။ မဆလ ခေတ်နှင့် နောက်ဆုံး ရှစ်လေးလုံးကိစ္စကြောင့် ပြည်သူက ပြတ်သားစွာ ဆန့်ကျင်ခြင်းခံရပြီး နောက်တချီအုံကြွမှု ထပ်ဖြစ်ရင် တပ်ပါပြိုအက်လာမှာ စိုးရသည်။

၈။ စစ်တပ်တွင်း ပုဂ္ဂလိကစီးပွားရေးကို အဓိကဗိုလ်နေဝင်းတဦးတည်းသာ ထင်သလိုချယ်လှယ်ကိုင်စွဲနိုင်ပြီး ထိပ်တန်းဆိုရှယ်လစ် အကြီးအကဲတချို့သာ စားသောက်နိုင်ခဲ့ပြီး ဗိုလ်နေဝင်းက တင်းကျပ်စွာကိုင်တွယ်လို့ စီးပွားရေးသောင်းကျန်းမှု အလွန်နည်းခဲ့။ သို့သော် ယခု ၁၉၈၈ နောက် နဝတ ခေတ်တွင် တပ်မှူးတချို့ကို ဆွဲဆောင်နိုင်ရန် စားသောက်ခွင့်တွေ ပေးခဲ့သဖြင့် ၁၉၉၀ နောက်ပိုင်းခေတ်တွင် စစ်တပ်တွင်း အတော်များများ ကြီး၊ လတ်၊ ငယ် အထူးသဖြင့် စစ်တပ်တွင်းအကြီးပိုင်းတွေရဲ့ စားသောက်မှုကြီးတွေ အလွန်များပြားလာ။ ယင်းသည် စစ်တပ်တွင်း ယိုယွင်းမှု အတော်ဖြစ်စေတာတွေ့ရ။ စောစောပိုင်းက မိမိရာထူးတိုးတက်ရေးအတွက်သာ အဓိကဖြစ်။ စီးပွားရေး မရှိသလောက်ဖြစ်။

၉။ ၁၉၉၀ ထိ တပ်တွင် စားသောက်ခွင့်မပေးဘဲ ရာထူးတွေသာ ရေစီးသလိုတိုးပေးပြီး ခန့်ထားရသည်။ နောက်ထူးခြားချက်မှာ ခွာရာတိုင်းမှာ စိုးလို့ ခေါင်းဆောင်မှု စုစည်းလာမှာစိုးလို့ ရာထူးတွေသာတိုးပေးပြီး တနေရာမှာ ကြာကြာမထား၊ ရာထူးမြင့်လာရင် ဘေးဖယ်၊ အခြားနေရာတွေပေးလိုက်။ ထို့ကြောင့် စစ်တပ်မှာ အတွေ့အကြုံအရ တပ်မှူးကောင်းတွေသာရှိပြီး စစ်ခေါင်းဆောင်ကောင်း မပေါ်ပေါက်အောင်လုပ်ထားသည်။ ထို့ကြောင့် တပ်စည်းလုံးရေးလည်း ထိခိုက်ပြီး စစ်တပ်ခေတ်မီကြံ့ခိုင်ရေး၊ စည်းကမ်းတို့ကိုပါ ထိခိုက်စေပြီး ကြေးစားစိတ်ကို ပိုတိုးစေသည်။

၁၀။ နောက်စစ်တပ်ထူးခြားချက်တွင် မြန်မာစစ်ဗိုလ်များမှာ အခြားအာရှနိုင်ငံ အရင်းရှင်တပ်တွေနှင့်မတူတာက မြေရှင်၊ အရင်းရှင်အရာရှိကြီး သားသမီးများ အလွန်နည်းပါးစွာသာရှိပြီး မရှိသလောက်ဖြစ်။ မြေရှင်ကြီးများ မရှိသလောက်ဖြစ်ခဲ့။ အရင်းရှင်ကြီးများလည်း တရားဝင် နည်းပါးလှသည်။ ထို့ကြောင့် စစ်ဗိုလ်များမှာ သာမန်ဓနရှင်ပေါက်စ အလတ်နှင့်အငယ်စားများမှ အခြေခံပညာ အသင့်အတင့်ရှိသူတွေ အဓိကဖြစ်သည်။ ထို့ကြောင့် သာမန်မရနိုင်သည့် ရာထူးစည်းစိမ်ဖြစ်၍ အလွန်ကျေနပ်နေပြီး ပိုပြီးအဆင်းရဲခံနိုင် ပိုစွန့်လွှတ်နိုင်မှုလည်းရှိ၊ ရဲရင့်မှုလည်းရှိ၊ အောက်ခြေတပ်သားများနှင့်လည်း ပိုနီးစပ်မှုရှိသည်။ ထို့ကြောင့် ခဲရာခဲဆစ် ပြောက်ကျားများကို လိုက်တိုက်ရာတွင် ပိုဆင်းရဲဒုက္ခခံနိုင်၍ ပိုပြီးထိရောက်လှသည်။ ၎င်းလူတန်းစားမှာ တော်လှန်ရေးက အလွန်အပေါ်စီးရနေလျှင် ပြောင်းလဲနိုင်သော်လည်း ပြောင်းလဲရန် အလားအလာ အားနည်းသည့်ကာလတွင် များစွာအသုံးဝင်ပေသည်။ ထို့ကြောင့် ထိုစစ်တပ်၏ အဓိကထူးခြားချက်တခုမှာ လူတန်းစားအရ စစ်ဗိုလ်များဟာ မြေရှင်အရင်းရှင်အရာရှိကြီး သားသမီးမရှိသလောက် အလွန်နည်းပြီး ဓနရှင်ပေါက်စ အလတ်စားများ၏ သားသမီးများက လွှမ်းခြုံထားသဖြင့် တိုက်ခိုက်ရေးအရည်အချင်းကောင်းမွန်သည်။ မိမိလူတန်းစားထက် မြင့်တဲ့ရာထူး စည်းစိမ်မက်လုံးများကြောင့် ကြိုးစားအားထုတ်ကြသည်။ ထို့ကြောင့် တပ်တည်ငြိမ်စည်းလုံးမှုကိုလည်း ဖြစ်စေသည်။ ယင်းကဲ့သို့ လူတန်းစားအရ ဖြစ်နေခြင်းသည် အဓိကထူးခြားချက်ကြီးတခု ဖြစ်နေပြီး စစ်တပ်၏ကောင်းမွန်သော အခြေခံကြီးတရပ်လည်း ဖြစ်နေသည်။ သို့သော်လည်း ယခု ရှစ်လေးလုံးကာလလွန်ပြီးနောက်တွင် စစ်တပ်တွင်း စစ်အရာရှိကြီးများ၏ သားများနှင့် အချို့စစ်အုပ်စုနှင့် အလွန်နီးစပ်သူများ၏ သားများ တပ်တွင်းအရာရှိများ ဖြစ်လာပြီး ၎င်းတို့ကို အရေးပါသော နောက်မျိုးဆက်သစ် အမာခံအဖြစ် မွေးမြူပြီး တပ်တွင်းအရေးပါသော အချက်အချာနေရာအချို့ကို ပေးထားလာသည်။ ၎င်းတို့၏သမီးအချို့လည်း သူတို့၏မျိုးဆက်သစ်ဖြစ်နိုင်သော ဓနရှင်ပေါက်စတပ်မှူးတချို့နှင့် ပေးစားလက်ထပ်ပေးပြီး သိမ်းသွင်းမှုလည်းတွေ့ရသည်။ ၎င်းတို့သည် စစ်တပ်အရာရှိကြီးများ၏ သားသမီးများလည်းဖြစ်သည်။ တချိန်တည်း အချို့မှာ စီးပွားရေးအရ ပွထားသောမိဘများ၊ အရင်းရှင်ကြီးများ၏ သားသမီးများလည်းဖြစ်နေသည်။ ၎င်းတို့စစ်တပ်တွင်း ရှိလာပြီဖြစ်သော်လည်း အဓိကလွှမ်းမိုးမှုမှာ ဓနရှင်ပေါက်စ သားသမီးများဖြစ်သည်။

၁၁။ ၎င်းစစ်တပ်သည် စည်းကမ်းအတော်ကောင်းသောတပ်ဖြစ်သည်။ ယင်းသည်–

(က) နယ်ချဲ့ဆန့်ကျင်ရေးလွတ်လပ်ရေး အစဉ်အလာစိတ်၊ တော်လှန်ရေးအစဉ်အလာစိတ်ကို သွင်းထားနိုင်ခြင်း အဓိကတခုဖြစ်သည်။

(ခ) ဗိုလ်နေဝင်းခေတ်တလျှောက်လုံး တပ်တွင်းပုဂ္ဂိုလ်အရ စီးပွားရေးသောင်းကျန်းမှုမရှိအောင် ထိန်းထားနိုင်၊ ယခုအထိ အောက်ခြေအလယ်အလတ်အဆင့်တို့တွင် ထိန်းထားနိုင်ခြင်း။

(ဂ) နောက်အဓိကတခုမှာ အရာရှိအများစုမှာ ဓနရှင်ပေါက်စလူတန်းစား အလတ်နှင့်အနိမ့် ဦးစီးတဲ့တပ်ဖြစ်နေခြင်း နံပါတ် ၁၀ တွင် ဖော်ပြပြီးဖြစ်။

(ဃ) နောက်အရေးကြီးအကြောင်းတခုမှာ – ဗြိတိသျှတို့ထံမှရသည့် အမွေကောင်းဟုဆိုရမည့် စစ်တပ်တွင်းစည်းကမ်း ဥပဒေများ အပြည့်အစုံရရှိထားခြင်းဖြစ်သည်။ ဗြိတိသျှတို့မှာ ကိုလိုနီနယ်ချဲ့ဟာရစစ်တပ်များပါ ကိုင်တွယ်ဆက်ဆံလာရသော ရှည်လျားကျယ်ပြန့်သည့် အတွေ့အကြုံများပေါ် အခြေခံပြီး တပ်အုပ်ချုပ်ရေး စည်းကမ်းဥပဒေများ အနှံ့အပြားကျယ်ပြန့်စွာ အသေးအမွှားကစပြီး တီထွင်တည်ဆောက်ထားရာ မြန်မာတပ်လည်း ထိုအမွေကိုရခဲ့သဖြင့် စည်းကမ်းများကို ယခင်တော်လှန်ရေးအစဉ်အလာ စိတ်ဓာတ်ဖြင့်

ထိန်းသိမ်းနိုင်ရုံမက ဗြိတိသျှတို့၏ ကျယ်ပြန့်ပြည့်စုံသော ကြေးစားတပ်စည်းကမ်းဥပဒေများပါ အခြေခံပြီးကိုင်တွယ်နိုင်သဖြင့် စစ်တပ်စည်းကမ်းကောင်းရေး ဒေါက်တိုင်ကြီးတခု ဖြစ်လာတော့သည်။

(င) ဗိုလ်နေဝင်းမှာ သူသာလျှင် ယိုယွင်းပျက်စီးသော်လည်း စစ်တပ်ကိုကိုင်တွယ်ရာတွင် တတ်နိုင်သလောက် စည်းကမ်းအတိုင်း ထိန်းသိမ်းခဲ့သည်။ တဖက်က သူလူမွေးပြီး မျက်နှာသာပေးမှုတွေရှိပြီး မလိုသူတွေကို ဖြုတ် – ထုတ် တွေ ရှိသော်လည်း တဖက်ကစည်းကမ်းကို ထိန်းသည်။ စည်းကမ်းသေဝပ်ရေးကို ဂရုပြု၏။ နောက်တချို့လူကြီးများ အမှားကျူးလွန်မှုများရှိရာ ထိုသူတွေထဲမှ တချို့ကိုအရေးမယူခြင်း၊ ထုတ်ပစ်ခြင်းမပြုဘဲ ထိုအရာများကိုပြ ခြိမ်းခြောက်ပြီး သူကြိုက်သလိုဆက်ပြီး ကာလတချို့အထိ ငြိမ်ဝပ်စွာကိုင်တွယ် သွားသည်လည်း ရှိသည်။

(စ) တပ်တွင်းတွင် အောက်ခြေအကြပ်တပ်သားများက အထက်အရာရှိကြီးများ ဖြစ်နိုင်သော ရာထူးတိုးတက်ရေးမက်လုံးတွေ ပေးထားဖန်တီးထားခြင်းဖြင့် မိမိကြီးပွားလိုသော စိတ်မက်လုံးကို ပေးထားနိုင်ခြင်း၊ အထက်ပါအကြောင်းများကြောင့် စစ်တပ်သည် စည်းကမ်းအတော်အသင့် တည်ငြိမ်ကောင်းမွန်သောတပ် ဖြစ်နေခြင်း။

၁၂။ နဝတ စစ်တပ်သည် နိုင်းယှဉ်ချက်အရ တိုက်ပွဲများတွင် အတော်အတန်အထိအခိုက် အကျအဆုံးခံနိုင်သော စစ်တပ်ဖြစ်နေပေသည်။ ဒီစစ်တပ်သည် စောစောပိုင်း ၁၉၄၉ – ၆၀ ခန့်က တိုက်ပွဲများတွင် တိုက်ပွဲဝင်သူ၏ ၁၀ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းလောက် ထိခိုက်ကျဆုံးသွားလျှင် တိုက်စိတ်ခိုက်စိတ်စိတ်ဓာတ် ဒူးထိလောက်အောင် ကျဆင်းတတ်ပြီး ထိုတပ်ပြန်နာလန်ထူအောင် နှစ်အချို့ အခြားသက်သာသော တာဝန်တွေပေးပြီး ကြိုးစားခဲ့ရသော်လည်း ၁၉၆၀ ကျော် အထူးသဖြင့် ၁၉၇၀ ကျော်နှစ်များတွင် ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းထိ ကျဆုံးထိခိုက်သည့်တိုင် တပ်အတော်များများမှာ တိုက်စိတ်ခိုက်စိတ်မကျတတ်သေးဘဲ ဆက်ပြီးတာဝန်ယူနိုင်သည်အထိ အကျအဆုံးခံနိုင်လာသည်။ ယင်းမှာ အဓိကအားဖြင့် အတွေ့အကြုံရင့်ကျက်လာခြင်းနှင့် အထက် နံပါတ် ၁၀ တွင်ဖော်ပြထားသည့်အတိုင်း စည်းကမ်းနှင့် မက်လုံးများကြောင့်လည်း ဖြစ်ဟန်ရှိသည်။

၁၃။ နဝတ စစ်တပ်သည် တလျှောက်လုံး နိုင်ငံခြားနယ်ချဲ့ရန်ကာကွယ်ရေးအတွက် မရည်ရွယ်ဘဲ ပြည်တွင်းစစ်သာ ဦးတည်ထားသဖြင့် နိုင်ငံခြားနှင့်ယှဉ်နိုင်ရန် ခေတ်မီလက်နက်ပစ္စည်းများ မတပ်ဆင်၊ သံချပ်ကာ အမြောက်တပ်၊ ဒုံးပျံတပ်၊ အင်ဂျင်နီယာတပ်၊ လေတပ်၊ ရေတပ်တို့ကို ကျကျနနမတပ်ဆင်၊ ခြေလျင်တပ်သာ အဓိကတပ်ဆင်ထားသည်။ တည်ဆောက်ထားသည်။ အကြောင်းမှာ–

(က) နယ်ချဲ့နိုင်ငံအများနှင့် စေ့စပ်လိုက်လျောထားပြီး

(ခ) အဓိကမှာ မိမိအာဏာတည်မြဲရေးအတွက် ပြည်တွင်းစစ်မှာသာ ကွန်မြူနစ်တို့နှင့် လုံးပန်းတိုက်ခိုက်နေသည်။

(ဂ) ပြည်သူလူထုနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကြောင့် နယ်ချဲ့အကူမယူလိုခြင်း၊ နောက်ကြားနေရေး ဘက်မလိုက်ရေး မျက်နှာဖုံးတပ်ထားရခြင်း နောက်နယ်ချဲ့လည်းကြောက်ရ ဆိုရှယ်လစ်နိုင်ငံများရဲ့အကူလည်း မယူရဲ။

(ဃ) မိမိအောက်လူများက ပြန်၍လုပ်ကြံလျှင် လွယ်ကူမှာလည်း စိုးရသေးဟန်ရှိ။

(င) နောက် ကိုယ်ပိုင်ငွေကြေးဘတ်ဂျက်လည်း မတတ်နိုင်၍ မိမိအာဏာတည်မြဲရေးအတွက် လက်ရှိပြည်တွင်းစစ်ကိုသာ ဖိရမှာမို့ ယင်းအတွက်ပိုပြီး လိုအပ်သည့် ခြေလျင်တပ်သာ အဓိကထားပြီး ဖွဲ့ခဲ့ရသည်။ ထိုသို့တပ်ဖွဲ့ရာတွင် စောစောပိုင်းက ခြေလျင်တပ်များပင် များများမဖွဲ့နိုင်ကြ။ နောက်ကွန်မြူနစ်ဘက် ယိမ်းယိုင်စိတ်ကိုဆွဲဆောင်နိုင်ရန် တဖက်ကဖိနှိပ်ရုံမက တဖက်ကလည်း တိုင်းပြည်စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ဘက်တွေမှာ တိုးတက်တည်ဆောက်ရေးအတွက်ရော ဒါတွေကိုဝါဒဖြန့်ရေးအတွက်ရော ငွေအားသုံးရ၍ စစ်ဘတ်ဂျက်ကို သာမန်ထက် ၃၀ ရာခိုင်နှုန်းထက်ပို၍ အလွန်အကျွံမသုံးရဲပေ။ သို့သော် ရှစ်လေးလုံးပြီးနောက် နယ်ချဲ့တို့ဖြင့် စေ့စပ်လိုသော်လည်း ဒေါ်အောင်ဆန်းစုကြည်တို့နှင့် အာဏာခွဲဝေရေးထိ မစွန့်လို၍ နယ်ချဲ့နှောက်ယှက်မှုကို ရင်ဆိုင်နိုင်ရန် စစ်တပ်ကို မတတ်သာဘဲ မလုပ်ချင်လှသော တရုတ်နှင့်ဆက်ဆံပြီး လက်နက်ကြီးများနှင့် အတော်ခေတ်မီအောင် ဈေးပေါပေါဖြင့် ဝယ်ယူတပ်ဆင်လာသည်။

မိမိတဦးတည်း အာဏာရှင်ဖြစ်လာ၍ ငွေကြေးအရလည်း ပြည်သူကို ထောက်ထားစရာ မလို၊ လက်နက်ကြီးတပ်များ ရေတပ်၊ လေတပ်များပါ မြှင့်တင်လာသည်။ တဖက်ကလည်း ပြည်သူများ၏ အုံကြွမှုကို အမြန်ချိုးနှိမ်နိုင်အောင် ခြေလျင်တပ်တွေလည်း တိုးချဲ့ရသည်။

ထို့ကြောင့် နဝတ တပ်ဟာ ရှစ်လေးလုံးကာလက ကြည်း–ရေ–လေ အမြဲတမ်းတပ် တသိန်းကိုးသောင်း နှစ်သိန်းနီးပါးရှိရာက ယခု ၁၉၉၅ – ၉၆ တွင် နှစ်ဆလောက် လေးသိန်းကျော်ထိ တိုးချဲ့ခဲ့။ ငါးသိန်းထိလည်း တိုးချဲ့မည်ဟုလည်း ဆိုထားသည်။

ထို့ကြောင့် ၁၉၈၈ လောက်အထိ လုံးဝခေတ်မမီ၊ ခြေလျင်တပ်အဓိကမှ ယခု ၁၉၉၅ – ၉၆ တွင် အသင့်အတင့် ခေတ်မီလာသည်။ ခေတ်မီစစ်ပညာကိုလည်း တရုတ်များထံက အထက်တန်းစစ်ရာထူးကြီး သင်တန်းများတက်စေပြီး အတော်အတန်ခေတ်မီရေးကို ဦးတည်လာသည်။

သို့ရာတွင် နဝတ တပ်၏ စိတ်ဓာတ်မှာ ယခင် ရှစ်လေးလုံးမတိုင်မီကလောက် စိတ်ဓာတ်မကောင်းတော့ပေ။ အဓိကအကြောင်းက ပြည်သူတို့၏ စစ်တပ်အပေါ် မုန်းတီးရွံရှာမှုအတွက် စိတ်ထိခိုက်မှု၊ နောက် ၁၉၈၉ CPB ပြိုပြီးနောက် အစိုးရက အပစ်အခတ်ရပ်ရေး၊ ငြိမ်းချမ်းရေး ရေးရှုလာသည်။ နောက်ကမ္ဘာနှင့်ချီသော ငြိမ်းချမ်းရေးစိတ်ဓာတ် ရိုက်ခတ်မှုလည်း ရှိလာနေ၍ ငြိမ်းချမ်းရေးစိတ်လွှမ်းလာပြီး တိုက်စိတ်ခိုက်စိတ် လျော့နည်းလာကြဟန်လည်းရှိသည်။ သို့သော်လည်း စစ်တပ်ဟာ ခေတ်မီတပ်ကြီး မဖြစ်သေး။ ခေတ်မီစစ်ပညာများ မတတ်မြောက်သေး။ ခေတ်မီစစ်ပွဲအတွေ့အကြုံ မရှိသေးပေ။ နောက် ဗိုလ်နေဝင်း သေခါနီးလာလေ တပ်တွင်းဂိုဏ်းဂန အုပ်စုအာဏာ၊ စီးပွားရေး၊ နိုင်ငံရေး ကွဲပြဲရေးများ ခေါင်းပြူလာ။ အဓိကတပ်တွင်း စီးပွားရေးသမားအချို့၏ အနောက်ဘက်ယိမ်းမှုနှင့် အာဏာဆက်ထိန်းထားလိုသူတို့က တရုတ်နှင့်တွဲလိုမှုဟာ ဂိုဏ်းသဘောအစပြုနေပြီဟု ထင်ရသည်။

၁၄။ နဝတ၏ ထူးခြားမှုတရပ်မှာ ယခုထိ ယင်းတပ်တွင် နယ်ချဲ့နိုင်ငံများ၏ ဂိုဏ်းအဖွဲ့များမရှိသေးဟု ယူဆရခြင်းဖြစ်သည်။ ထိုကိစ္စ ဗိုလ်နေဝင်းက တဦးတည်းသာ နယ်ချဲ့နိုင်ငံများနှင့်ဆက်ဆံရေးကို လက်ဝါးကြီးအုပ်ထားပြီး ထိုသို့ဂိုဏ်းဖွဲ့လိုသူတို့ကို ဗိုလ်နေဝင်းက ကာကွယ်နှိမ်နင်းနိုင်ခဲ့သည်။ ဗိုလ်နေဝင်းသည် ပထမ ၁၉၇၀ ကျော်အထိ ဗြိတိသျှတို့၏ လက်ကိုင်တုတ်၊ ဗြိတိသျှဘက်သားဖြစ်ခဲ့ပြီး နောက်အတွေ့အကြုံအရ ဂျာမဏီ၊ ဂျပန်၊ တရုတ်တို့နှင့်ပါ ဆက်ဆံလာခဲ့သည်။ အမေရိကန်နှင့်လည်း ပဋိပက္ခမကြီးအောင် ထိန်းထားခဲ့။ တဦးတည်း၏ တပည့်အဖြစ်မခံ။ ဖိလစ်ပိုင် မားကို့စ် ဟာ အမေရိကန်တဦးတည်း၏ တပည့်ဖြစ်ခဲ့ပြီး အမေရိကန်က လူပြောင်းလိုတဲ့အခါ ထွက်ပေးရသည်။ ဗိုလ်နေဝင်းက တပည့်ပြောင်းမခံ။ ဆရာသာပြောင်းဆက်ဆံသည်။ သူ၏ထူးချွန်မှုဖြစ်သည်။ တရုတ်နှင့်ဆက်ဆံရေးကိုလည်း အလွန်သည်းခံစောင့်ဆိုင်းပြီး ရေရှည်ဆက်ဆံရေး မပျက်အောင် ကြိုးစားခဲ့သည်။

ဗိုလ်မှူးချုပ်မောင်မောင်တို့ဂိုဏ်းကို တပ်ကထုတ်ပယ်ရခြင်း၏ အဓိကအကြောင်းမှာ ၎င်းဗိုလ်မောင်မောင်သည် အမေရိကန်နှင့်ပေါင်းပြီး ဗိုလ်နေဝင်းနှင့်တကွ အစိုးရကိုပါ စစ်အာဏာသိမ်းဖို့ ကြိုးစားကြံစည်နေမှု ပေါက်ကြားသိရှိလာရ၍ ထုတ်ပယ်ခြင်းဖြစ်သည်။ ဗိုလ်အောင်ကြီးကို တပ်မှထုတ်ရခြင်းအကြောင်းမှာလည်း တခြားအကြောင်းတွေရှိ။ ၁၉၆၀ ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီပြုတ်သွားပြီးသော်လည်း ဗိုလ်အောင်ကြီးမှာ တပ်တွင် ဗိုလ်နေဝင်းအပေါ်လည်းကောင်း၊ တခြားလူတွေအပေါ်တွင်လည်းကောင်း ဆက်ဆံရေး မပြောင်းဘဲ ယခင်ဆိုရှယ်လစ်ပါတီအစိုးရ၏ ကိုယ်စားလှယ်လို ဆက်လက်ဗိုလ်ကျဆက်ဆံခြင်း၊ ဦးနုက ဗိုလ်နေဝင်းကို ပုန်ကန်တိုက်ခိုက်ရန် နိုင်ငံခြားထွက်ခြင်းကို သိလျက်နှင့် သတင်းမပို့ခြင်း စသည်တို့။ နောက်တကြောင်းမှာ ဂျပန်နှင့်ရင်းနီးလွန်းခြင်းတို့ကြောင့် ဖြုတ်ထုတ်ရခြင်းဖြစ်သည်။ အချုပ်အားဖြင့် ဗိုလ်နေဝင်းဟာ စစ်တပ်တွင်းက အခြားနိုင်ငံတွေနှင့် ဂိုဏ်းဖွဲ့ခြင်းကို သူကိုယ်တိုင်မှတပါး အခြားမရှိအောင် ထိန်းသိမ်းခဲ့သည်။ အမေရိကန်သည် တပ်တွင်းဂိုဏ်းဖွဲ့နိုင်ရေးအတွက် အလွန်ကြိုးစားမည်ထင်ရသည်။ ၁၉၉၀ နောက်ပိုင်း ပိုကြိုးစားမည်ထင်ရသည်။ ဘယ်မျှခရီးပေါက်သည် မသိရပေ။ သိပ်ပေါက်မည်တော့ မထင်။ အကြောင်းတရပ်မှာ တိုင်းပြည်၏ နယ်ချဲ့ဆန့်ကျင်ရေးဂယက် စိတ်ဓာတ်မှာ တပ်ကိုရိုက်ခတ်၊ နဂိုမူလကအစဉ်အလာအရ တပ်မှာလည်း ဒီစိတ်ဓာတ်သွင်းထား။ အမေရိကန်ကလည်း ကမ္ဘာကပါ ဆန့်ကျင်ခံနေရ၍ အမေရိကန်အနေနှင့် ဂိုဏ်းဖွဲ့ရေး သိပ်မလွယ်ပေ။ ထို့ကြောင့် နဝတ စစ်တပ်တွင် နယ်ချဲ့ဂိုဏ်းဖွဲ့ထားနိုင်မှု မရှိသေးဟု ယူဆရသည်။ သို့သော် တပ်တွင်းတွင် ထိပ်သီးတချို့ ငွေကြေးစားခွင့်ရပြီး ယခင်နှင့်မတူ အတော်ကြီးချမ်းသာလာသူတချို့ ရှိလာသည်။

ဂိုဏ်းအဖွဲ့များ ဖြစ်လာနိုင်သည်။ ထိုဂိုဏ်းများ မိမိတို့အခြေအနေရပ်တည်ရေးအတွက် အမေရိကန်နှင့် ဂိုဏ်းဖွဲ့ခြေများ ဖြစ်လာနိုင်သည်။ တရုတ်နှင့်ပေါင်းပြီး မိမိအာဏာဆက်ကိုင်ထားလိုသူ ဗိုလ်နေဝင်းဂိုဏ်းနှင့် တပ်တွင်းဂိုဏ်းတိုက်ပွဲ ရှိလာနိုင်သည့် အလားအလာလည်း ရှိသည်။

၁၅။ ဗိုလ်နေဝင်းသည် တပ်တွင်းနယ်ချဲ့ဂိုဏ်း မဖွဲ့နိုင်အောင် အစဉ်ထိန်းသိမ်းထားသလို တပ်တွင်း၌ ၎င်းကိုဆန့်ကျင်သည့် ဂိုဏ်းမပေါ်အောင် အမြဲသတိနှင့် ထိန်းသိမ်းခဲ့သည်။ ထိုအလားအလာ ဂိုဏ်းအစအနများကို တဖြည်းဖြည်းနည်းပေါင်းစုံဖြင့် နှိမ်နင်းပစ်သည်။

၁၆။ ဗိုလ်နေဝင်းက စစ်တပ်ကို သူ့ဩဇာကိုင် သူပိုင်စစ်တပ်ဖြစ်အောင် ကြိုးစားပုံ။

(က) ပထမအဆင့်။ ဗမာပြည်တွင်လွတ်လပ်ရေးရပြီးနောက် ဆိုရှယ်လစ်ပါတီအဖြစ်ခံယူပြီး ဆိုရှယ်လစ်များဖြင့် နယ်ချဲ့ဖက်ဆစ်တော်လှန်ရေးအစဉ်အလာရှိသော စစ်တပ်ကို အတွင်းသဏ္ဍာန်အားဖြင့် ကြေးစားတပ်ဖြစ်အောင် ပူးပေါင်းလုပ်ကြံခဲ့ကြသည်။

(ခ) တပ်မှူးကြီးငယ်ထဲမှ ကွန်မြူနစ်စိတ်ရှိသူ၊ မျိုးချစ်စိတ်ပြင်းထန်သူများကို တဖြည်းဖြည်းအကြောင်းရှာပြီး ထုတ်ပယ်ပစ်ခြင်း။

(ဂ) ကွန်မြူနစ်စိတ်လည်း သိပ်မရှိ၊ ဆိုရှယ်လစ်ပါတီဝင်အဖြစ်လည်း မလုပ်သေးသူ၊ လုပ်သော်လည်း သိပ်ထင်ထင်ရှားရှား မလုပ်သူ၊ အဓိက မျိုးချစ်စိတ် အသင့်အတင့်ရှိသူတို့ကို ဗိုလ်နေဝင်းက ရာထူးဌာနန္တရတွေပေးပြီး နိုင်ငံရေးအရလည်း ဆိုရှယ်လစ်ပါတီ တည်မြဲကို ဆန့်ကျင်ပြီး တိုင်းပြည်ကို တကယ့်ဆိုရှယ်လစ်နိုင်ငံအဖြစ် တည်ထောင်မည့်ဟန် စည်းရုံးပြီး သူ့ဘက်သားများအဖြစ် မွေးမြူနေရာပေး ထိန်းသိမ်းလိုက်ခြင်း။

(ဃ) စတုတ္ထမှာ အကြီးဆုံးဖြစ်သည်။ ၎င်းမှာ တပ်တွင်း၌ လူဟောင်းအများစုအထက်၊ အလတ်သည် ဗိုလ်နေဝင်းအကြောင်း သိကြတာများသည်။ သူသည် တကယ့်မျိုးချစ်ပြည်ချစ်စိတ်ရှိသူ မဟုတ်။ အခွင့်အရေးသမားကြီး ဖြစ်သည်ဆိုသည်ကိုလည်းကောင်း၊ စစ်နှင့်ပတ်သက်၍လည်း ရာထူးကြီးများသာ ယူထားသော်လည်း ဘာမျှတတ်မြောက်ခြင်းမရှိ၊ ထက်ထက်မြက်မြက်မရှိ၊ ကြိုးစားအားထုတ်မှုလည်းမရှိ ဆိုသည်ကိုလည်းကောင်း၊ စစ်တပ်အတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း ကောင်းအောင်လုပ်လိုစိတ်လည်းမရှိ လုပ်နိုင်သော အရည်အချင်းလည်းမရှိ ဆိုသည်ကိုလည်းကောင်း၊ အဆိုးဆုံးမှာ အပျော်အပါးလိုက်၍ အကျင့်စာရိတ္တ ပျက်ပြားသူသာ ဖြစ်ကြောင်းကိုလည်းကောင်း သိထားကြပါသည်။

စစ်တပ်နှင့် တိုင်းပြည်ကောင်းရေးအတွက် ဘာမျှော်လင့်ချက်မှမရှိသူဟု သတ်မှတ်ကြပြီး သူ၏အကျင့်စာရိတ္တ မထိန်းသိမ်းနိုင်မှု အပေါ်မှာလည်း အထင်အမြင်သေးကြပါသည်။ တကယ်တော့ သူတို့သည် ဗိုလ်နေဝင်းအပေါ် အဆိုးမြင်တခုတည်းသာ ကြည့်မြင် ကြသည်။ ဗိုလ်နေဝင်းသည် မိမိကိုယ်ကျိုးအတွက်ဆိုလျှင် ဘယ်ကိစ္စကိုမဆို ဘယ်သူ့ကိုမဆို မထောက်မထား ရက်ရက်စက်စက်လုပ်ရဲသူ၊ လုပ်နိုင်သူ ဖြစ်ကြောင်းကို မမြင်ကြ။ အမှန်က ဗိုလ်နေဝင်းသည် အခြေအနေအခွင့်ကောင်းတွေကို ကြည့်မြင်တတ်ပြီး ရသည့်အခွင့်အရေး တွေကို တလှမ်းခြင်းပြောင်းလဲ ရယူခဲ့ခြင်းဖြစ်သည်။

ပထမ – သခင်ဗစိန်ဂိုဏ်းမှနေ၍ ဗိုလ်ချုပ်အောင်ဆန်းကို အလွန်လေးစားဟန်ပြ၍ ရဲဘော်သုံးကျိပ်တွင်း နေရာရအောင်ယူခဲ့သည်။

ဒုတိယ – ဗိုလ်ချုပ်ကျဆုံးပြီးနောက် ဖဆပလ ဆိုရှယ်လစ်ပါတီ အာဏာရလာသောအခါ ဆိုရှယ်လစ်ခေါင်းဆောင်အဖြစ် ခံယူခဲ့သည်။ ဆိုရှယ်လစ်ပါတီကလည်း စစ်တပ်ကိုသူလွှမ်းမိုးနိုင်အောင် ကြိုးပမ်းပေးခဲ့သည်။

တတိယ – လူထုက ဆိုရှယ်လစ်ပါတီ တည်မြဲကို စွန့်လွှတ်လိုက်သောအခါ ၁၉၆၀ ရွေးကောက်ပွဲ၊ ဆိုရှယ်လစ်မဟုတ်ခဲ့သလို၊ ဆိုရှယ်လစ်များနှင့် ခွာလိုက်ပြီး တပ်တွင်းက ဆိုရှယ်လစ်တပ်မှူးကြီးများ ထုတ်ပစ်ခြင်း၊ တပ်တွင်းက ကြားလူတချို့ကိုကိုင်ကာ စစ်တပ်ကိုထိန်းခဲ့သည်။ နောက်ဆုံး စစ်တပ်အပေါ် လုံးဝအာဏာဩဇာလွှမ်းလာအောင်လုပ်ပုံမှာ သူ့အပေါ်အကောင်းမမြင်၊ အထင်မကြီးသည့် တပ်မှူးဟောင်းများကို နည်းသဏ္ဍာန်ပေါင်းစုံဖြင့် ဖယ်ရှားပြီး အရပ်ဘက် ရာထူးကြီးများ အထူးသဖြင့် သံတမန်ပေးပြောင်း။ သူ့အကြောင်း သိပ်မသိသော တပ်မှူးငယ်များ လူငယ်မျိုးဆက်သစ်များကို ရေစီးသလိုရာထူးတွေတိုးပေးပြီး မွေးမြူခဲ့သည်။ ထိုလူငယ်မျိုးဆက်မှာ တော်လှန်ရေးများကိုလည်း မဖြတ်သန်းဖူး၊ ဗိုလ်နေဝင်းနှင့်လည်း အဆင့်အလွန်ကွာခြား၊ ရာထူးကြီးများကလည်း မတန်တဆတွေရထား စတဲ့အချက်များ

ကြောင့် အလွန်ကျေနပ်နှစ်သိမ့်ကြပြီး ဗိုလ်နေဝင်းအနေနှင့် ထိုဒုတိယမျိုးဆက် တပ်မှူးများမှတဆင့် တပ်ကိုကောင်းကောင်း ကိုင်တွယ်နိုင်ခဲ့သည်။ သူ့အတွက် အလွန်အကျိုးများစေခဲ့သည်။

ထို့ကြောင့် စစ်တပ်တွင် ဗိုလ်နေဝင်း ဩဇာအာဏာပိုင်ဖြစ်လာရခြင်းမှာ အချုပ်အားဖြင့်–

(၁) ပထမ တပ်ကို ရဲဘော်သုံးကျိပ်အစဉ်အလာကိုခံယူပြီး ထိန်းထားနိုင်ခြင်း။

(၂) ဖဆပလ ဆိုရှယ်လစ်ပါတီနှင့်ပေါင်းပြီး ပြည်တွင်းစစ်အတွင်းနှစ်ကာ ကြေးစားတပ်အဖြစ်ပြောင်း။

(၃) ကွန်မြူနစ်နှင့် မျိုးချစ်ပြည်ချစ်တပ်မှူးများကို ထုတ်ပယ်ပစ်ခြင်း။

(၄) တပ်မှူးဟောင်းများကို တပ်ပြင်ထုတ်ပြီး မျိုးဆက်သစ်လူငယ်တပ်မှူးများနှင့် အစားထိုးခြင်း။

ရာထူးကြီးများဖန်တီးပေးပြီး ကိုင်တွယ်အုပ်ချုပ်နိုင်ခဲ့သည်။ ဗိုလ်နေဝင်းကွယ်လွန်ပြီးတိုင် ဆက်သွားနိုင်ဖို့ ကြိုးစားပြင်ဆင်ထားသော်လည်း ဗိုလ်နေဝင်း မရှိတော့လျှင် စည်းလုံးမှုလျော့ရဲလာနိုင်။

၁၇။ နဝတ စစ်တပ်၏ အရည်အချင်းစွမ်းရည်နှင့် ပတ်သက်၍ နောက်ထူးခြားမှုမှာ ၎င်းတပ်သည် ပြည်တွင်းစစ် နှစ်လေးဆယ်ကျော်မျှ တိုက်ခိုက်လာခဲ့ရသခြင့် တိုက်ခိုက်ရေးအတွေ့အကြုံ အတော်ကြွယ်ဝလာခဲ့သည်။ သို့ရာတွင် ထိုအတွေ့အကြုံများထဲမှ အားနည်းချက်ကြီး ၂ ခုရှိသည်။

(က) ပထမမှာ အတွေ့အကြုံရင့်လာသော တပ်မှူးများ နံမည်နည်းနည်းထွက်လာသည်နှင့် ခြေရာတိုင်းပြီး ဂိုဏ်းအုပ်စုဖွဲ့လာမှာစိုး၍ ကြာကြာမထားဘဲ လူဟောင်းကို မြှင့်တင်သည့်နည်းဖြင့် ဘေးဖယ်ထုတ်ကာ လူသစ်များနှင့် ဆက်ခါဆက်ခါ လဲပေးသွားသဖြင့် မဟာဗျူဟာ အမြင် ရင့်သန်သောတပ်မှူးကြီး စစ်ခေါင်းဆောင်အဖြစ်မျိုး သိပ်မရောက်နိုင်၍ တပ်မှူးများအတွင်း တိုက်ခိုက်ရေးကောင်းမွန်သော တပ်မှူးများစွာရှိသော်လည်း မဟာဗျူဟာအမြင်ကျယ်သူ စစ်ခေါင်းဆောင်များ ချို့တဲ့နေပေသည်။ ထို့ကြောင့် တခွင်တပြင်လုံး အမြင်ကျယ်ကျယ်နှင့် ကြည့်မြင်ပြီး မဟာဗျူဟာ ချမှတ်နိုင်သည့်လူမျိုး မရှိသလောက်နည်းပါးနေသည်။

(ခ) ဒုတိယအားနည်းချက်မှာ ရှည်လျားသော ပြည်တွင်းစစ် တိုက်ပွဲများတွင် စစ်တပ်မှာ ခြေလျင်တပ်ကိုသာ အဓိကမဏ္ဍိုင်ထားပြီး တိုက်ခိုက်ခဲ့ရသည်။ အမြောက်တပ်၊ သံချပ်ကာယန္တယားတပ်များ၊ လေတပ်၊ ရေတပ်တို့ဖြင့် ထိရောက်ပူးပေါင်းတိုက်ခိုက်ခြင်းများ မရှိသလောက်ဖြစ်ခဲ့ရာ အားနည်းချက် ၂ ခုထပ်တွေ့ရပြန်သည်။

> **တပ်မှူးများအတွင်း တိုက်ခိုက်ရေးကောင်းမွန်သော တပ်မှူး များစွာရှိသော်လည်း မဟာဗျူဟာအမြင်ကျယ်သူ စစ်ခေါင်းဆောင်များ ချို့တဲ့နေပေသည်။ ထို့ကြောင့် တခွင်တပြင်လုံး အမြင်ကျယ်ကျယ်နှင့် ကြည့်မြင်ပြီး မဟာဗျူဟာ ချမှတ်နိုင်သည့်လူမျိုး မရှိသလောက်နည်းပါးနေသည်**

ပထမ – တပ်မှူးများအနေနှင့် ထောက်ပံ့ကူညီရေး စစ်လက်ရုံးတပ်အသီးသီး အများအပြားကို ပူးတွဲပြီး ဟန်ချက်ညီ ကိုင်တွယ်အုပ်ချုပ်ပြီး တိုက်ခိုက်ခြင်းအတတ် မတတ်မြောက်ကြခြင်းနှင့် ဒုတိယ – ထိုသို့ ခေတ်မီလက်နက်ကြီးများနှင့် လေတပ်၊ ရေတပ်တို့ကို ယခုမှ စတင်ဖွဲ့စည်းလာရာ ခေတ်မီတိုက်ပွဲကြီးများ နိုင်ငံခြားတပ်များနှင့် ရင်ဆိုင်ရန် များစွာအားနည်းနေပေသည်။ နောက်တကြောင်းမှာလည်း ထိုလက်နက်ကြီးများနှင့် ခဲယမ်းများထုတ်နိုင်သော ဘတ်ဂျက်အရ ကန့်သတ်မှုလည်း ရှိမည်ဖြစ်ရာ ထိုခေတ်မီနိုင်ငံခြားနှင့်ဖြစ်မည့် စစ်ပွဲမျိုး ရေရှည်တိုက်နိုင်ဖို့လည်း မလွယ်ပေ။ ထို့ကြောင့် နိုင်ငံခြားစစ်ပွဲတိုက်ခိုက်ရေးအတွက် ခေတ်မီစစ်ပွဲကိုယ်တွယ်နိုင်သည့် အရည်အချင်းအရ အားနည်းခြင်းနှင့် ထိုရုပ်ပစ္စည်းများ ကြာကြာအသုံးပြုနိုင်ဖို မလုံမလောက်ဖြစ်ခြင်းတို့ကြောင့် ၎င်းတို့အနေနှင့် ခေတ်မီစစ်ပွဲဆင်နွှဲရန် များစွာအားနည်းချို့တဲ့နေသည်။ သို့ရာတွင် ၎င်းတို့၏ အရေးသာချက်မှာ စစ်အတွေ့အကြုံ အတော်ရင့်ကျက်ထားသဖြင့် အတော်အတန်ခေတ်မီသော်လည်း စစ်အတွေ့အကြုံအားနည်းတဲ့ နိုင်ငံခြားတပ်များကိုမူ အတော်အတန်ရင်ဆိုင်နိုင်လိမ့်မည်ဟု ယူဆရသည်။ ခံစစ်အဓိကဖြင့် ရင်ဆိုင်နိုင်မည်ဖြစ်သည်။ နောက်တချက်မှာ နဝတ တပ်တွင် နယ်ချဲ့ဆန့်ကျင်ရေးကို အစဉ်အလာသဏ္ဍာန်အဖြစ် ထိန်းသိမ်းလာခဲ့ခြင်း၊ ပြည်သူတို့တွင် နယ်ချဲ့ဆန့်ကျင်ရေးစိတ် ရှိနေခြင်းတို့ကြောင့် နယ်ချဲ့ဆန့်ကျင်တိုက်ခိုက်ရေးတွင် အတော်အတန် စိတ်ဓာတ်ခိုင်မာစွာ တုံ့ပြန်နိုင်စရာလည်း ရှိသည်။

## အပိုင်း (၃)

---

ထို့ကြောင့် လက်ရှိစစ်တပ်၏ မဟာဗျူဟာ အတွေးအခေါ်သည် ခံစစ်လော၊ ထိုးစစ်လော ဆိုရာတွင် အထက်ပါအကြောင်းတို့ကြောင့် ယေဘုယျအားဖြင့် ပြည်တွင်းစစ်တွင် အဘက်ဘက်က အပေါ်စီးရနေသဖြင့် ထိုးစစ်မဟာဗျူဟာဖြစ်ပြီး ပြည်ပနှင့်ပတ်သက်၍မူ အဓိကအားဖြင့် ခံစစ်မဟာဗျူဟာကျင့်သုံးမည်ဖြစ်သည်။ တတ်နိုင်လျှင် လုံးဝစစ်ကြီးမဖြစ်နိုင်အောင် နိုင်ငံရေးနည်းစသဖြင့် ရှောင်တိမ်းနိုင်အောင် ကြိုးစားမည် ဖြစ်သည်။ သို့ရာတွင်–

(က) ပြည်တွင်းပြည်သူအုံကြွမှုကို လမ်းလွှဲရန်အတွက်လည်းကောင်း

(ခ) မိမိတို့စစ်တပ်ကြီး တည်ရှိနေမှုသည် လိုအပ်ကြောင်းနှင့် မိမိတို့စစ်တပ်အရာရာလွှမ်းမိုးနိုင်ရေးတို့အတွက် အကြောင်းပြချက်ရရေးအတွက်လည်းကောင်း

(ဂ) ပြည်သူတို့၏ စစ်တပ်ကိုမုန်းတီးနေမှုမှ ထိတ်လန့်ချောက်ချားပြီး အားကိုးအားထားမိတွယ်လိုစိတ် ရှိလာအောင်အတွက်လည်းကောင်း အတော်အတန်ခေတ်မီသော်လည်း စစ်အတွေ့အကြုံနည်းပြီး သိပ်သိပ်သည်းသည်းမရှိသော အိမ်နီးချင်းနိုင်ငံတို့ဖြင့် ယာယီနယ်စပ်စစ်ပွဲငယ်မျိုးများ ဖြစ်လာရန် ဖန်တီးလုပ်ဆောင်နိုင်သည်။

## အပိုင်း (၄)

ယခုနှစ်အနည်းငယ်အတွင်း မြန်မာ့တပ်စီစဉ်နေရာချထားပုံမှာ – အဓိကအားဖြင့် အစိုးရသည် အတိုက်အခံအဲန်အယ်လ်ဒီ နိုင်ငံရေးပါတီကို ဖြိုဖျက်ရေးအပေါ် အားထုတ်ကြိုးစားနေစဉ်နှင့် ပြည်သူလူထုအုံကြွလာမှာကို စိုးရိမ်နေရသောကာလဖြစ်သည်။ ထိုကာလတွင် စစ်တပ်ကို ပြည်သူလူထုကို ခြိမ်းခြောက်ဖိနှိပ်ထားနိုင်ရန်နှင့် ပြည်တွင်းပြည်သူလူထုကိုသာ ရင်ဆိုင်ရန် အဓိကထား။ မြန်မာပြည်တွင်း နယ်ပယ်များတွင် ပြည်တွင်းစစ် အေးချမ်းနေသော်လည်း တပ်ရင်းအခြေခံစခန်းများ တည်ထောင်ချထားသည်။ နောက်ဘက်က အဓိကတပ်များကို ဆူပူလှုပ်ရှားနိုင်သော လူမျိုးစုလက်နက်ကိုင် အင်အားစုများကို ထိန်းချုပ်ဖိနှိပ်နိုင်ရန် နယ်စပ်ဒေသများတွင် ချထားသည်။ အဓိကအားဖြင့် လူမျိုးစုများသော ရှမ်းပြည်နယ်ဒေသနှင့် ထိုင်းနယ်စပ်ဘက်၊ ရခိုင်ဒေသဘက်တို့တွင် အာရုံစိုက်ထားပြီး အခြားအပစ်ရပ်စဲ့စပ်ငြိမ်းချမ်းရေး ယူထားသော လူမျိုးစုအဖွဲ့များ အထူးသဖြင့် ကေအင်ယူ၊ ကေအိုင်အို၊ ကရင်နီ၊ ဝ၊ ကိုးကန့်၊ ရခိုင်ဒေသများနှင့်

ဆက်စပ်သော ဒေသများတို့တွင် တပ်များအားလုံး စူးစိုက်ထားသည်။ ထိုင်းနယ်စပ်နှင့် ရခိုင်ဒေသတို့တွင် နောင်နယ်စပ်စစ်ပွဲများ ဖန်တီးနိုင်သည်လည်းရှိသည်။

## အပိုင်း (၅)

တိုင်းပြည်ကာကွယ်ရေးနှင့် စစ်တပ်အပေါ် မြန်မာအစိုးရကျင့်သုံးသော မူဝါဒနှင့်ပတ်သက်၍ စဉ်းစားလျှင် ဤနေရာတွင် စစ်တပ်နှင့် အစိုးရခွဲမရ ကွာခြားခြင်းမရှိ တသားတည်းဖြစ်နေသော စစ်အစိုးရဖြစ်သည်။ တိုင်းပြည်ကာကွယ်ရေးမှာ ပထမပိုင်းက သိပ်မစဉ်းစား ပြည်တွင်းမိမိအာဏာ ထူထောင်မြဲမြံရေးအတွက်သာ အဓိကကွန်မြူနစ်ပါတီကို တိုက်ခိုက်ရေးနှင့် ပြည်တွင်းစစ်ကိုသာ ဇောင်းပေးထားသည်။ ယခု ရှစ်လေးလုံးနောက် အမေရိကန် စသည်တို့အန္တရာယ်ကြောင့် ပြည်ပရန်ကာကွယ်ရေးအတွက် စစ်တပ်ကို သာမန်ခြေလျင်တပ်အဓိကမှ စစ်လက်ရုံးတပ်များ တပ်ဆင်ပြီး အတော်အတန်ခေတ်မီအောင် ဖွဲ့စည်းလာသည်။ ယင်းအတွက် ပြင်ဆင်လာသည်။ ပြည်ပနယ်ချဲ့လုပ်နိုင်ချက်မှာ –

(က) ပထမလူမျိုးစုတချို့ကို သတ်သတ်ကိုင်တွယ် အားပေးထိန်းသိမ်းထားခြင်းနှင့် ဒုတိယ – ပြည်တွင်းနိုင်ငံရေးပါတီများတွင်းသို့ ထိုးဖောက်ဝင်ရောက် စည်းရုံးကိုင်တွယ်ခြင်းများလုပ်ပြီး ပြည်သူ့နယ်ချဲ့ဆန့်ကျင်ရေးစိတ် လျော့နည်းအောင်ကြိုးစားမည် ဖြစ်သည်။

(ခ) မြန်မာအိမ်နီးချင်းနိုင်ငံများမှ နယ်ချဲ့ဩဇာကြီးမားသော နိုင်ငံများနှင့် နယ်စပ်စစ်ပွဲဖြစ်ရန် ဖန်တီးနိုင်သည်။ မြန်မာအဖို့ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် ပဋိပက္ခဖြစ်ရန် ဖန်တီးပေးနိုင်သည်။

(ဂ) နောက်ဆုံး နယ်ချဲ့ကိုယ်တိုင် ပါဝင်စွက်ဖက်လုပ်ကြံမှုတွေ လုပ်ကောင်းလုပ်နိုင်သည်။

ထို့ကြောင့် ထိုနယ်စပ်စစ်ပွဲများနှင့် နယ်ချဲ့ကျူးကျော်မှုကို ကာကွယ်ရန် အတွေးအခေါ်အရ သိမြင်ပြင်ဆင်မည်ဟု ယူဆရသည်။ ဤသည်တို့မှာ လက်ရှိမြန်မာစစ်တပ်အပေါ် အမြင်အချို့ဖြစ်သည်။

(ပြီး)

**စစ်တပ်အပေါ် လုံးဝအာဏာဩဇာလွှမ်းလာအောင်လုပ်ပုံမှာ သူ့အပေါ်အကောင်းမမြင်၊ အထင်မကြီးသည့် တပ်မှူးဟောင်းများကို နည်းသဏ္ဍာန်ပေါင်းစုံဖြင့် ဖယ်ရှားပြီး အရပ်ဘက် ရာထူးကြီးများ အထူးသဖြင့် သံတမန်ပေးပြောင်း။ သူ့အကြောင်း သိပ်မသိသော တပ်မှူးငယ်များ လူငယ်မျိုးဆက်သစ်များကို ရေစီးသလိုရာထူးတွေတိုးပေးပြီး မွေးမြူခဲ့သည်**

# ပြုပြင်ရေးလမ်းကြောင်း

နိုင်ငံတကာအလုပ်သမားလှုပ်ရှားမှုနဲ့ ပြည်သူ့တော်လှန်ရေးတွေရဲ့ သမိုင်းမှာ တည်ရှိနေတဲ့ အနေအထားတွေကို တော်လှန် ပြောင်းလဲမလား၊ ပြုပြင်ပြောင်းလဲမလား ဆိုတဲ့အယူအဆနှစ်ရပ်ရဲ့ အတိုက်အခံဖြစ်မှုဟာ မကြာခဏ ရှေ့တန်းရောက်ခဲ့ပါတယ်။ တိုက်ပွဲကြီး၊ တိုက်ပွဲငယ်၊ အစချီတဲ့တိုက်ပွဲ၊ အဆုံးအဖြတ်တိုက်ပွဲ၊ နေရာတကာမှာ ရင်ဆိုင်ရတတ်ပါတယ်။ မဆန်းတော့ဘူးလို့တောင် ပြောရမလိုဖြစ်နေပါပြီ။

သမိုင်းသဘောပြောရရင် ဓနရှင် လူတန်းစားက ပဒေသရာဇ်လူတန်းစားဆီက အာဏာကို သိမ်းယူတဲ့ ဓနရှင်တော်လှန်ရေးတွေဆိုတာ ဓနရှင်လူတန်းစားတခုတည်းက ဆင်နွှဲခဲ့တာ မဟုတ်ပါဘူး။ အဲဒီတုန်းက စတင်ပေါ်ပေါက်နေပြီဖြစ်တဲ့ အလုပ်သမားလူတန်းစားနဲ့ လယ်သမားတွေလည်း ပါဝင်ပါတယ်။ ၁၇၈၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တုန်းက ပြင်သစ် တော်လှန်ရေးကြီးမှာ ဘာစတီးလ်ထောင်ကြီးကို ဝင်စီးကြတာဟာ အလုပ်သမား၊ လယ်သမားနဲ့ မြို့နေဆင်းရဲသားတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာမှမကြာလိုက်ဘူး၊ အရင်းရှင်စနစ်ရဲ့ လူတန်းစားဘက်လိုက်မှုဒဏ်ကို ခံကြရတဲ့ သူတွေက အရင်းရှင်စနစ်ကို တွန်းလှန်ဖို့၊ အဲဒီထက်ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတရပ်ကို ထူထောင်ဖို့ စဉ်းစားကြတဲ့အခါကျတော့ မတူကွဲပြားတဲ့ စဉ်းစားမှုတွေ ပေါ်လာပါတယ်။ ဒါဟာ မာ့က်စ်ဝါဒ–ကွန်မြူနစ်ဝါဒလို့ ပီပီပြင်ပြင် မပေါ်ပေါက်သေးခင်ကာလပါ။ ဒီတော့ လူထုအုံကြွမှုကြီးတွေ၊ တော်လှန်ရေးတွေဖြစ်ပေါ်လာရင် လူတန်းစားခံယူချက်အသီးသီးကို ရောင်ပြန်ဟပ်တဲ့ အယူအဆကွဲလွဲမှုတွေ ပေါ်တတ်တယ်ဆိုတာ ဓမ္မတာပဲလို့ ပြောရတော့မှာပါ။

ဒီတော့ ၁၉ ရာစုနှစ်က ဆိုရှယ်လစ်စနစ် – ဆိုရှယ်လစ်လောက ထူထောင်ရေးကို အမျိုးမျိုးအဖုံဖုံ စဉ်းစားကြသူတွေထဲမှာ အထိ အခိုက်အနာအကျင်မဲ့စွာ ထူထောင်ရေး၊ ဘယ်သူနဲ့မှ ကဏ္ဍကောဇမဖြစ်ရေး၊ လူ့ဘောင်သစ်တခုကို ရှောရှောရှူရှူထူထောင်ရေးစတဲ့ အယူအဆတွေ အမျိုးမျိုး ပေါ်လာခဲ့ကြပါတယ်။ တည်ရှိနေတဲ့စနစ်ကို ပြုပြင်ပြောင်းလဲယူလို့ရမယ်ဆိုတဲ့ အယူအဆတွေလည်း အသွင်အမျိုးမျိုးနဲ့ ပေါ်ခဲ့ပါတယ်။

ဆိုရှယ်လစ်ဝါဒသမိုင်းမှာ အဦးဆုံး ပေါ်ခဲ့သူတွေထဲမှာပါဝင်တဲ့ ဖူးရီးယားနဲ့အိုဝင် (Charles Fourier and Robert Owen) တို့ရဲ့ အယူအဆကို မာ့က်စ်နဲ့ အိန်ဂယ်တို့က စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒဖြစ်တယ်လို့ ထောက်ပြခဲ့ကြပါတယ်။ ဒီလိုပြောရတဲ့အဓိက အကြောင်းရင်းကတော့ သူတို့နှစ်ဦးဟာ သူတို့မျက်စိအောက်မှာတင် အရှိန်ရလာနေတဲ့ အရင်းရှင်စနစ်ကြီးရဲ့ ဆိုးဝါးမှုကိုတွေ့မြင်နိုင်ကြပေမယ့် ဆိုရှယ်လစ်စနစ်အတွက် တော်လှန်ရေးမပြောနဲ့ ပြုပြင်မှုတောင်မလိုဘဲ ကိုယ့်ဘာသာ သီးခြားလူ့အဖွဲ့အစည်းလေးတွေ တည်ထောင်ပြီး နေထိုင်သွားရင် ရတယ်လို့ ဆိုခဲ့တာကြောင့်ပါပဲ။ အိုဝင်ဆိုရင် သူပြောတဲ့ဆိုရှယ်လစ်ဝါဒဟာ အထက်တန်းစား၊ အောက်တန်းစား၊ သူကြွယ်၊ သူဆင်းရဲတွေအတွက် အကျိုးရှိစေမှာပါလို့ ရေးခဲ့ပါတယ်။ သူက သူ့ရဲ့အဓိက ရေးသားချက်တွေကို "ဝိလုံအရှင်မင်းမြတ်ထံသို့" ဦးတိုက် ရေးလေ့ရှိပါတယ်။

လီနင်နဲ့ ထိပ်တိုက်တွေ့သူတွေထဲက ဘန်းစတိန်း(Bernstein) ရဲ့ နောက်လိုက်များကျတော့ သူတို့ကိုယ်သူတို့ "ပြုပြင်ရေးသမား" (Reformists) လို့တောင် မပြောရဲလို့ ပြန်လည်ပြင်ဆင်ရေးသမား (Revisionists) လို့ ကိုယ့်ကိုယ်ကို နာမည်ပေးခဲ့ကြပါတယ်။ သူတို့က ရှိနေတဲ့အယူအဆတွေကို တော်လှန်ဖို့ နေနေသာသာ ပြုပြင်တယ်လို့တောင် မဖြစ်ဝံ့လို့ ပြင်ဆင်တာပါလို့ သမိုင်း ရေးသူတွေက ရေးကြပါတယ်။ လီနင်ရဲ့လက်ထက် ၁၉၂၀ ခုနှစ်မှာ တတိယအင်တာနေရှင်နယ်ကိုခေါ်ဆိုတော့ လီနင်က "ကွန်မြူနစ်အင်တာနေရှင်နယ်ထဲ ပါဝင်ရေးအတွက်သတ်မှတ်ချက်များ" (Terms of Admission into Communist International) ဆိုတာကို ရေးခဲ့ပါတယ်။ အဲဒီအထဲမှာ ပါတာတချက်က– "တတိယ

အင်တာနေရှင်နယ်ကို ထောက်ခံ သူများဟာ သူတို့လက်လှမ်းမီရာ စင်မြင့် မှန်သမျှ– သတင်းစာဂျာနယ်၊ လူထုစည်းဝေးပွဲ၊ အလုပ်သမားသမဂ္ဂ၊ သမဝါယမ အဖွဲ့ အစည်းတွေ – မှာ ခရှင်လူတန်းစားကို သာမက သူ့ရဲ့ အပေါင်းပါဖြစ်တဲ့ ပြုပြင်ရေးသမား အသွင်မျိုးစုံကိုလည်း စနစ်တကျနဲ့ မပြတ်ဖွင့်ချရမယ်”လို့ ရေးခဲ့ပါတယ်။

ပြောရရင် မာ့က်စ်နဲ့အိန်ဂယ်တို့ နိုင်ငံရေးလမ်းကြောင်းပေါ်တက်ခဲ့တဲ့အချိန်မှာ ခေတ်သစ်အလုပ်သမားလှုပ်ရှားမှုတွေ စပေါ်နေပါပြီ။ သူတို့နှစ်ဦးဟာ သူတို့အရင် ပေါ်နှင့်နေတဲ့ စိတ်ကူးယဉ် ဆိုရှယ်လစ်စနစ်နဲ့ ဂျေကိုဘင် (Jacobin) လမ်းကြောင်း တွေကို မလိုက်ဘဲ တော်လှန်တဲ့လမ်းကြောင်းကို လိုက်ခဲ့ကြပါတယ်။ တည်ရှိနေတဲ့ အဆောက်အအုံဟောင်းနဲ့ ရေလိုက်ငါးလိုက် နေသွားဖို့ အယူအဆကို သူတို့က ငြင်းပယ်ခဲ့ကြပါတယ်။ သူတို့ခေါင်းထဲမှာ ပြုပြင်ရေးလမ်းကြောင်းကိုတောင်မှ မထည့်ခဲ့ပါဘူး။ ၁၈၄၈ ခုနှစ်မှာ ထွက်လာတဲ့ သူတို့ရဲ့ကွန်မြူနစ်ပါတီ ကြေညာစာတမ်းရဲ့ ငါးပုံနှစ်ပုံဟာ လုံးဝ အသစ်ဖြစ်တဲ့ ဆိုရှယ်လစ်စနစ်ကို မိတ်ဆက်ရှင်းပြထားတာဖြစ်ပါတယ်။ သူတို့ခေတ် အနေအထားနဲ့အညီ ချီတက်ရာလမ်းကြောင်း သုံးကြောင်းအဖြစ် သူတို့တင်ပြခဲ့တာက အလုပ်သမားလှုပ်ရှားမှု– တော်လှန်ရေး အသိနိုးကြားမှု–တော်လှန်ရေးရယ်လို့ ဖြစ်ပါတယ်။ တိုင်းပြည်အနှံ့ မှာ ကျဲကွဲနေတဲ့၊ အယူအဆတွေလည်း မတူညီကြတဲ့ သူတွေဟာ အလုပ်သမားသမဂ္ဂတွေဖွဲ့ရင်း စုစည်းမိလာကြ၊ ဒီကနေ တော်လှန်ရေးဆင်နွှဲကြမယ်လို့ ထောက်ပြပါတယ်။

တကယ်တော့ လီနင်–စတာလင်တို့ရဲ့ ရုရှားတော်လှန်ရေးဟာ ပါတီတည်ထောင်ကာစအချိန်ကစလို့ ၁၉၀၅ ခုနှစ် တော်လှန်ရေး၊ ပထမကမ္ဘာစစ်ကာလလို ပါတီအရှိန်ရလာချိန်၊ အောက်တိုဘာတော်လှန်ရေးအောင်ပွဲရကာနီး၊ ရကာစ၊ ရပြီးနောက် အဆင့်တိုင်းမှာ ပြုပြင်ရေးသမား၊ ပြုပြင်ရေးအယူအဆတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ သမိုင်းက ပြသခဲ့တာကတော့ ဒီဟာတွေကို အောင်မြင်ကျော်လွှားနိုင်မှ မိမိတို့ရဲ့ အရေးတော်ပုံ အောင်ပွဲခံတယ် ဆိုတာပါပဲ။

သမိုင်းတလျှောက်မှာ နိုင်ငံတကာ အလုပ်သမားလူတန်းစား လှုပ်ရှားမှုဟာ အနှစ်သာရအားဖြင့် ပဒေသရာဇ်၊ လက်ဝါးကြီးအုပ် – ခရိုနီအရင်းရှင်စနစ်၊ အာဏာရှင်စနစ် ဆန့်ကျင်ရေးဖြစ်တဲ့ ဒီမို ကရေစီရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ လယ်သမား၊ အမှုထမ်း၊ ကျောင်းသား၊ မြို့နေ ဆင်းရဲသား၊ ခရှင်ပေါက်စလူတန်းစား၊ စာပေ အနုပညာရှင်များ စတဲ့ အခြားသော အဖိနှိပ် ခံပြည်သူတွေရဲ့ လှုပ်ရှားမှုတွေနဲ့ သဘောသဘာဝအရကိုပဲ တဆက်စပ်တည်း ဖြစ်နေခဲ့ပါတယ်။ အောင်ပွဲရခဲ့တဲ့ တော်လှန်ရေးတိုင်းမှာ အလုပ်သမားလူတန်းစားဟာ အဲဒီ တခြားမဟာမိတ်အင်အားစုတွေနဲ့လက်တွဲ တိုက်ပွဲဝင်နိုင်လို့သာ အောင်ပွဲရခဲ့တာဖြစ်တယ် ဆိုတာကို တွေ့ရမှာပါ။

ဒီလိုဆိုတဲ့အတွက် ကွန်မြူနစ်တွေဟာ ပြုပြင်ရေးကို လုံးဝလက်မခံတာမဟုတ်ပါဘူး၊ ကိုယ်က အာဏာရရင် ပြုပြင်ပြောင်းလဲသင့်တာကို ပြုပြင်ပြောင်းလဲမှာ ဖြစ်သလို ကိုယ်အာဏာရမထားတဲ့ ကာလမှာလည်း မှန်ကန်၊ သင့်တော်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အားပေးထောက်ခံသွားမှာသာဖြစ်ပါတယ်။ ဒါပေမဲ့ အုပ်စိုးသူတွေက သူတို့အာဏာ တည်မြဲရေးကို ရည်ရွယ်ပြီး ပြည်သူလူထုကို မျက်စေ့လည်အောင်လှည့်စားတဲ့၊ သူတို့ မပုန်ကန်အောင် မဖေဒါရေခပ်ခိုင်းသလို လုပ်တဲ့ ပြုပြင်ပြောင်းလဲရေးတွေကိုတော့ မူအရကိုပဲ ဆန့်ကျင်ရမှာ ဖြစ်ပါတယ်။

တော်လှန်ရေးဆိုတာက အချိန်အကြာကြီးယူ ပြင်ဆင်ပြီး အချက်အလက်တွေအများကြီးပြည့်စုံမှ ဆင်နွှဲနိုင်တာပါ။ ဒီလို တော်လှန်ရေးကြီးတရပ် မဖြစ်ပေါ်မီ အောင်ပွဲမခံမီ ကာလတခုအတွင်း ပြည်သူလူထုရဲ့ နေထိုင်စားသောက်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုရေး စတဲ့ ဘက်မျိုးစုံမှာ သူတို့ အခက်အခဲတွေကိုဖြေရှင်းဖို့၊ တိုးတက်ကောင်းမွန်စေဖို့ ပြုပြင်မှုတွေလုပ်ရပါတယ်။ ဒီလို ပြုပြင်ရေးမျိုးကို ကွန်မြူနစ်တွေက မဆန့်ကျင်ပါဘူး။ ဒီလိုအခွင့်အရေးတွေ တိုးတက်စေရေးအတွက် တောင်းဆို တိုက်ပွဲဝင်တာတွေကိုလည်း ကွန်မြူနစ်တွေက မဆန့်ကျင်ပါဘူး။ ထောက်ခံပါတယ်။ ကွန်မြူနစ်တွေ အဓိကဆန့်ကျင်တာက တော်လှန်ရေးတွေကို လှီးလွှဲဖို့အတွက်၊ ပြည်သူတွေကို မျက်စိလည်အောင်လုပ်တဲ့၊ ဝါဒဖြန့်တဲ့ အုပ်စိုးသူလူတန်းစားတွေနဲ့ သူတို့ကို အကာအကွယ်ပေးသူ၊ ရှေ့နေလိုက်ပေးသူတွေရဲ့ လုပ်ရပ်တွေကို ဖြစ်ပါတယ်။ တချို့က စနစ်တခုလုံးကို တော်လှန်ပစ်ရမယ်လို့ မမြင်နိုင်သေးဘဲ၊ ပြုပြင်ပြောင်းလဲယူရမယ်လို့ ယူဆနေတာတွေ ရှိပါတယ်။ ဒီလိုလူမျိုးတွေကို ကွန်မြူနစ်တွေက လက်ခံ–လက်တွဲနိုင်ပါတယ်။ တကယ်က တချို့အနေအထားမှာ ဖိနှိပ်သူတွေနဲ့အဖိနှိပ်ခံတွေ ကွဲပြားနေတဲ့စနစ်တခုကို မကြိုက်တာ၊ မကျေနပ်တာကိုက မဆိုးတော့ဘူးလို့ ပြောရမှာပါ။ တော်လှန်ရေးသမားတွေရဲ့ အဓိကရန်သူဟာ စနစ်ဆိုးကြီးကို မှီခိုပြီး ကြီးပွားချမ်းသာ၊ နောက်ပြီး အဲဒီစနစ်ကိုနည်းမျိုးစုံနဲ့ ကာကွယ်နေသူတွေသာ ဖြစ်ပါတယ်။

ပြုပြင်ရေးဝါဒရဲ့အန္တရာယ်ဟာ ပြည်သူလူထုရဲ့အုံကြွမှုတွေ အရှိန်ယူချိန်၊ အရှိန်ကောင်းနေချိန်၊ အောင်ပွဲရခါနီးချိန်တို့မှာ ပြည်သူတွေကို ဝေဝါးမှုအမျိုးမျိုး ဖြစ်စေတာ

လည်း ပါပါတယ်။ ဦးတည်တိုက်နေသူကို တိုက်သင့်ရဲ့လားလို့ ဝေဝါးလာစေတာ၊ ဒီလို အနစ်နာခံစွန့်လွှတ်တိုက်ပွဲဝင်နေမယ့်အစား အေးအေးဆေးဆေး တောင်းယူဖြေရှင်းလို့ မရနိုင်ဘူးလားလို့ စဉ်းစားလာစေတာ စတဲ့ အသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ ဖော်ပြတတ်ပါတယ်။ တချို့က ဒီပြုပြင်ရေးအယူအဆကို ရိုးရိုးသားသား ထင်မြင်ဖော်ထုတ်ကြတာပါ။ ဒါပေမဲ့ တချို့ကတော့ လူထုတိုက်ပွဲတွေကို ဖျက်ဆီးဖို့၊ လူထုရဲ့ ဦးတည်ရန်သူကို ကယ်တင်ဖို့ အကြံအစည်ဆိုးနဲ့ တင်လာကြတာ ဖြစ်ပါတယ်။

လူထုလှုပ်ရှားမှုတွေထဲကို ပြုပြင်ရေးဝါဒဟာ နည်းမျိုးစုံနဲ့ ဝင်လာတတ်ပါတယ်။ လှုပ်ရှားမှုက ဦးတည်တိုက်ခိုက်တာခံရသူ၊ အဲဒီ ဦးတည်တိုက်ခိုက်ခံရသူတွေကို အကာကွယ်ပေးနေတဲ့ အုပ်စိုးသူအစိုးရ၊ ဒါမှမဟုတ် ကိုယ့်လိုဘ အကြောင်းအမျိုးမျိုးကြောင့် ပြည်သူလူထုတွေကို တိုက်ပွဲလမ်းကြောင်းမလိုက်စေလိုသူ (ပြည်တွင်း–ပြည်ပ) ရဲ့ ဆန္ဒအတိုင်း လူထုလှုပ်ရှားမှုတွေကို အညွန့်တုံးအောင် လုပ်တာဟာ အဆိုးဆုံး ဖြစ်ပါတယ်။ ဒီလိုလူ တော်တော်များများ ကာလတခုကြာတော့ ရန်သူ့ဘက် ပါသွားတာမျိုးတွေ မကြာခဏတွေ့ရပါတယ်။

ပြုပြင်ရေးသမားတွေနဲ့ တော်လှန်ရေးသမားတွေအကြားမှာ လုပ်နည်း ကိုင်နည်း – သွားတဲ့လမ်းကြောင်းသာ ကွဲပြားတာ၊ ရည်မှန်းချက်ဦးတည်ချက်မှာတော့ အတူတူပဲလို့ တချို့က ပြောတတ်ကြပါတယ်။ ဒါ မှားပါတယ်။ ပြုပြင်ရေးသမားနဲ့ တော်လှန်ရေးသမားဟာ ဦးတည်ချက်ကိုပဲ ကွဲပြားခြားနားပါတယ်။ တကယ်တော့ တခုက အရေးတော်ပုံအောင်ပွဲခံရေးအတွက် လုပ်တာဖြစ်ပြီး နောက်တခုကတော့ အရေးတော်ပုံ မပေါ်ပေါက်ရေး၊ အောင်ပွဲမရရေးအတွက် လုပ်တာဖြစ်ပါတယ်။ သူတို့အတွက် အစပြုချက် တွေထဲမှာ အများဆုံးတွေ့ရတာကတော့ တည်ရှိနေတဲ့၊ အားကောင်းနေတဲ့ လူထုလှုပ်ရှားမှု၊ အင်အားစုတွေကို ဂိုဏ်းခွဲဖို့ လုပ်တာပါပဲ။ အလုပ်သမားထဲမှာဆိုရင် အလုပ်သမား မင်းညီမင်းသားတွေမွေးသလို၊ ကျောင်းသားထဲမှာဆိုရင်လည်း– တခေတ်က ဖဆပလ အစိုးရရဲ့ ဒီအက်စ်အို (DSO) လို – စုန်းပြူးတွေကို မွေးတာတွေလုပ်ပါတယ်။ ငွေ–အခွင့်အရေးစတာတွေပေးပြီး ဝယ်ယူ တာ၊ ဖျက်ဆီးတာတွေ လုပ်ပါတယ်။

တော်လှန်ရေးသမားတွေကတော့ အခြေအနေ၊ အချိန်အခါကိုလိုက်လို့ ဒီအင်အားစုကို ပြန်လည်သိမ်းသွင်းဖို့ ကြိုးစားရတာ၊ အနည်းဆုံး တပ်ပေါင်းစုအဖြစ် လက်တွဲလုပ်နိုင်အောင် လုံးပန်းရတာတွေ ရှိပါတယ်။

မှန်ပါတယ်။ ကွန်မြူနစ်တွေဟာ စေ့စပ်ဖြေရှင်းနည်းကို မပစ်ပယ်ပါဘူး။ မလိုလားအပ်တဲ့ စွန့်လွှတ်ဆုံးရှုံးမှုတွေကို မလိုလားပါဘူး။ ဒါပေမဲ့ ပြဿနာက အာဏာရထားသူတွေက သူတို့ရှုံးနိမ့်ကြောင်း အလွယ်တကူ လက်ခံအလျှော့ပေးလေ့ မရှိရုံမက လက်နက်နဲ့ တုံ့ပြန်တာ၊ နှိမ်နင်းတာတွေ လုပ်လေ့ရှိလို့ ဖြစ်ပါတယ်။ အာဏာရှင်တွေကို တရားပြ၊ တရားချတာလောက်နဲ့ ပြောင်းလဲပစ်နိုင်ရင် ကမ္ဘာစစ်ကြီးတွေ ဖြစ်ခဲ့မှာ မဟုတ်ပါဘူး။

> **အောင်ပွဲရခဲ့တဲ့ တော်လှန်ရေးတိုင်းမှာ**
> **အလုပ်သမားလူတန်းစားဟာ**
> **အဲဒီ တခြားမဟာမိတ်အင်အားစုတွေနဲ့**
> **လက်တွဲတိုက်ပွဲဝင်နိုင်လို့သာ**
> **အောင်ပွဲရခဲ့တာ ဖြစ်တယ်**

# နှစ်ခွဲတတင်း

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အုပ်စုက အာဏာသိမ်းပြီးတဲ့နောက် စစ်အာဏာရှင်စနစ်ကို ထူထောင်တယ်။ စစ်ဗျူရိုကရေစီ ယန္တရားနဲ့ အုပ်ချုပ်ခဲ့တယ်။ မဆလ တပါတီ အာဏာရှင်စနစ်လို့ ပြောပေမယ့် အနှစ်သာရကတော့ စစ်အာဏာရှစ်စနစ်ပါပဲ။ မဆလ တပါတီကာလတွေတုန်းက စပ်ကူး မတ်ကူးကာလတို့၊ အသွင်ကူးပြောင်းရေး ကာလတို့ဆိုပြီး ပြောတာဟာ စစ်အာဏာရှင်စနစ်ပိုအခြေခိုင်ပြီး စစ်ဗျူရိုကရေစီ ယန္တရား အရှိန်အဟုန်နဲ့လည်ပတ်ဖို့ လုံးပန်းခဲ့တာသာ ဖြစ်တယ်။

၁၉၈၈ ခုနှစ် ၈ လေးလုံးအရေးတော်ပုံမှာ အပေါ်ယံအခွံဖြစ်တဲ့ မဆလ တပါတီအာဏာရှင်စနစ်၊ ၇၄ အခြေခံဥပဒေကို တိုက်ဖျက်နိုင်ပေမယ့် အနှစ်ဖြစ်တဲ့ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားကို မတိုက်ဖျက်လိုက်နိုင်ပါ။ ဒါကြောင့် စစ်အုပ်စုက ပန်းပန်မြဲဖြစ်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နဝတ၊ နအဖ ကာလကစပြီး စစ်အုပ်စုမှာ နံပါတ်တစ်နေရာကအစ လူတွေအပြောင်းအလဲ ဖြစ်ပေမယ့် စစ်အုပ်စုဟာ စစ်အုပ်စုပါပဲ။ ဗိုလ်သန်းရွှေခေါင်းဆောင်တဲ့ စစ်အုပ်စုဟာ စစ်အာဏာရှင်စနစ် ခိုင်မြဲအောင်နဲ့ စစ်ဗျူရိုကရေစီ ယန္တရားအရှိန်အဟုန်နဲ့ လည်ပတ်နိုင်အောင်ပဲ စိုက်လိုက်မတ်တတ်လုပ်ခဲ့တယ်။ စစ်အာဏာရှင်စနစ်ပီပြင် အင်္ဂါစုံလင်သွားအောင် ၉၀ ခုနှစ် ရလဒ်ကို နင်းချေဖျက်ဆီးပစ်လိုက်ပြီး ၂၀၀၈ အခြေခံဥပဒေကို မရအရချမှတ်အတည်ပြုလိုက်တယ်။ ကြွေးကြော်သံက စည်းကမ်းရှိတဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ဖြစ်တယ်။ ဒီနည်းနဲ့ နိုင်ငံရေးအင်အားစုတွေကို ၂၀၀၈ အခြေခံ ဥပဒေဘောင်အတွင်းမှာ ခြံခတ်ကျုံးသွင်းလိုက်တယ်။ ၂၀၀၈ အခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်အဆင့်ဆင့် ဖော်ဆောင်လိုက်တယ်။ ဘောင်းဘီချွတ်၊ အရပ်ဝတ်လဲလိုက်တဲ့သမ္မတ ဦး (ဗိုလ်) သိန်းစိန် အစိုးရတသိုက် ပေါ်ပေါက်လာတယ်။ ဒီနည်းနဲ့ ဒီမိုကရေစီအသွင်ဆောင်တဲ့ အင်္ဂါစုံလင်တဲ့ စစ်အာဏာရှင်စနစ်ကို ပီပြင်စေခဲ့တယ်။ လူမျိုးစုံပြည်သူလူထုကြီးတရပ်လုံး ပြည်တွင်းပြည်ပ၊ ဥပဒေတွင်း၊ ဥပဒေပ နိုင်ငံရေး အင်အားစု အားလုံးကို နားလှည့်ပါးရိုက်လုပ်ခဲ့တယ်။ နိုင်ငံတကာကိုလည်း လှည့်စားခဲ့တယ်၊ အသွင်ကူးပြောင်းရေးကာလမို့ပါ၊ အရင် စစ်အစိုးရလုပ်ခဲ့တဲ့ ပြဿနာတွေကြောင့်ပါ။ အခုရေတွင်းတူး အခုရေကြည်သောက်ချင်လို့မရဘူး ဆိုတဲ့စကားတွေနဲ့ ချွေးသိပ်တာ၊ ချော့တခါ ခြောက်တလှည့်လုပ်ပြီး အချိန်ဆွဲကာ စစ်အာဏာရှင်စနစ် ခိုင်မြဲသည်ထက် ခိုင်မြဲအောင်၊ စစ်ဗျူရိုကရေစီ ယန္တရား ခိုင်မြဲသည်ထက်ခိုင်မြဲအောင် လုပ်ခဲ့တယ်။

ဒီချုပ်ဟာ သူ့ရဲ့ရွှေဂုံတိုင်ကြေညာချက်ကို ဘေးချိတ်လိုက်ပြီး ၂၀၀၈ အခြေခံဥပဒေအရလုပ်တဲ့ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ခဲ့တယ်။ ရာခိုင်နှုန်းပြည့်နီးပါး အောင်ပွဲခံတယ်။ တကယ်တော့ ၂၀၀၈ အခြေခံဥပဒေဘောင်ထဲကို ခေါင်းလျှို့ဝင်လာ

အောင် စစ်အုပ်စုက ဟပေးလိုက်တာ ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း နေရာတခုပေးပြီး စကားကျယ်ကျယ်ပြောခွင့် ပေးလိုက်ပါတယ်။ ဒါပေမဲ့ ဘာမှ ဆုံးဖြတ်ပိုင်ခွင့် မပေးထားခဲ့ပါ။

၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်က အပြတ်အသတ်အနိုင်ရပါတယ်။ အကြောင်းက ပြည်သူလူထုတရပ်လုံးက ဒီချုပ်ကို ထောက်ခံလို့ဖြစ်ပါတယ်။ စစ်အုပ်စုကလည်း အသိအမှတ်ပြုလိုက်လျှောပါတယ်။ အကြောင်းက ၂၀၀၈ အခြေခံဥပဒေအရ ကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်တာရယ်၊ လူထုကို လှည့်စားနိုင်အောင်ရယ်နဲ့ သူ့အတွင်းကိစ္စတွေကို အချိန်ယူပြင်ဆင်နေရာချထား နိုင်အောင်ရယ်တို့ ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်က ပြောင်းလဲချိန်တန်ပြီဆိုတဲ့ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲဝင်ခဲ့တယ်။ အနိုင်ရတယ်။ ၂၀၀၈ အခြေခံဥပဒေအရ အစိုးရဖွဲ့တယ်။ လူထုကိုယ်စားလှယ်အရပ်သားနဲ့ စစ်အုပ်စုကိုယ်စားလှယ် စစ်ဗိုလ်တသိုက်နဲ့ ဖွဲ့ရတဲ့ ဖက်စပ်အစိုးရ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတချို့မှာ ညွန့်ပေါင်းအစိုးရ ဖွဲ့တာတွေ ရှိပေမယ့် ဗမာပြည်မှာတော့ ဖက်စပ်အစိုးရ ဖွဲ့ပါတယ်။ မြန်မာ့နည်း မြန်မာ့ဟန် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီ စနစ်လို့ဆိုရ မလိုလိုပါပဲ။

စစ်အာဏာရှင်စနစ်ရဲ့ ၂၀၀၈ အခြေခံဥပဒေ သံလမ်းပေါ်မှာ စစ်ဗျူရိုကရေစီယန္တရားစက်ခေါင်းနဲ့ ရထားကြီးက ခုတ်မောင်းနေရာက ၂၀၁၅ ရွေးကောက်ပွဲက စက်ခေါင်းမောင်းသူကို အပြောင်းအလဲ လုပ်လိုက်တယ်။ လူလဲလိုက်ပါတယ်။ မီးနီ၊ ဝါ၊ စိမ်း ပြဖို့နဲ့ ရထားသံလမ်းရှန်တိန်လုပ်ဖို့ (လမ်းကြောင်းပြောင်းဖို့) ကို ကိုင်ထားတာက ကာချုပ်ဖြစ်ပါတယ်။

ဒါကြောင့် ဒီချုပ်ဟာ ၂၀၀၈ အခြေခံဥပဒေပြောင်းလဲပြင်ဆင်ရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး၊ တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်ပြီး ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မယ်လို့ပြောပေမယ့် ဘာအပြောင်းအလဲမှ မလုပ်နိုင်ဘဲ ဖြစ်နေပါတယ်။ အပြောင်းအလဲ လုပ်လိုက်နိုင်တာကတော့ မီးရထားစက်ခေါင်းမောင်းသူနေရာမှာ ဝင်ပြီး နေရာယူတာတခုတော့ ရှိပါတယ်။

ဒီချုပ်အစိုးရ တက်မယ့်ဆဲဆဲမှာ စစ်ဗျူရိုကရေစီယန္တရားမှာ ဝက်အူတွေ တင်းကျပ်လိုက်ပါတယ်။ အဲ့ဒါကတော့ အမြဲတမ်းအတွင်းဝန်နေရာတွေမှာ စစ်ဗျူရိုကရက်တွေကို ခန့်ထားလိုက်တာပါပဲ။ ဒီလို အခြေအနေမှာ ကာချုပ်က သံလမ်းမပြောင်း၊ မီးစိမ်းမပြမချင်း ဒီချုပ်က ဘာမှမလုပ်နိုင်ဘူး ဖြစ်ပါတယ်။ အခု ကာချုပ်က သံလမ်းမပြောင်းဘဲ မီးစိမ်းပြထားတယ်။ ဒီချုပ်က ရထားကို ဆက်မောင်းမလား။ ကာချုပ်ကို ရှန်တိန်လုပ်ဖို့ ဒီချုပ်က ပြောမလား၊ ဒါဟာ ဒီချုပ်ဖက်စပ်အစိုးရရဲ့ အကျပ်အတည်းပဲ။

ဒီချုပ်အစိုးရ လက်ထက်မှာ စစ်ဗျူရိုကရေစီယန္တရားကို ပုံသွင်းထုလုပ်တဲ့ စစ်တက္ကသိုလ်မှာ စီနီယာရဲ့ လက်သံပြောင်မှုကြောင့် ဂျူနီယာတယောက် အသက်ပျောက်သွားရပြီ။ ဒါဟာ စစ်ဗျူရိုကရက်အလေ့အလျာပဲ ရှိသေးတယ်။ အတော်လက်သံပြောင်တယ်။ စစ်ဗျူရိုကရက်တွေဆိုရင်တော့ ပြောမနေနဲ့တော့။ ဒုဝန်ကြီးတယောက်ကို တချက်လွှတ်အမိန့်နဲ့ ထုတ်ပယ်ပြန်ပြီ။ ဒီစစ်ဗျူရိုကရက်ယန္တရားကြီးမှာ အရပ်သား ဗျူရိုကရက်တွေဟာလည်း စစ်ဗျူရိုကရက်တွေလိုပဲ ဖြစ်ရတာဟာ ဘာမှမဆန်းတဲ့ ကိစ္စပါ။ တကယ်တော့ စစ်ဗျူရိုကရက်ပဲဖြစ်ဖြစ်၊ အရပ်သားဗျူရိုကရက်ပဲဖြစ်ဖြစ် ဒီမိုကရေစီစနစ်ဖြစ်တဲ့ စုပေါင်းခေါင်းဆောင်မှုနဲ့ တဦးချင်းတာဝန်ခံမှုစနစ်ကို ငြင်းပယ်လေ့ ရှိပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ လူမျိုးစုံပြည်သူလူထုက ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ ဒီမိုကရက်တွေကို ရွေးကောက်တင်မြှောက်လိုက်တာပါ။ ဒါပေမဲ့ စစ်ဗျူရိုကရေစီယန္တရားထဲ ရောက်သွားတဲ့ ဒီမိုကရက်တစ်တွေလည်း ဗျူရိုကရက်တွေ ဖြစ်သွားတာပါပဲ။

နဝတ အစိုးရဟာ လက်နက်ကိုင်အဖွဲ့အစည်းတွေကို တဖွဲ့ချင်းခွဲပြီး အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ပြီး ဒေသဖွံ့ဖြိုးရေးဆိုတဲ့ စီးပွားရေးမက်လုံးနဲ့ ခြေချုပ်ချလိုက်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုတွေကို နောက်တက်လာတဲ့ အစိုးရနဲ့မှလုပ်ပါဆိုပြီး လုပ်ခဲ့တယ်။ ရည်ရွယ်ချက်ကတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို စုစည်းမှုမရှိအောင် တဖွဲ့ချင်းခွဲပြီး မက်လုံးပေး၊ အကျပ်ကိုင်၊ အမှည့်ခြွေခြွေစတဲ့ နည်းအမျိုးမျိုးသုံးပြီး လက်နက်ဖြုတ်၊ နိုင်ငံရေးအရ အသေသတ်ဖို့ လုပ်တာပါ။ ဒီပေါ်လစီကို နအဖ စစ်အစိုးရရော၊ ၂၀၀၈ အခြေခံဥပဒေအရတက်လာတဲ့ ဦး(ဗိုလ်)သိန်းစိန်အစိုးရပါ ဆက်လက်ကျင့်သုံးပါတယ်။ သမ္မတဦး(ဗိုလ်) သိန်းစိန်အစိုးရက လက်နက်ကိုင်အဖွဲ့အစည်းတွေကို ၂၀၀၈ အခြေခံဥပဒေကျုံးထဲ ထည့်သွင်းပြီး NCA နဲ့ခြေချုပ်ချဖို့ ကြိုးစားပါတယ်။ ပြည်နယ်အဆင့်ဆွေးနွေးပွဲ၊ ပြည်ထောင်စု

အဆင့်ဆွေးနွေးပွဲတွေနဲ့ တဖွဲ့ချင်းကို အဆင့်ဆင့်ဆွေးနွေးပြီး အပစ်အခတ်ရပ်စဲတယ်ဆိုတာတွေနဲ့ ရှုပ်ထွေးအောင်လုပ်ပါတယ်။ တဖက်မှာ ကာချုပ်က နယ်မြေစိုးမိုးရေး အကြောင်းပြချက်နဲ့ သူ့တပ်တွေနဲ့ ထိတွေ့မှုဖြစ်အောင် လုပ်စေပါတယ်။ ဒီလိုနဲ့ ဆွေးနွေးပွဲတန်းလန်းနဲ့ အပစ်ရပ်သူကရပ်၊ ပစ်ခတ်မှုဖြစ်သူကဖြစ်နဲ့ ဖြစ်ပါတယ်။

ဒီချုပ်အစိုးရ တက်လာပြီး ငြိမ်းချမ်းရေး အရင်ဖော်ဆောင်မယ်။ အခြေခံဥပဒေကိုပြင်တာ နောက်မှ လုပ်မယ်ဆိုတာ ဖြစ်လာတယ်။ ၂၁ ရာစု ပင်လုံညီလာခံဆိုတာ ဖြစ်လာတယ်။ ညီလာခံကို အားလုံး အတူတကွ တက်ရောက်ခွင့် မရှိတာတွေ ဖြစ်လာတယ်။ နိုင်ငံရေးပါတီတွေလည်း အကန့်အသတ်နဲ့တက်လာရတာဖြစ်ပြီး(ပြီး) လက်နက်ကိုင် အဖွဲ့အစည်းအချို့လည်း တက်ရောက်ခွင့်ပိတ်ပင်တာခံရတယ်။ ကာချုပ်ပိတ်ပင်ခံရတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ သောင်းကျန်းသူတွေ ဖြစ်တယ်။ လက်နက်ချရမယ်လို့ ဆိုလာတယ်။ ညီလာခံကျတော့လည်း အဆင့်အတန်းခွဲခြား ဆက်ဆံတာတွေ ဖြစ်လာတယ်။ NCA လက်မှတ်ရေးထိုးပြီးမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ ဆက်လက် အကောင်အထည် ဖော်မယ်လို့ ဆိုနေပြန်ပါတယ်။ ဒီလိုနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ၊ အပစ်အခတ်ရပ်စဲရေးတွေဟာ ဇာတ်မျော ဖြစ်နေတယ်။

ဒီအတောအတွင်းမှာ ကာချုပ်က လက်နက်ကိုင်အဖွဲ့အစည်းအချို့ကို စစ်ဆင်တိုက်ခိုက်နေပြန်တယ်။ ဗမာပြည် ပြည်တွင်းစစ်တလျှောက်မှာ စစ်အစိုးရ အဆက်ဆက်ဟာ ဖြတ်လေးဖြတ်စနစ်နဲ့ စစ်ဆင်တာချည်းပဲ။ ဒါကြောင့် စစ်ဆင်တဲ့တပ်တွေမှာ ဘာတရားဥပဒေမှ၊ ဘာလူ့အခွင့်အရေးမှ လေးစား လိုက်နာစရာ မလိုတော့ဘူး။ ဒါကြောင့် စစ်ဆင်ပြီဆိုရင် ရက်ရက်စက်စက် ဖမ်းဆီး၊ ရိုက်နှက်၊ သတ်ဖြတ်၊ မီးရှို့၊ မုဒိမ်းကျင့်တာတွေဟာ အမြဲတမ်းဖြစ်ပါတယ်။ ဒါဟာ ဗမာပြည် တပြည်လုံးမှာ အနှံ့အပြား ဖြစ်ခဲ့တယ်။ ဖြစ်နေဆဲ ဖြစ်တယ်။ ဒါကို စစ်အစိုးရအဆက်ဆက်က အမြဲငြင်းကွယ်တာပဲ။ ကနေ့ ကာချုပ်ရဲ့ တပ်တွေက ဒီလို ရက်ရက်စက်စက် လုပ်နေတာကို ဒီချုပ်အစိုးရက ဘာများ ဝင်ပြောနိုင်သလဲ။ လက်နက်ကိုင်အဖွဲ့အစည်း ၄ ခုပေါင်းပြီး တရုတ်–ဗမာလမ်းမကြီးတဝိုက် စစ်ရေးလှုပ်ရှားမှုလုပ်တာကို သောင်းကျန်းသူတွေရဲ့ ရက်စက်မှုလို့ ဆိုချင်နေကြတယ်။ စစ်တိုက်တယ်ဆိုတာ အတွင်းစည်းမှာ အမြဲတမ်း ခံစစ်ဆင်နေရတဲ့တပ်ဟာ အချေမှုန်းခံရတတ်တယ်။ အချေမှုန်းမခံရအောင် အပြင်စည်းယှဉ်ပြီး တိုက်ရတယ်ဆိုတာ စစ်ရေးကို နည်းနည်းပါးပါးပဲ လေ့လာမိသူတိုင်းတောင် နားလည်ထားတဲ့ စစ်တရားပဲ။ ဒီတော့ အဖွဲ့အစည်းလေးခုက အကန့်အသတ်နဲ့ တိုက်တယ်။ အပြင်စည်းယှဉ်ပြီး တိုက်တယ်လို့ ရှင်းရှင်းလင်းလင်း ကြေညာပါတယ်။ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဒီချုပ်နာယကကြီးက ဒါကို လုံးဝလက်မခံဘူးဆိုပြီး ပြောနေပါလား။ အဲ့ဒီအဖွဲ့အစည်းတွေ ချေမှုန်းခံရတာကို နာယကကြီးကတွေ့မြင်လိုနေသလားပဲ။

ကနေ့ လက်နက်ကိုင်တိုက်ပွဲဆင်နေတဲ့ အဖွဲ့အစည်းအားလုံးဟာ (အပစ်အခတ် ရပ်စဲထားတာရော၊ မရပ်စဲထားတာရော) တော်လှန်ရေးတပ်ဖွဲ့တွေ ဖြစ်တယ်။ နိုင်ငံရေးရည်ရွယ်ချက်၊ နိုင်ငံရေးခံယူချက်နဲ့ စစ်တိုက်နေတာ ဖြစ်တယ်။ သူခိုးဓားပြ သောင်းကျန်းနေတဲ့အဖွဲ့အစည်းတွေမဟုတ်ပါ။ ဒါကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းမယ်ဆိုပြီး တောင်းဆိုနေကြတာ ဖြစ်တယ်။ တပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲပြီး တပ်တွေကို မထိမတွေ့မိအောင် သက်ဆိုင်ရာတွေက ထိန်းချုပ်ထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စိတ်အေးလက်အေးနဲ့ ဆွေးနွေးနိုင်တဲ့ အခြေအနေကို ဖန်တီးသင့်ပါတယ်။ အခု ကာချုပ်ရဲ့မူ ၆ ချက်နဲ့ ကာချုပ်ရဲ့တပ်တွေ လှုပ်ရှားမှုပုံစံနဲ့ရော၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ခြေလှမ်းတွေအရပါ ကြည့်ရင် ဗမာပြည်မှာ တကယ်တမ်းလည်း အပစ်ရပ်မသွားနိုင်သေးသလို၊ ငြိမ်းချမ်းရေးလည်း မရှိတဲ့ အခြေအနေပဲဖြစ်နေမှာပါပဲ။

အလုပ်သမား၊လယ်သမားအရေး ကျောင်းသားအရေးတွေလည်း စစ်အစိုးရ အဆက်ဆက်ကိုင်တွယ်ခဲ့တာနဲ့ ကနေ့ ဒီချုပ်အစိုးရကိုင်တွယ်ပုံတွေဟာ ဘာများကွာခြားမှု ရှိပါသလဲ။ ဘယ်ကိစ္စတွေကို ဘယ်လောက်ဖြေရှင်းတာ မြင်ရပြီလဲ။ ယခင်အစိုးရလုပ်ခဲ့တဲ့ ကိစ္စကြီးတွေကို တာဝန်ခံ ဖြေရှင်းနေရပါတယ်။ ချက်ချင်းကြီးတော့ လှည့်ပြောင်းဖို့ မလွယ်သေးဘူး။ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ဖို့ ပြောင်းလဲအောင် ကြိုးပမ်းနေတယ်ဆိုတဲ့ ပျားရည်နဲ့ဝမ်းချတဲ့ စကားတွေပဲ ကြားနေရပါတယ်။

အလုပ်သမားဘဝ မြှင့်တင်ဖို့၊ လယ်သမားဘဝ မြှင့်တင်ဖို့၊ ဆင်းရဲသား ပြည်သူတွေဘဝ မြှင့်တင်ဖို့အတွက် အလုပ်

သမား လယ်သမား၊ ဆင်းရဲသားပြည်သူတွေနဲ့ ဆွေးနွေးတာတွေ အဓိကထားမလုပ်ဘဲ ခရိုနီတွေနဲ့အဓိကထားညှိနှိုင်းနေတာတွေဟာ ယခင်အစိုးရအဆက်ဆက်လုပ်ရပ်နဲ့ ဘာများခြားနားပါသလဲ။

တကယ်တော့ ဗမာပြည်မှာ ဒီမိုကရေစီစနစ်ဖော်ဆောင်ဖို့ စစ်အာဏာရှင်စနစ်ကို ဘယ်လိုဖျက်သိမ်းမလဲ၊ ၂၀၀၈ အခြေခံဥပဒေကို ဘယ်လိုဖျက်သိမ်းမလဲ၊ စစ်ဗျူရိုကရေစီယန္တရားကို ဘယ်လိုဖျက်သိမ်းမလဲ၊ စစ်အုပ်စုကို ဘယ်လိုဖျက်သိမ်းမလဲဆိုတာကို ဦးစားပေးစဉ်းစားရမှာ ဖြစ်တယ်။ အဲဒါတွေကို ဖျက်သိမ်းဖို့အမြင်နဲ့ နည်းလမ်းတွေရလာမှ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးတွေ၊ ဖယ်ဒရယ်ကိစ္စတွေကို ဖော်ဆောင်ဖို့ နည်းလမ်းတွေ ရလာမှာပဲဖြစ်တယ်။ အဲ့ဒါမှ စစ်တပ်ဟာလည်း နေရာမှန်ကို ပြန်ရောက်သွားမှာဖြစ်ပါတယ်။ ဒီချုပ်အစိုးရဟာ အဲဒီလို မစဉ်းစားမကြည့်မြင်ရင်တော့ ဖက်စပ်အစိုးရဘဝက ရုန်းထွက်နိုင်မှာ မဟုတ်ပါ။ ဒါဆိုရင် ဒီမိုကရေစီကို ဖော်ဆောင်မယ်ပြောရင် ယခင်စစ်အစိုးရအဆက်ဆက်လိုပဲ စစ်အာဏာရှင်စနစ်ကို ထိန်းသိမ်းကာကွယ်မိလျက်သားပဲ ဖြစ်မှာပါ။ အဲဒါဆိုရင် ယခင်အစိုးရအဆက်ဆက်နဲ့ ဒီချုပ်အစိုးရဟာ နှစ်ခွဲတတင်းပဲ ဖြစ်နေဦးမှာပါပဲ။ ဒါဆိုရင် ၂၀၁၅ ရွေးကောက်ပွဲက ပြည်သူလူထုကြီးရဲ့ဆန္ဒကို ဒီချုပ်က ဘယ်လိုအကောင်အထည်ဖော်မလဲ၊ ပြည်သူလူထုကြီးက ပေးလိုက်တဲ့ တာဝန်ကို ဘယ်လို ကျေပွန်အောင် ထမ်းဆောင်မလဲ။

**တပြည်လုံးအတိုင်း အတာနဲ့ အပစ်အခတ်ရပ်စဲပြီး**
**တပ်တွေကို မထိမတွေ့မိအောင်**
**သက်ဆိုင်ရာတွေက ထိန်းချုပ်ထားပြီး**
**ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ**
**စိတ်အေးလက်အေးနဲ့ ဆွေးနွေးနိုင်တဲ့ အခြေအနေကို**
**ဖန်တီးသင့်ပါတယ်**

# ကွန်မြူနစ်နဲ့ ငြိမ်းချမ်းရေး လှုပ်ရှားမှု

ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေး လှုပ်ရှားမှုဆိုတာ ၁၈၁၄ နဲ့ ၁၈၁၆ ခုနှစ်တို့ ကတည်းက အမေရိကန်နဲ့ အင်္ဂလန်နိုင်ငံတို့မှာ စတင်ပေါ်ပေါက်ခဲ့တာပါ။ ၁၈၂၂ ခုနှစ်နဲ့ ၁၈၃၀ ခုနှစ်တို့မှာ ပြင်သစ်နဲ့ ဆွစ်ဇာလန်နိုင်ငံတို့မှာ ငြိမ်းချမ်းရေးလှုပ်ရှားမှုပေါ်ခဲ့ပြီး ဥရောပ တိုင်းပြည်အများစုမှာတော့ ၁၈၅၀ ခုနှစ်နောက်ပိုင်းမှာမှ ပေါ်ခဲ့ပါတယ်။ အဲဒီတုန်းက ပေါ်ခဲ့တဲ့ ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေဟာ အသွင်အမျိုးမျိုးနဲ့ ရပ်တည်ချက်သဘောထား အမျိုးမျိုး ရှိခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေကို ဦးဆောင်တဲ့အဖွဲ့အစည်းတွေ အမျိုးမျိုး ပေါ်ထွက်ခဲ့သလို သဘောထားအမြင်တွေကလည်း အမျိုးမျိုး ဖြစ်ပါတယ်။

ကမ္ဘာပေါ်က ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေကို ဦးဆောင်ဦးရွက် ပြုနေတဲ့ အဖွဲ့အစည်းများအနက် War Peace Council ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အဖွဲ့အစည်းဟာ ထင်ရှားသလို သူ့အခန်းကဏ္ဍဟာလည်း ကြီးမားခဲ့ပြီး ယနေ့တိုင် တည်ရှိနေဆဲ အဖွဲ့အစည်းကြီး တရပ်လည်း ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ် ဩဂုတ်လမှာ ကွန်မင်ဖောင် (Communist Information Bureau (Cominform) က ဦးစီးပြီး ငြိမ်းချမ်းရေးကွန်ဂရက်တရပ်ကို ခေါ်ဆိုခဲ့ပါတယ်။ အဲဒီက အစပြုပြီး ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုကို ဖော်ဆောင်တဲ့ အဖွဲ့အစည်းတရပ်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီဆိုတဲ့ အမည်ကိုတော့ ၁၉၅၀ ခုနှစ် နိုဝင်ဘာလ ဝါဆောမြို့မှာ ကျင်းပတဲ့ ကွန်ဂရက်ကျမှ ခေါ်ဝေါ်သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။ အဲဒီတုန်းက ဒီ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အဖွဲ့အစည်းကြီးဟာ ကွန်မင်ဖောင်ရဲ့ ဝါဒ သဘောထားအပေါ် အခြေပြုထားပါတယ်။ ဒီဝါဒသဘောထားအရ အဲဒီတုန်းက ကမ္ဘာ့ အခြေအနေအတွင်းမှာ ဆိုဗီယက်ယူနီယံ ဦးဆောင်တဲ့ "ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသူ" တိုးတက်တဲ့အင်အားစုများနဲ့ အမေရိကန် ဦးဆောင်တဲ့ စစ်ဖန်တီးသူ – စစ်လိုလားသူ အရင်းရှင်နိုင်ငံအင်အားစုများဆိုပြီး ၂ ပိုင်းကွဲနေတယ်လို့ ကြည့်မြင်ပါတယ်။ ကမ္ဘာပေါ်က ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများ အနေနဲ့ ငြိမ်းချမ်းရေးအတွက် စွမ်းအားရှိသမျှ ထမ်းဆောင်ကြဖို့၊ တိုက်ပွဲနည်းနာမှန်သမျှ အသုံးပြုကြဖို့နဲ့ အလုပ်သမားသမဂ္ဂ၊ အမျိုးသမီး၊ လူငယ်၊ သမဝါယမ အဖွဲ့အစည်းများ၊ အားကစား၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဘာသာရေးနဲ့ အခြားအဖွဲ့အစည်းများ နောက်ပြီး သိပ္ပံပညာရှင်၊ စာရေးဆရာ၊ စာနယ်ဇင်းသမားများ၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်သားများ၊ ပါလီမန်ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ လူထုခေါင်းဆောင်စတဲ့ ငြိမ်းချမ်းရေးကို လိုလားပြီး စစ်ဆန့်ကျင်သူ လူပုဂ္ဂိုလ်များကို ဒီလှုပ်ရှားမှုအတွင်း ပါဝင်လာအောင် ကျယ်ပြန့်စွာ စည်းရုံးသိမ်းသွင်းကြဖို့ လှုံ့ဆော်ခဲ့ပါတယ်။ ဒီအဖွဲ့အစည်းကြီးက ကမ္ဘာလုံးဆိုင်ရာ လက်နက်ဖျက်သိမ်းရေး၊ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရေး၊ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ရပ်ခံပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အစုလိုက်အပြုံလိုက် သေကျေဖျက်ဆီးနိုင်တဲ့ လက်နက်များကို ပိတ်ပင်တားဆီးရေး၊ အသွင်အမျိုးမျိုးသော ခွဲခြားဆက်ဆံမှုများကို ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သလို ထူးချွန်စွာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးဆောင်ရွက်သူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ (ဆိုဗီယက်ရုရှား ကွန်မြူနစ်ပါတီကလည်း ကမ္ဘာတလွှားက ငြိမ်းချမ်းရေး လှုပ်ရှားမှုများ အတွင်းက

ငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမန် ကြိုးပမ်းခဲ့သူ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းများကို စတာလင်ငြိမ်းချမ်းရေးဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဒီဆုကို လီနင်ငြိမ်းချမ်းရေးဆုလို့ အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါတယ်။)

ဒီအဖွဲ့အစည်းကြီးထဲမှာ ကမ္ဘာပေါ်က ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများ အဓိကပါဝင်ခဲ့သလို ဒီအဖွဲ့အစည်းကြီးရဲ့ ပထမဆုံးဥက္ကဋ္ဌဖြစ်သူ (Professor Frédéric JoliotCuri) ပရော်ဖက်ဆာကျူရီဟာ နိုဗယ်ဆုရှင် ရူပဗေဒ ပညာရှင်တဦးဖြစ်ရုံမျှမက ကွန်မြူနစ်တဦးလည်း ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကြီးရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အများစုဟာလည်း ကွန်မြူနစ်တွေ ဖြစ်ကြပါတယ်။

ဒီအဖွဲ့အစည်းကြီးမှာ ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ဥက္ကဋ္ဌတာဝန်ယူခဲ့သူ ထင်ရှားတဲ့ ဘယ်လ်ဂျီယန် အမျိုးသမီး Isabelle Blume အစ္စဘယ်လာဟာလည်း ဘယ်လ်ဂျီယံ ကွန်မြူနစ်ပါတီဝင် ဖြစ်ပါတယ်။

ဒီအချက်အလက်များကို ကြည့်ရင်ကိုပဲ ကမ္ဘာပေါ်က ကွန်မြူနစ်ပါတီများနဲ့ ကွန်မြူနစ်များဟာ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို တက်တက်ကြွကြွပါဝင်ထမ်းဆောင်ခဲ့ကြတယ်ဆိုတာ ထင်ရှားပါတယ်။ ကမ္ဘာတဝန်းမှ ကွန်မြူနစ်များဟာ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အဖွဲ့အစည်းများသာမက တခြား ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှာ ပါဝင်လှုပ်ရှားတာ၊ ပြည်သူလူထုနဲ့အတူ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေကို အတူလက်တွဲဆောင်ရွက်ခဲ့ကြတာတွေကလည်း ခေတ်ကာလ အဆက်ဆက် အများအပြားပါ။

(စစ်အေးခေတ်ကာလ၊ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားမှု စတဲ့ ခေတ်ကာလအခြေအနေများ ပြောင်းလဲသွားမှုအရ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီရဲ့ သဘောထား၊ ရပ်တည်ချက်၊ အမြင် အပြောင်းအလဲတွေ ရှိခဲ့သလို လှုပ်ရှားမှုတွေ အားနည်းလာတာ၊ အတက်အကျရှိလာတွေ ဖြစ်ပေါ်မှာ သေချာပါတယ်။ ဒါပေမဲ့ ကွန်မြူနစ်တွေအနေနဲ့ ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွ တာဝန်ယူထမ်းရွက်ခဲ့ကြတယ်ဆိုတဲ့ အချက်ကတော့ ငြင်းပယ်လို့ မရပါဘူး။)

ကွန်မြူနစ်တွေရဲ့ စစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်စနစ်ဆန့်ကျင်ရေး၊ နယ်ချဲ့စနစ်ဆန့်ကျင်ရေး၊ အကျဉ်းထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှုများ ဆန့်ကျင်ရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ရေးတို့ကိုလည်း ငြိမ်းချမ်းရေးလှုပ်ရှားမှုများနဲ့ အတူဆောင်ရွက်ခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်လို့ အစ္စဘယ်လာရဲ့ ပြောဆိုချက်တချို့ကို လေ့လာကြည့်ရင်ပဲ ထင်ရှားစွာ သိမြင်နားလည်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ အစ္စဘယ်လာဟာ ကွန်မြူနစ်တဦးအနေနဲ့ရော၊ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌတဦးအနေနဲ့ပါ မတရားတဲ့ စစ်ပွဲကို ပြတ်ပြတ်သားသားဆန့်ကျင်ပြီး ဗီယက်နမ်ပြည်သူတွေဘက်က ဘယ်လောက်ခိုင်ခိုင်မာမာ ရပ်တည်ပေးခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။

သူ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီမှာ ဥက္ကဋ္ဌတာဝန်ယူနေစဉ်က အမေရိကန်နယ်ချဲ့သမားဟာ ဗီယက်နမ်စစ်ပွဲမှာ ပါဝင်တိုက်ခိုက်နေပြီး အမေရိကန်ပြည်သူတွေအပါအဝင် ကမ္ဘာ့ပြည်သူတရပ်လုံးရဲ့ ဆန့်ကျင်ကန့်ကွက်မှုကို ခံနေရတဲ့အချိန်လည်း ဖြစ်ပါတယ်။

(အာရှတိုင်းပြည်တွေမှာ သူတို့ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် သူတို့ (အမေရိကန်) ဟာ ပထမဦးဆုံး အနေနဲ့ ဝန်ခံပြောကြားတာ လုပ်ရလိမ့်မယ်။ ဒီတိုင်းပြည်က အကျဉ်းသားတွေကို သူတို့ ဒဏ်ခတ်စီရင်ခဲ့ကြတဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေထဲမှာ အတော်များများ ညှဉ်းပန်းနည်းတွေဟာ အမေရိကန်တံဆိပ်ခတ်နှိပ်ထားတာတွေဖြစ်ကြောင်း အမေရိကန် ပြည်သူလူထု အများစုကသာ သိရှိသွားခဲ့ရင် ဒါအတွက် သူတို့ ဆန့်ကျင်ကန့်ကွက်ကြလိမ့်မယ်ဆိုတာ ကျွန်မအနေနဲ့ ယုံမှားသံသယ မရှိပါဘူး။ .............

............. အကောင်းဆုံး အလှဆုံး ဆေးမင်ကြောင် ထိုးထားတဲ့ အသတ်ခံခဲ့ရတဲ့ အကျဉ်းသားတွေရဲ့ လူ့အရေပြားတွေကို အကျဉ်းစခန်းအရာရှိတွေက သူတို့အတွက် စာကြည့်မီးအိမ် အုပ်ဆောင်းလုပ် ရာမှာနဲ့ စာအုပ်အဖုံးတွေ ချုပ်လုပ်ရာမှာ အသုံးပြုခဲ့ကြတယ်။ မီးသင်္ဂြိုဟ်တဲ့ နေရာအနီးအနားမှာ မီးသင်္ဂြိုဟ်အလှည့်ကျဖို့ အလောင်းပုံတွေ အထပ်ထပ်စီပြီး အချိန်စောင့်ဆိုင်းနေကြရတယ်။ အလောင်းပုံဆိုပေမယ့် ဒီအလောင်းတွေဆိုတာထဲမှာ တချို့က အသက်ရှင်နေဆဲဖြစ်ကြောင်း စာနယ် ဇင်းမိတ်ဆွေက ကျွန်မကို ပြောပြတယ်။ စစ်ပွဲနှစ် ကာလတွေအတွင်းမှာ အရှင်လတ်လတ် မီးထဲ ပစ်ချခံခဲ့ရသူတွေ ဘယ်လောက်တောင် များလိုက်လေမလဲ။ အမေရိကန် ညှဉ်းပန်းနှိပ်စက်နည်း၊ ဒါကိုတာ ညှဉ်းပန်းနှိပ်စက်နည်း၊ ချီကာဂို ညှင်းပန်း နှိပ်စက်နည်း စတဲ့ ညှဉ်းပန်းနှိပ်စက်

နည်းတွေ ရှိခဲ့ကြပါတယ်။ ဒီကိစ္စတွေဟာ သမိုင်းမျက်နှာစာမှာ အမေရိကန်ဆိုတဲ့ အမည်ကို အမည်းကွက် စွန်းထင်းသွားစေလောက်ပါတယ်။ အမေရိကန်အစိုးရရဲ့ လက်ကိုင်တုတ်ဖြစ်တဲ့ ဝိုဒင်ဇင်ဟာ ခေါ်ဆိုလေ့ရှိတဲ့ တောင်ဗီယက်နမ်လွတ်လပ်ရေးနေ့ဆိုတာမှာ ပြည်သူတွေရဲ့ အကြောင်းပြချက်အရ လုပ်တာပါဆိုတဲ့ မဟုတ်မဟတ် အကြောင်းပြချက်နဲ့ ခေါင်းပြတ် တခု – နောက်ပြီး အူတွေ အသည်းတွေ ထုတ်ပြထားတဲ့ လူသေအလောင်းတလောင်း – ဒါတွေကို ပြပွဲအဖြစ် ခင်းကျင်းပြသခဲ့တာ အမေရိကန် ပြည်သူတွေ သတိပြုမိပါရဲ့လား။ ပြည်သူတွေနဲ့ စပ်လျဉ်းတဲ့ အဲဒီလိုမျိုး ရက်စက်ကြမ်းကြုတ်မှုတွေကို ထပ်ဆင့်ကျူးလွန်မယ့်သဘော ပြသလိုက်တာလား။ အဲဒီလို ပြပွဲမျိုး ခင်းကျင်းပြသနေတဲ့ အချိန်မှာပဲ အမေရိကန် တိုက်သင်္ဘော Toledo တိုလီဒိုဟာ ရော့ကက်ဒုံးပျံတွေတင်ပြီး တောင်ဗီယက်နမ် ဆိပ်ကမ်းကို ဝင်လာခဲ့တယ်။ အိုင်ဆင်ဟောင်ဝါနဲ့ ခရုးရှော့တို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ လုပ်လာတဲ့ သူတို့ရဲ့ ဒီ – ကမူးရှူးထိုး စစ်လက်နက် ပြင်ဆင်မှုကို သူတို့ ဘယ်လို ရှင်းပြမလဲ။

.............. အမေရိကန်အာဏာပိုင်တွေ အနေနဲ့ ဘယ်လိုပဲ စဉ်းစားကြံဆမှုတွေလုပ်လုပ် ဘယ်လိုပဲ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ထုတ် ဒီကိစ္စအားလုံးကို ဖြေရှင်းပြနိုင်တဲ့ အကြောင်းပြချက်တွေ ရှိမှာမဟုတ်သလို ကွန်မြူနစ် မုန်းတီးရေးစိတ်ဓာတ်ကြောင့် ဆိုပြီး ဆင်သေကို ဆိတ်ရေနဲ့ ဖုံးကာ လီးလွှဲအကြောင်းပြလို့လည်း မရနိုင်ပါဘူး။

၁၉၃၀ ခုနှစ်တုန်းက ဆိုရိုးစကား တခု ရှိခဲ့ပါတယ်။ "ဖက်ဆစ်ဝါဒဆိုတာ စစ်ပွဲပဲ"တဲ့။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ငြိမ်းချမ်းရေး စစ်သည်တော်တွေအတွက် ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာ ပြည်သူ့အဖွဲ့အစည်းကြီးတရပ် ဖွဲ့စည်းဖို့ အကျိုးအကြောင်း လုံလောက်စေခဲ့ပါတယ်။)

အစ္စဘယ်လားရဲ့ ပြောဆိုချက်အရ ကွန်မြူနစ်တွေဟာ ငြိမ်းချမ်းရေး လှုပ်ရှားမှုများလုပ်ဆောင်ရာမှာ စစ်ပွဲတွေကို ဘယ်သူက ဖန်တီးနေတယ်၊ ပြည်သူတွေအပေါ် ညှဉ်းပန်းနှိပ်စက်မှုတွေကို ဘယ်သူက အဓိက လုပ်နေတယ်၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ အကြမ်းဖက်သတ်ဖြတ်မှုတွေရဲ့ အဓိက တရားခံ ဘယ်သူ ဖြစ်တယ်ဆိုတဲ့ အချက်တွေအပေါ် အမြင်ရှင်းရှင်းနဲ့ ကြည့်မြင်သုံးသပ်နိုင်စွမ်းရှိကြောင်းလည်း ထင်ရှားပါတယ်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ တရုတ်ပြည်ကွန်မြူနစ်ပါတီတို့ဟာလည်း ထိုစဉ်ကာလက အမေရိကန်နယ်ချဲ့သမားရဲ့ ကျူးကျော်စစ်ကို ဆန့်ကျင်ပြီး ဗီယက်နမ် ပြည်သူတွေရဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေကို အလေးအနက် ထောက်ခံပြီး၊ အားပေးကူညီတဲ့ တာဝန်ကို ထမ်းရွက်ခဲ့ကြပါတယ်။

ကမ္ဘာတဝန်းက ကွန်မြူနစ်တွေနဲ့ ကွန်မြူနစ်ပါတီတွေ ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေမှာ စွမ်းအားရှိသမျှ တာဝန်ထမ်းဆောင်ခဲ့ကြသလို ဗမာပြည်မှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်တွေဟာ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မိမိတို့အခြေအနေအလိုက် အစွမ်းကုန် ကြိုးပမ်းအားထုတ်ခဲ့ကြတာပါပဲ။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၄၅ ခုနှစ်တဝိုက်လောက်ကတည်းက နယ်ချဲ့ဆန့်ကျင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အခိုင်အမာ ရပ်တည်ဆော်ဩလာခဲ့တာဖြစ်ကြောင်း သမိုင်းအထောက်အထား အခိုင်အမာဖော်ပြလို့ရပါတယ်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလအတွင်းကတည်းက ဗမာပြည်ကွန်မြူနစ်ပါတီက တရားဝင်ထုတ်ပြန်ခဲ့တဲ့ ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်အမှတ် (၂) မှာ –

– (ကမ္ဘာ့ထာဝစဉ် ငြိမ်းချမ်းရေးသည် တကယ် မလွတ်တမ်း ရရှိလေအောင် (ဝါ) နယ်ချဲ့သမားတို့၏လုပ်ကြံမှုကို အကြွင်းမဲ့ပယ်ရှင်းနိုင်လေအောင် ဆိုဗီယက်ရုရှား အမှူးပြုသော ကမ္ဘာသူကမ္ဘာသားများ လက်အောက်ခံနိုင်ငံသူ နိုင်ငံသားများ၊ လွတ်လပ်ရေးအင်အားစု၊ ဒီမိုကရေစီအင်အားစုနှင့် ငြိမ်းချမ်းရေးအင်အားစု အားလုံးတို့သည် ထထကြွကြွ ညီညီညွတ်ညွတ်နှင့် အဆင်သင့် ဖြစ်နေဖို့ လိုပေကြောင်း) ဆိုပြီး ဗမာပြည် ပြည်သူ လူထုကို လှုံ့ဆော်ခဲ့ပါတယ်။

ကွန်မြူနစ်တွေဟာ တော်လှန်ရေး ဆင်နွှဲနေစဉ်ကာလမှာပင်လျှင် ငြိမ်းချမ်းရေးအလံကို မြင့်မြင့်မားမား ကိုင်စွဲလွှင့်ထူကြပါတယ်။ လီနင်က ရုရှားပြည်မှာ အောက်တိုဘာ တော်လှန်ရေးအောင်မြင်တဲ့ အကြောင်းအချက် (၄) ချက်အနက် နံပါတ် (၁) အချက်ဟာ ငြိမ်းချမ်းရေးအလံကို တော်လှန်ရေးက ကိုင်စွဲနိုင်ခဲ့ခြင်း ဖြစ်တယ်လို့ ပြောခဲ့ဖူးပါ

တယ်။ ရုရှားအစိုးရဟာ ၁၀ သန်းခန့်ရှိတဲ့ စစ်တပ်ကြီးနဲ့ ဂျာမနီကို သွားတိုက်တာ စစ်ရှုံးလာခဲ့ပါတယ်။ ဒီအချိန်မှာပဲ ရုရှားကွန်မြူနစ်တွေက ငြိမ်းချမ်းရေးအလံကို ကိုင်စွဲလွှင့်ထူလိုက်တာပါ။

ဗမာပြည်ကွန်မြူနစ်ပါတီဟာလည်း ဗမာပြည် ပြည်တွင်းစစ် စတင်ဖြစ်ပွားလာပြီး ပြည်တွင်းစစ်သက်တမ်းရှည်ကြာလာမယ့် အရိပ်အယောင်ကို တွေ့မြင်လာတာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စတင်ကြိုးပမ်းလာခဲ့ပါတယ်။ ၁၉၅၀ ခု အောက်တိုဘာလ ၂၄ ရက်နေ့ နေ့စွဲနဲ့ (ပြည်တွင်းစစ်ကိုရပ်စဲ၍ ပြည်တွင်းငြိမ်းချမ်းရေးကို ချက်ချင်းတည်ဆောက်ရန် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကြီးမှူးသော "ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့"မှတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တင်ပြချက်) ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနောက် ၁၉၅၃ ခုနှစ်ကနေစပြီး ၁၉၆၇ ခုနှစ်အထိ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ငြိမ်းချမ်းရေးကြွေးကြော်သံကို စတင်အသုံးပြုတာနဲ့အတူ ငြိမ်းချမ်းရေးအလံကို ကိုင်စွဲလွှင့်ထူခဲ့တာပါ။ ရန်သူရဲ့ ဖိနှိပ်မှုနဲ့ စစ်ရေးထိုးစစ် ပြင်းထန်နေတဲ့ အခြေအနေ၊ ပါတီတွင်း အခက်အခဲနဲ့ ပါတီတွင်းတိုက်ပွဲ ပြင်းထန်နေတဲ့ အချိန်အခါ အခြေအနေအရ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ငြိမ်းချမ်းရေး ကိုင်စွဲလွှင့်ထူမှုကို ရပ်နားထားရတဲ့ နှစ်ကာလတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၇၇ ခုနှစ်ကစပြီး ဒီမိုကရေစီရေးအလံ၊ အမျိုးသားသွေးစည်းညီညွတ်ရေးအလံတို့နဲ့အတူ ငြိမ်းချမ်းရေးအလံဆိုတဲ့ အလံသုံးလက်ကို စွဲစွဲမြဲမြဲ ကိုင်စွဲလွှင့်ထူလာခဲ့တာ ယနေ့အချိန်အထိပါပဲ။ ကွန်မြူနစ်ပါတီဝင်တဦးဖြစ်သူ ဗိုလ်မှူးချုပ်ကျော်ဇောနဲ့ ကွန်မြူနစ်အတွေးအခေါ်နဲ့ ရပ်တည်ချက်ရှိသူ ဗန်းမော်တင်အောင်တို့ ဗမာပြည်ရဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ ခေါင်းဆောင်မှု အပိုင်းကနေ ဦးစီးရှေ့ဆောင် ထမ်းရွက်မှုပြုခဲ့တာတွေကလည်း သမိုင်းမှာ အထင်အရှားပါ။

ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုများထဲမှာ ပါဝင်ခဲ့တဲ့ နိုင်ငံတကာမှ ကွန်မြူနစ်ခေါင်းဆောင်များနည်းတူ ဗမာပြည်ကွန်မြူနစ်ပါတီမှ ကွန်မြူနစ်တွေကလည်း ငြိမ်းချမ်းရေးရပ်တည်ချက်နဲ့အတူ မတရားစစ် ဖန်တီးသူ အဓိက တရားခံ ဘယ်သူလဲဆိုတာ ရှင်းလင်းအောင် ကြည့်မြင်ပါတယ်။ လက်နက်ကိုင်အကြမ်းဖက်မှု၊ လူအခွင့်ရေးချိုးဖောက်မှုနဲ့ မတရားဖိနှိပ်ညှဉ်းပန်းမှုတွေရဲ့ လက်သည်တရားခံကို ရှင်းရှင်းလင်းလင်း ကြည့်မြင်ပါတယ်။ ဒါကြောင့် (မာ့က်စ်ဝါဒီတို့သည် စစ်ကို မလိုလား။ သို့သော် မလိုလားသော စစ်မှာ မတရားသော စစ်သာ ဖြစ်တယ်။ အဖိနှိပ်ခံတို့ရဲ့ တော်လှန်တဲ့ တရားတဲ့ စစ်ပွဲများဆိုရင်တော့ မာ့က်စ်ဝါဒီတို့ဟာ အားပေးရုံတင်မက ရှေ့တန်းက အသက်စွန့်လွှတ်ပြီးတောင် ပါဝင်ထမ်းဆောင်ကြတယ်) ဆိုပြီး ကိုလိုနီခေတ်ကတည်းက ဗမာပြည်မှ ကွန်မြူနစ်တွေက အတိအလင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ မျက်မှောက်ကာလမှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီက ငြိမ်းချမ်းရေးအလံကို တဖက်က လွှင့်ထူထားသလို အခြားတဖက်ကလည်း "အုပ်စိုးသူက လက်နက်နဲ့ မတရား အကြမ်းဖက်ဖိနှိပ်လာပါက အဖိနှိပ်ခံတွေဘက်က လက်နက်နဲ့ ခုခံတော်လှန်တာဟာ တရားတယ်" ဆိုတဲ့ သဘောထားကို အတိအလင်း တင်ပြပြောဆိုခဲ့တာ ဖြစ်ပါတယ်။

လတ်တလော မြန်မာပြည်အရှေ့မြောက်ပိုင်းမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေအပေါ် ကြည့်မြင်ရာမှာ ပြည်တွင်းငြိမ်းချမ်းရေး မရရှိအောင် ပြည်တွင်းစစ်ကို ဘယ်သူက အဓိက ဖန်တီးနေသလဲဆိုတာ အပေါ်က ကြည့်မြင်သုံးသပ်ပါတယ်။ အစိုးရစစ်တပ်ဘက်က ၂၀ ရာစုပင်လုံ ဆွေးနွေးပွဲ မတိုင်မီကာလကရော၊ ၂၀ ပင်လုံကာလအတွင်းမှာရော၊ ၂၀ ရာစု ပင်လုံနောက်ပိုင်းမှာပါ တိုက်ပွဲအသေးအကြီးသာ ကွာကောင်းကွာမယ်၊ စစ်ဆင်ရေးတွေနဲ့ တိုက်ပွဲတွေ အဆက်မပြတ်လုပ်နေတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိမြင်နားလည်ထားပါတယ်။ (တိကျခိုင်မာစွာ လေ့လာသုံးသပ်ဖို့ လိုအပ်တဲ့ ခြွင်းချက်ကိစ္စတခုတလေကလွဲလို့) ယေဘုယျအားဖြင့် ဘယ်သူတွေကို အကြမ်းဖက်သမားလို့ နာမည်တပ်တပ်၊ ဘယ်သူတွေကို သောင်းကျန်းသူလို့ ပုတ်ခတ်ပုတ်ခတ်၊ ၄၈ ခုနှစ်ကစလို့ အုပ်စိုးသူအဆက်ဆက်ဟာ လက်နက်ကိုင် အကြမ်းဖက်မှုတွေ စတင်ပြုလုပ်ပြီး တောက်လျှောက်ဖိနှိပ်လာခဲ့တာဖြစ်တယ်လို့ ယူဆပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ငြိမ်းချမ်းအလံကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားတာကြောင့် ဗမာပြည် ပြည်သူလူထုကိုလည်း အခါအားလျော်စွာ ငြိမ်းချမ်းရေးပန်ကြားချက်တွေ ၊ ထုတ်ပြန်ချက်တွေ ထုတ်ပြီး ငြိမ်းချမ်းရေးအတွက် တင်ပြလှုံ့ဆော်ခြင်း ပြုပါတယ်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် နေ့စွဲနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက "ငြိမ်းချမ်းရေးလိုချင်သော ပြည်သူများအတွက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ကြေညာချက်" ဆိုတာကို တင်ပြခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်ထဲမှာ ပါဝင်တဲ့ အချက်အလက်တွေဟာ မျက်မှောက်ကာလ ငြိမ်းချမ်းရေးလှုပ်ရှားမှုအတွက်လည်း ဆီလျော်ကိုက်ညီနေဆဲပါ။ အဲဒီဆောင်းပါးထဲမှာ တင်ပြခဲ့တဲ့ အချက်အလက်ကို ဖော်ပြပြီး ဒီဆောင်းပါးကို နိဂုံးချုပ်ပေးလိုက်ချင်ပါတယ်။

(တိုင်းရင်းသားတွေဘက်က တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်အောင် ကျားကုတ်ကျားခဲ ကြိုးစားတာ တွေ့ရတယ်။ တန်းတူရေး၊ တရားမျှတမှုရှိရေး၊ စိတ်ရင်းစေတနာမှန်ရေး၊ ပွင့်လင်းမြင်သာမှု ရှိရေး ...... စတဲ့အချက်တွေကို တင်ပြခဲ့တယ်။ ဒါပေမဲ့ အုပ်စိုးသူတွေဘက်မှာ ရှေ့က အချက် ၃ ချက် မရှိဘူး၊ ပွင့်လင်းမြင်သာမှုဆိုတာကိုတော့ ပေါ်ပေါ်ထင်ထင်ကြီး ပြခဲ့ပြီ။ တပ်ပေါင်းစုတွေထဲ၊ အဖွဲ့အစည်းတွေထဲ၊ သပ်လျှိုတဲ့အလုပ်ကိုလည်း အောင်အောင်မြင်မြင် လုပ်ခဲ့ပြီ။ နိုင်ငံရေးပါတီတွေလည်း လွှတ်တော်ထဲ ခြေချုပ်မိနေကြပြီ။ ဒီတော့ စားပွဲဝိုင်းမှာ မရနိုင်တဲ့ တောင်းဆိုချက်တွေတောင်းပြီး တချိန်တည်းလိုလို နိုင်ငံအနှံ့ သေနတ်သံတွေ ပေးလာခဲ့တယ်။ တိုက်ပွဲတွေဖော်ပြီး တကွက်ပြီး တကွက်၊ တဖွဲ့ပြီးတဖွဲ့ စားဖို့ လုပ်လာတယ်။)

(တိုင်းပြည်အနှံ့၊ ကမ္ဘာအနှံ့ ပြည်သူတွေရဲ့ ငြိမ်းချမ်းရေးအသံတွေ ပြန့်လွင့်လာခဲ့ပြီ။ ဒါပေမဲ့ စစ်အုပ်စုရဲ့ ရမ္မက်က တစက်ကလေးမှ လျော့ပါးမသွား၊ တိုင်းရင်းသားဒေသတွေမှာ တိုက်ပွဲဖော်ထုတ်လာခဲ့သလို ပြည်မမှာ ညစ်နည်းပေါင်းစုံသုံးပြီး အာဏာကို ဆက်ထိန်းနိုင်ဖို့ လုပ်နေတယ်။ ကိုယ်ကျိုးအတွက် ပြည်ပနိုင်ငံတချို့နဲ့ ချိတ်ဆက်လုပ်တာတွေ များလာတယ်။သူတို့ကို သတိပေးချင်တယ်။)

(– ပြည်ပကို မှီခိုပြီး မိမိလူတန်းစားအကျိုးအတွက် ကစားကွက်ထွင်တဲ့ နိုင်ငံရေးဟာ အန္တရာယ်ရှိတယ်၊ – ပြည်တွင်း ငြိမ်းချမ်းရေးကို ရအောင် မလုပ်နိုင်သူတွေဟာ ပြည်ပရန် ကာကွယ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ............. ဆိုတာပဲ။)

(ငြိမ်းချမ်းရေးလိုချင်တဲ့ ပြည်သူများအနေနဲ့ကတော့ ရရင်ရ၊ မရရင်ကုပ်ပေါ်က မကောင်းဆိုးဝါးကို စည်းစည်းလုံးလုံးနဲ့ တွန်းချဖို့ပဲ ကျန်ပါတော့တယ်။ ။)

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၇၇ ခုနှစ်ကစပြီး
ဒီမိုကရေစီရေးအလံ၊
အမျိုးသားသွေးစည်းညီညွတ်ရေးအလံတို့နဲ့အတူ
ငြိမ်းချမ်းရေးအလံဆိုတဲ့ အလံသုံးလက်ကို စွဲစွဲမြဲမြဲ
ကိုင်စွဲလွှင့်ထူလာခဲ့တာ ယနေ့အချိန် အထိပါပဲ

# အောက်တိုဘာ တော်လှန်ရေးအောင်ပွဲရဲ့ အလင်းရောင် ထွန်းပြောင်ပါစေ
# (အောက်တိုဘာ တော်လှန်ရေး နှစ် ၁၀၀ ပြည့် အချိန်အခါသမယကို အထိမ်းအမှတ်ပြုခြင်း)

ကျရောက်လာတော့မယ့် ၂၀၁၇ ခုနှစ်ဟာ ကမ္ဘာ့အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပစ္စည်းမဲ့လုပ်သားတန်းစားရဲ့ ခေါင်းဆောင်လည်းဖြစ်၊ ရှေ့ဆောင်ဆရာကြီးလည်းဖြစ်တဲ့ ရဲဘော်လီနင် ခေါင်းဆောင်ခဲ့တဲ့ မဟာအောက်တိုဘာ တော်လှန်ရေး အောင်ပွဲ အနှစ် ၁၀၀ ပြည့်ကာလဖြစ်တယ်။ ဒီလို ထူးခြားလှတဲ့ အချိန် အခါသမယမှာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုစည်းရုံးရေးကော်မတီရဲ့ အာဘော်၊ ပြည်သူ့အာဏာဂျာနယ်ကနေ မဟာအောက်တိုဘာ တော်လှန် ရေးကို အောင်ပွဲခံစေခဲ့တဲ့ လီနင်ဝါဒနဲ့ ပတ်သက်လို့ စူးစမ်းလေ့လာ ရရှိချက် များကို တင်ပြရင်း မဟာအောက်တိုဘာ တော်လှန်ရေး နှစ် ၁၀၀ ပြည့် ဂုဏ်ရောင် ထွန်းပြောင်တဲ့ အခါသမယကို အထိမ်းအမှတ်ပြုလိုက်ပါတယ်။

## လီနင်ဝါဒ (Leninsim)

လီနင်ဝါဒဆိုတာဟာ နယ်ချဲ့စနစ်ခေတ်ကာလနဲ့ ပစ္စည်းမဲ့လုပ်သားတန်းစား တော်လှန်ရေး ခေတ်ကာလရဲ့ မာ့က်စ်ဝါဒဖြစ်တယ်။ ကြီးမြတ်တဲ့ ရှေ့ဆောင် ဆရာကြီး ရဲဘော်လီနင်ဟာ ရုရှားတော်လှန်ရေး ခေါင်းဆောင်မှု လက်တွေ့အတွင်း မာ့က်စ်ဝါဒကို သမိုင်းခေတ်သစ်ရဲ့ ပစ္စည်းမဲ့လုပ်သားတန်းစား တော်လှန်ရေးလှုပ်ရှားမှုနဲ့ အပြန်အလှန် ပေါင်းစပ်ရေးကို စွဲစွဲမြဲမြဲဆုပ်ကိုင်ကာ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ နယ်ချဲ့စနစ် အဆင့်သို့ ရောက်ရှိသွားတဲ့ တရားတွေကို နက်နက်နဲနဲ စူးစမ်းလေ့လာပြီး ပစ္စည်းမဲ့လုပ်သားတန်းစားနဲ့ အရင်းရှင်လုပ်သားတန်းစားအကြားက လုပ်သားတန်းစားတိုက်ပွဲရဲ့ အတွေ့အကြုံသစ်များကို နိဂုံးချုပ်ခဲ့တယ်။ ၂၀ ရာစု အစောပိုင်း လူမှုရေးသိပ္ပံ၊ သဘာဝသိပ္ပံတို့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသစ်လွင်ဆုံး အသီးအပွင့်တွေကို စုစည်းပေါင်းချုပ်ကာ မာ့က်စ်ဝါဒကို တီထွင်မှုရှိရှိ အသုံးချပြီး ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်။ ဒီလိုနဲ့ မာ့က်စ်ဝါဒသဘောတရားဟာ အဆင့်သစ်တရပ် တနည်း လီနင်ဝါဒသို့ ရောက်ရှိသွားတော့တယ်။ လီနင်ဝါဒဟာ မာ့က်စ်ဝါဒနဲ့ အတူတူဖြစ်ပြီး၊ ၎င်းရဲ့ ယေဘုယျမှုတွေဟာ ကမ္ဘာ့ပစ္စည်းမဲ့ လုပ်သားတန်းစားနဲ့ ၎င်းတို့ရဲ့ နိုင်ငံရေးပါတီဆိုင်ရာ အတွေးအခေါ် သဘောတရား အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒါကြောင့် မာ့က်စ်ဝါဒနဲ့ အတူတွဲပြီးတော့ မာ့က်စ်၊ လီနင်ဝါဒလို့ ခေါ်ဆိုကြတာ ဖြစ်တယ်။ ဒါကြောင့် လီနင်ဝါဒကို "နယ်ချဲ့စနစ်ခေတ်ကာလနဲ့ ပစ္စည်းမဲ့လုပ်သားတန်းစား တော်လှန်ရေး ခေတ်ကာလရဲ့ မာ့က်စ်ဝါဒ"လို့ ခေါ်ခဲ့ကြတာ ဖြစ်တယ်။ ဒါကို အစောဆုံး အမည်တပ်ခဲ့တာဟာ စတာလင်ဖြစ်တယ်။

## အစ မူလ

လီနင်ဝါဒဆိုတဲ့ ဝေါဟာရကို ၁၉၀၃ ခုနှစ် ရုရှားဆိုရှယ်ဒီမိုကရက်တစ် အလုပ်သမားပါတီရဲ့ ဒုတိယကွန်ဂရက်အပြီးမှာ စတင်တွေ့ရှိ ခဲ့ရတာဖြစ်တယ်။ ၁၉၂၄ မှာ စတာလင်က "လီနင်ဝါဒ အခြေခံများ"ဆိုတဲ့ စာအုပ်မှာ လီနင်ဝါဒကို စနစ်တကျ သုံးသပ်ဝေဖန်ဆွေးနွေးတင်ပြပြီး လီနင်ဝါဒကို "နယ်ချဲ့စနစ်ကာလနဲ့ ပစ္စည်းမဲ့ တော်လှန်ရေးကာလရဲ့ မာ့က်စ်ဝါဒ"လို့ အဓိပ္ပာယ် သတ်မှတ်ပေးခဲ့တယ်။ လီနင်ဟာ သမိုင်း အခြေအနေ အကြောင်းအချက်သစ်အောက်မှာ မာ့က်စ်ဝါဒ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံက ကောင်းမှုပြုခဲ့တယ်။ သူ့တင်ပြချက်တွေဟာ အတွေးအခေါ်သစ်၊ အမြင်သစ်တွေ အလွန်ကြွယ်ဝတယ်။ လီနင်ဝါဒကို ဖွဲ့တည်ထားတဲ့ အမြုတေအတွင်းသဘောတွေကို အောက်ပါအတိုင်း အဓိက ဘက် ၆ ဘက်ဖြင့် ဖော်ပြနိုင်တယ်။ (၁) နယ်ချဲ့စနစ် သဘောတရား (၂) ပစ္စည်းမဲ့လုပ်သားတန်းစား တော်လှန်ရေး သဘောတရား (၃) အမျိုးသား ကိုလိုနီဒေသ သဘောတရား (၄) ပစ္စည်းမဲ့အာဏာရှင်စနစ် သဘောတရား

(၅) ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး သဘောတရား (၆) ပုံစံသစ် ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ သဘောတရားတို့ ဖြစ်တယ်။ လီနင်ဝါဒဟာ လူသားသမိုင်းရဲ့ ခေတ်သစ်ကို စတင် ထူထောင် လိုက်ခြင်း ဖြစ်တယ်။ ၎င်းက ရုရှားပြည်သူတွေကို ကမ္ဘာပေါ်မှာ ပထမဆုံး ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရေးကို ရှေ့ဆောင် လမ်းပြပေး ပြီး ဆိုရှယ်လစ် တည်ဆောက်ရေးရဲ့ ရောမ အောင်မြင်ချက်များကို ရရှိစေခဲ့တယ်။ လီနင်ဝါဒက ကမ္ဘာ့အဖိနှိပ်ခံလူတန်းစားအားလုံးနဲ့ အဖိနှိပ်ခံ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အားလုံးကို အားပေး တယ်။ တွန်းဆော်ပေးတယ်။ လီနင်ဝါဒဟာ ဒီနေ့အထိ ပစ္စည်းမဲ့ လူတန်းစား တော်လှန်ရေးနဲ့ ဆိုရှယ်လစ် တည်ဆောက်ရေးရဲ့ လမ်းညွှန်အတွေးခေါ် ဖြစ်နေဆဲဖြစ်တယ်။

**အခြေခံမှုများ**

လီနင်ဝါဒရဲ့ အခြေခံမှုတွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁) လူမှုအုပ်စုတွေရဲ့ အရေးကြီးဆုံး မတူကွဲပြားမှုဟာ စီးပွားရေးကို အခြေခံပြီး လူတန်းစားအဖြစ် ပြဋ္ဌာန်းလိုက်တာဖြစ်တယ်။ လူတန်းစား (အရင်းရှင်လူတန်းစားနဲ့ အလုပ်သမားလူတန်းစား) အကြားမှာ အတိုက်အခံဖြစ်တယ်။ အတိုက်အခံ ပဋိပက္ခဟာ ထိန်းညှိလို့ မရနိုင်ဘူး။

(၂) အလုပ်သမားလူတန်းစားဟာ အရင်းရှင်လူတန်းစားရဲ့ နိုင်ငံရေး အာဏာကို အကြမ်းဖက် တွန်းလှန်ပြီး ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေး အာဏာကို ထူထောင်ရမယ်။ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအာဏာ ရဲ့ နိုင်ငံတော်ဟာ အုပ်ချုပ်ရေးအာဏာ ဗဟိုဦးစီးချုပ်ကိုင်တဲ့ အများပိုင် စနစ်ကို ကျင့်သုံးရမယ်။

**လီနင်ဝါဒရဲ့ အတွေးအခေါ်**

လီနင်ဝါဒရဲ့ မဏ္ဍိုင်ကတော့ ပစ္စည်းမဲ့လူတန်းစားဖြစ်ပြီး ပစ္စည်းမဲ့လူတန်းစား ဒီမိုကရေစီအရ ရွေးကောက် ပေါ်ထွက်လာတဲ့ ကိုယ်စားလှယ်တွေက ဓနရှင်လူတန်းစားအပေါ် အာဏာရှင်စနစ် ကျင့်သုံးတယ်။ အရင်းရှင်လူတန်းစား ဒီမိုကရေစီဟာ ဥစ္စာဓန အခြေခံပေါ်မှာ အတန်းအစား ခွဲခြားတဲ့ ဒီမိုကရေစီစနစ်ကို ထူထောင် ထားတယ်။ ဒါပေမဲ့ ပစ္စည်းမဲ့လူတန်းစားဟာ လူ့အဖွဲ့အစည်းမှာ အဖိနှိပ်ခံရဆုံး အနိမ့်ဆုံး အတန်းအစားဖြစ်တယ်။ သူတို့ ဒီမိုကရေစီ ခံစားရတယ်ဆိုမှသာ တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်တယ်။ ဒါ့ အပြင် မျက်မှောက်ခေတ် ဒီမိုကရေစီ နိုင်ငံတွေမှာ ပစ္စည်းမဲ့လူ တန်းစားဟာ ဒီမိုကရေစီထဲကို တကယ့် စစ်စစ်မှန်မှန် ပါဝင်ခွင့် မရနိုင် ပါဘူး။ မိမိလူတန်းစားအလွှာအတွက် ကိုယ်စားလှယ် မရှိနိုင်ပါဘူး။ အကြောင်းကတော့ အရင်းရှင်လူတန်းစားဟာ ရွေးကောက်ပွဲရဲ့ နောက်ကွယ်မှာ ဂုဏ်ဒြပ်တွေနဲ့ ဥစ္စာဓနကို ပေါင်းထည့်ထားလို့ပါပဲ။ ဒါပေမဲ့ လီနင်ဝါဒီတွေက ပစ္စည်းမဲ့လူတန်းစားဟာ အကြမ်းဖက်မှုနဲ့ အာဏာရှင်စနစ်ကို မကျော်ဖြတ်ရင် ပိုမိုခက်ခဲလိမ့်မယ်လို့ ယူဆတယ်။ သမိုင်းမှာ ပဲရစ်ဘုံအဖွဲ့ ရှုံးနိမ့်သွားပြီးနောက် အရင်းရှင်လူတန်းစား အစိုးရဟာ ဘုံအဖွဲ့ဝင် ၃ သောင်းကျော်ကို ပစ်သတ်ခဲ့တယ်။ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးပြီးနောက် ဗြိတိန်၊ ပြင်သစ်၊ ဂျပန်၊ အမေရိကန်စတဲ့ နိုင်ငံ ၁၀ နိုင်ငံကျော်က ဖွဲ့စည်းလိုက်တဲ့ မဟာမိတ် တပ်ဖွဲ့တွေနဲ့ ရုရှားဇာဘုရင်ကာလရဲ့ ပဒေသရာဇ် မြေရှင်တွေ ဖွဲ့စည်းထားတဲ့ တပ်ဖြူတွေဟာ ပိုမိုများပြားလှတဲ့ သာမန်အရပ်သူ အရပ်သားတွေကို သတ်ဖြတ်ခဲ့တယ်။ ဒါကြောင့် မာ့က်စ်ဝါဒီတွေက တော်လှန်ရေး ကွင်းဆက်ကာလတွေမှာ မင်းက သတ်ပေမယ့် ငါက ကျဆုံးသွားတာ မဟုတ်ဘူးလို့ ယူဆကြတယ်။ အဲဒီကတည်းက အရင်းရှင်လူတန်းစားနဲ့ ပစ္စည်းမဲ့လူတန်းစားတို့ လူ့အဖွဲ့အစည်း အပေါ် ခေါင်းဆောင်ခွင့် အခွင့်အာဏာကို လုယက်ကြတာဖြစ်တယ်။

**လီနင်ဝါဒ မွေးဖွားလာခြင်း**
**သမိုင်းအကြောင်းအချက်**

(၁) လူတန်းစား အခြေခံအုတ်မြစ်။ ၁၉ ရာစု ၇၀ ခုနှစ်များကာလမှာ ရုရှားပစ္စည်းမဲ့လူတန်းစားဟာ လွတ်လပ်တဲ့ နိုင်ငံရေးအင်အားစု တရပ်ဖြစ်လာတယ်။

(၂) အတွေးအခေါ် ဖွဲ့စည်းမှု အခြေခံအုတ်မြစ်။ ၈၀ ခုနှစ်များ ကာလ မှာ ပလက်ခနော့ဗ်၊ လီနင်စသူတို့က ရုရှားမှာ မာ့က်စ်ဝါဒကို စတင် ဝါဒဖြန့်ကြတယ်။ ရုရှားမှာ မာ့က်စ်ဝါဒ အစုတွေ ပေါ်လာတယ်။

(၃) လီနင်က လုပ်ငန်းတွေ ပြင်ဆင်တယ်။

**မွေးဖွားလာခြင်း မှတ်တိုင်**

၁၉၀၃ ရုရှား ဆိုရှယ် ဒီမိုကရေစီ အလုပ်သမားပါတီရဲ့ ဒုတိယအကြိမ် ကွန်ဂရက်။

**အနက်အဓိပ္ပာယ်**

လီနင်ဝါဒဟာ နယ်ချဲ့စနစ်ခေတ်ကာလရဲ့ မာ့က်စ်ဝါဒဖြစ်တယ်။

**လီနင်ရဲ့ အစောပိုင်းကာလ တော်လှန်ရေး လှုပ်ရှားမှုများ**

အလယ်တန်းမှာ စာသင်ယူနေစဉ်ကာလမှာ လီနင်ဟာ ရုရှား တော်လှန်တဲ့ ဒီမိုကရက်တွေရဲ့ စာအုပ်တွေကို စတင်လေ့လာတယ်။ သူဟာ ၁၈၈၇ မှာ ကာဇန်တက္ကသိုလ် (**University of Kazan**) တက်ရောက် ပညာသင်ယူတယ်။ တော်လှန်ရေးလှုပ်ရှားမှုမှာ ပါဝင် လို့ အဖမ်းခံရတယ်။ ၁၈၈၉ မှာ လီနင်ဟာ ရုရှားအလုပ်သမား

လုပ်ရှားမှုရဲ့ အချက်အချာဖြစ်တဲ့ ပီတာစဘတ်မြို့ကို ရောက်လာပြီး အလုပ်သမားထုထဲကို နက်နက်ရှိုင်းရှိုင်း တိုးဝင်ခဲ့တယ်။ မာ့က်စ်ဝါဒကို ဝါဒဖြန့်တယ်။ ၁၈၉၅ မှာ သူဟာ ပီတာစဘတ်မှာရှိတဲ့ မာ့က်စ်ဝါဒ အစု ၂၀ ကျော်နဲ့ ပေါင်းစည်းပြီး "အလုပ်သမားလူတန်းစား လွတ်မြောက်ရေး တိုက်ပွဲ အဖွဲ့ချုပ်"ကို ထူထောင်တယ်။ အဖွဲ့ချုပ်ဟာ မာ့က်စ်ဝါဒကို အလုပ်သမား လူတန်းစား လှုပ်ရှားမှုနဲ့ စတင်ပေါင်းစပ်လိုက်တယ်။ မော်စကို၊ ကီးယက်စတဲ့ဒေသမှာလည်း အလားတူ အဖွဲ့မျိုးကို ထူထောင်ကြတယ်။ အဲဒီနှစ် ဒီဇင်ဘာမှာ လီနင်ဟာ ဇာဘုရင်အစိုးရရဲ့ ဖမ်းဆီးခြင်းခံရတယ်။ နောင်မှာတော့ တကျွန်းပို့တဲ့အနေနဲ့ ဆိုက်ဘေးရီးယား အပို့ခံရတယ်။ ၁၉၀၀ မှာ လီနင် ဆိုက်ဘေးရီးယားမှ အချိန်ပြည့်လို့ ပြန်လွတ်လာပြီး ပလက်ခနော့ဗ် စသူတို့နဲ့ ပေါင်းပြီး "မီးပွား သတင်းစာ"ကို ထူထောင်တယ်။ သူဟာ ဒီသတင်း စာမျက်နှာတွေပေါ်မှာ မာ့က်စ်ဝါဒ ဝါဒဖြန့်ချိရေး ဆောင်းပါးတွေ တသီတတန်းကြီးကို ရေးခဲ့တယ်။ ပြန်ပြင်ရေးဝါဒကို ဝေဖန်ပြီး အလုပ်သမားလှုပ်ရှားမှုနဲ့ ပါတီတည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ လမ်းညွှန်အဓိပ္ပာယ်ဆောင်တဲ့ တော်လှန်ရေးသဘောတရားတွေကို သိပ္ပံနည်းကျ ရှင်းပြတယ်။ ရုရှားရဲ့ တိုးတက်တဲ့ အလုပ်သမားတွေနဲ့ ဆိုရှယ်ဒီမိုကရက်ပါတီဝင်တွေဟာ "မီးပွား သတင်းစာ"ပတ်ပတ်လည်လည်မှာ စုစည်းလာကြတယ်။ "မီးပွား သတင်းစာ"ကို လုပ်ငန်းအများအပြားရဲ့ အခြေခံအုတ်မြစ်အဖြစ်ထား ဆောင်ရွက်ခဲ့ပြီး ၁၉၀၃ မှာ ရုရှားဆိုရှယ်ဒီမိုကရေစီ အလုပ်သမား ပါတီရဲ့ ဒုတိယအကြိမ် ကွန်ဂရက်ကို ကျင်းပခဲ့တယ်။

## ရုရှားဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီ ပထမကွန်ဂရက်

၁၈၉၈၊ မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့ အထိ ကျင်းပခဲ့။ ပီတာစဘတ်၊ မော်စကို၊ ကီးယက်စတဲ့ဒေသတွေမှ 'တိုက်ပွဲသမဂ္ဂများ'နဲ့ ရုရှား အနောက်ပိုင်း အလုပ်သမား အစည်းအရုံးများမှ ကိုယ်စားလှယ် ၉ ယောက် ပါဝင်တယ်။ မင့်စ်မြို့မှာ ဒီကွန်ဂရက်ကို လျှို့ဝှက်ကျင်းပခဲ့တယ်။ ကွန်ဂရက်က ပါတီ ထူထောင်လိုက်ကြောင်း ကြေညာလိုက်ပြီး ကြေညာချက်အဖြစ် "ရုရှားဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီ ကြေညာချက်" ကို ထုတ်ပြန်ပါတယ်။ ရုရှား ပစ္စည်းမဲ့လူတန်းစားဟာ အာဏာရှင်စနစ်ရဲ့ ထိန်းချုပ်မှုအောက်က လွတ်ဖို့ဆိုရင် အရင်းရှင်စနစ်နဲ့ အရင်းရှင်လူတန်းစားတို့နဲ့ ဆိုရှယ်လစ်စနစ် အောင်ပွဲရတဲ့အထိ ပိုမိုကြီးမားတဲ့ ဖွဲ့နဘဲနဲ့ ဆက်လက်တိုက်ပွဲဝင်သွားကြပါ။ ကွန်ဂရက်က ဗဟိုကော်မတီကို ရွေးချယ်တင်မြှောက်ခဲ့ပါပြီ။ 'အလုပ်သမား သတင်းစာ'ကို ပါတီရဲ့ အာဘော်အဖြစ် ထုတ်ဝေဖို့ ခွင့်ပြုလိုက်ပါပြီ။ ကွန်ဂရက်ပြီးတဲ့နောက် ဇာဘုရင် ပုလိပ်များရဲ့ စစ်ဆေးဖမ်းဆီးမှုခံကြရပြီး 'အလုပ်သမားသတင်းစာ' ထုတ်ဝေခြင်းကို ရပ်ဆိုင်းဖို့ အတင်းအဓမ္မ ဖိအားပေးခံရပေမယ့် ဒေသအသီးသီးက ပါတီအဖွဲ့အစည်း အသီးသီးဟာ လျှို့ဝှက် ဆက်လက်လှုပ်ရှားကြပါတယ်။ လီနင်က "၁၈၉၈ ခုနှစ် နွေဦး ပါတီကို ထူထောင်တယ်။ ဆိုရှယ်ဒီမိုကရေစီပါတီရဲ့ ပါတီဝင်တွေရဲ့ ဆောင်ရွက်ချက်တွေဟာ အထူးချွန်ဆုံးဖြစ်သလို နောက်ဆုံး ဆောင်ရွက်ခဲ့ကြတဲ့ ကိစ္စတခုလည်း ဖြစ်တယ်။

## ရုရှားဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီရဲ့ ဒုတိယကွန်ဂရက်

၁၉၀၃ ခု၊ ဇူလိုင် ၃၀ ရက်မှ ဩဂုတ်လ ၂၃ ရက်နေ့အထိ ကျင်းပခဲ့တယ်။ ပထမ ဘရပ်ဆဲ၊ နောက် လန်ဒန်ကို ရွှေ့ပြောင်းသွားပြီး လျှို့ဝှက် ကျင်းပခဲ့ရတယ်။ ကွန်ဂရက်ကို ပလက်ခနော့ဗ် ဦးစီးကျင်းပပြီး အဓိက အဆိုပြုချက်ကတော့ ပါတီလုပ်ငန်းစဉ်၊ ပါတီစည်းမျဉ်းဥပဒေရေးဆွဲရေးနဲ့ ဗဟိုကော်မတီ ရွေးကောက်တင်မြှောက်ရေး ဖြစ်တယ်။ ပါတီကွန်ဂရက်မှာ ဆွေးနွေးညှိနှိုင်းကြတဲ့ ပါတီလုပ်ငန်းစဉ် မူကြမ်းကို 'မီးပွားသတင်းစာ'အယ်ဒီတာဌာနက တင်ပြခဲ့တာ ဖြစ်တယ်။ မူကြမ်းမှာ ပစ္စည်းမဲ့လူတန်းစား အာဏာ အရယူရေး တိုက်ပွဲကို ပါတီရဲ့ အဓိကလုပ်ငန်းတာဝန်အဖြစ် ထားရေးကို တင်ပြထားတယ်။ အပြင်းအထန် ဆွေးနွေးငြင်းခုန်ကြပြီးနောက် လုပ်ငန်းစဉ်မူကြမ်းကို ကွန်ဂရက်က အတည်ပြုလိုက်ကြတယ်။ ဒါဟာ မာ့က်စ်၊ အိန်ဂယ်တို့ ကွယ်လွန်သွားပြီးနောက် နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှုအတွင်း ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ကို ပါတီလုပ်ငန်းစဉ်မှာ ပထမဆုံး ထည့်သွင်းရေးသားလိုက်ခြင်း ဖြစ်တယ်။ ညီလာခံမှာ ပါတီစည်းမျဉ်းဥပဒေကို ဆွေးနွေးငြင်း ခုန်ကြတော့လည်း ပိုမိုအသည်းအသန် ဆွေးနွေးငြင်းခုန်ကြပါတယ်။ ဆွေးနွေးငြင်းခုန်မှုရဲ့ အချက်အချာ ပြဿနာကတော့ ပါတီစည်းမျဉ်းဥပဒေရဲ့ ပုဒ်မ (၁) ပါတီဝင်နဲ့ ပတ်သက်တဲ့ အကြောင်းအချက် ပြဿနာဖြစ်တယ်။ ပါတီလုပ်ငန်းစဉ်ကို အသိအမှတ်ပြုပြီး ပါတီကို ရုပ်ဝတ္ထုအရ ထောက်ပံ့ရုံမက ပါတီအဖွဲ့အစည်း တခုခုမှာ ပါဝင်နေသူမှန်သမျှ အားလုံးဟာ ပါတီဝင်ဖြစ်လာနိုင်တယ်လို့ လီနင်က ယူဆတယ်။ ဒါပေမဲ့ မားတော့ဗ် (၁၈၇၃–၁၉၂၃) က ပါတီဝင်ဟာ ပါတီအဖွဲ့အစည်း တခုခုမှာ ပါဝင်သူဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ ဘယ်လိုအယူအဆ ဆုပ်ကိုင်ထားသူပဲဖြစ်ဖြစ်၊ ပါတီလုပ်ငန်းစဉ်ကိုတော့ အသိအမှတ်ပြုသူ ဖြစ်ရမယ်။ ပါတီဝင်ဟာ ပါတီစည်းမျဉ်းကို မနာခံသူ၊ အဖွဲ့အစည်းရဲ့ ကန့်သတ်မှု မခံသူလည်း ဖြစ်နိုင်တယ်လို့ ယူဆတယ်။ ပလက်ခနော့ဗ်က လီနင်ရဲ့ စည်းမျဉ်းဥပဒေပါ အချက်အလက်များကို ထောက်ခံပါတယ်။ ဒါပေမဲ့

ကွန်ဂရက်မှာ အဆုံးအဖြတ်ကို ဖော်ပြကြရာမှာ အများစုက မားတော့ဗ်ကို ထောက်ခံခဲ့ကြတယ်။ ကွန်ဂရက်မှာ ခေါင်းဆောင်မှု အဆောက်အအုံကို ရွေးချယ်ကြရာမှာ အချောင်သမား ဂိုဏ်းသား တချို့ ထွက်သွားတဲ့အလျောက် အင်အားအချိုးအစားဟာ အပြောင်း အလဲဖြစ်သွားတော့တယ်။ ကွန်ဂရက်က ပလက်ခနော့ဗ်၊ လီနင်နဲ့ မားတော့ဗ်တို့ကို ပါတီဗဟိုရဲ့ အာဘော်'မီးပွားသတင်းစာ'ရဲ့ အယ်ဒီတာဌာနအဖြစ် ရွေးချယ်ပြီး လီနင်ကို ထောက်ခံသူ ကိုယ်စား လှယ် ၃ ဦးနဲ့ ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ကြတယ်။ ဒီအချိန်က စတင်ပြီး လီနင်ကို ထောက်ခံသူဟာ မဲအများစု ရတာကြောင့် (ရုရှားလို အများစုလို့ အဓိပ္ပာယ်ရှိတဲ့) ဗော်ရှီဗစ်လို့ခေါ်ကြပြီး၊ မဲ အနည်းစုသာ ရရှိသူများကိုတော့ (အနည်းစုလို့ အဓိပ္ပာယ်ရှိတဲ့) မင်ရှီဗစ်လို့ ခေါ်ခဲ့ကြတယ်။ ဗော်ရှီဗစ်အမြင်ဆိုင်ရာ စနစ်တွေကို ဗော်ရှီဗစ်ဝါဒလို့ ခေါ်ကြသလို မင်ရှီဗစ်ရဲ့ အမြင်ဆိုင်ရာ စနစ်များကို လည်း မင်ရှီဗစ်ဝါဒလို့ ခေါ်လိုက်ကြပါတယ်။ အဲဒီကနေ ရုရှား ဆိုရှယ် ဒီမိုကရေစီ အလုပ်သမားပါတီအတွင်း နိုင်ငံရေးအမြင် အတိုက်အခံ ဖြစ်တဲ့ ဂိုဏ်းအုပ်စု ၂ ခုပေါ်လာတယ်။ ဗော်ရှီဗစ်ဝါဒ ပေါ်လာခြင်းဟာ ရုရှားနိုင်ငံမှာ အမျိုးအစားသစ် ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ ထူထောင်လိုက်ခြင်းရဲ့ အမှတ်လက္ခဏာဖြစ်သလို လီနင်ဝါဒ မွေးဖွား လာခြင်းရဲ့ အမှတ်လက္ခဏာလည်း ဖြစ်တယ်။ နောင်မှာ လီနင်က "ဗော်ရှီဗစ်ဝါဒကို နိုင်ငံရေးအတွေးအခေါ် ရေစီးကြောင်းတခု အနေဖြင့်လည်းကောင်း၊ ပါတီတခုတည်ရှိမှု အနေဖြင့်လည်းကောင်း ၁၉၀၃ ခုနှစ်မှာ စတင်ခဲ့တယ်" လို့ ညွှန်ပြခဲ့ပါတယ်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

"လီနင်ဝါဒဟာ နယ်ချဲ့စနစ်နဲ့ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး ခေတ်ကာလရဲ့ မာ့က်စ်ဝါဒဖြစ်တယ်။ တိတိပပ ပြောရရင် လီနင်ဝါဒဟာ ပစ္စည်းမဲ့ လူတန်းစား တော်လှန်ရေးရဲ့ သဘောတရားနဲ့ နည်းပရိယာယ်ဖြစ်တယ်။ အထူးသဖြင့် ပစ္စည်းမဲ့ လူတန်းစား အာဏာရှင်စနစ်ရဲ့ သဘောတရားနဲ့ နည်းပရိယာယ် များ ဖြစ်တယ်"။

ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်ဟာ မှန်ကန်တိကျမှု ရှိပါ့မလား။

မှန်ကန်တိကျပါတယ်လို့ ယူဆပါတယ်။ ဘာကြောင့်ပါလဲ။ (၁) ၎င်း က လီနင်ဝါဒရဲ့ သမိုင်းရေသောက်မြစ်ကို တိတိကျကျ ညွှန်ပြတယ်။ လီနင်ဝါဒဟာ နယ်ချဲ့စနစ်ခေတ်ကာလရဲ့ မာ့က်စ်ဝါဒဖြစ်တယ်လို့ သတ်မှတ်တယ်။ ဒါဟာ လီနင်ကို ဝေဖန်ခဲ့တဲ့ လူတချို့နဲ့ ဆန့်ကျင်စွာ သူတို့က လီနင်ဝါဒဟာ နယ်ချဲ့စနစ်စစ်ပွဲပြီးတဲ့နောက်မှ ပေါ်ပေါက် ခဲ့တာ ဖြစ်တယ်ဆိုတဲ့ မှားယွင်းတဲ့ ထင်မြင်ယူဆချက်ကို တည့်မတ် ပေးလိုက်တာ ဖြစ်တယ်။ (၂) ၎င်းက လီနင်ဝါဒရဲ့ နိုင်ငံတကာ လက္ခဏာကို တိတိကျကျ ညွှန်ပြပေးတယ်။ ဒါဟာ ဆိုရှယ်ဒီမို ကရက်တွေနဲ့ ဆန့်ကျင်စွာ သူတို့က လီနင်ဝါဒဟာ ရုရှားနိုင်ငံ တနိုင်ငံတည်းရဲ့ အခြေအနေနဲ့သာ ဆီလျော်ကိုက်ညီမှု ရှိတယ်ဆိုတဲ့ ထင်မြင်ယူဆချက်ကို တည့်မတ်ပေးလိုက်တာ ဖြစ် တယ်။ (၃) ၎င်းက လီနင်ဝါဒဟာ မာ့က်စ်ဝါဒနဲ့ တပေါင်းတစည်းတည်း ဆက်စပ်မှုရှိတာ ကို တိတိကျကျ ညွှန်ပြပေးလိုက်တယ်။ လီနင်ဝါဒဟာ နယ်ချဲ့စနစ် ခေတ်ကာလရဲ့ မာ့က်စ်ဝါဒဖြစ်တယ်၊ လီနင်ဝါဒဟာ မာ့က်စ်ဝါဒကို တဆင့်တက် ဖြစ်ထွန်း တိုးတက်စေလိုက်တာ ဖြစ်တယ်၊ မာ့က်စ်ဝါဒ ကို ရုရှားနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ပေါင်းစပ်ကျင့်သုံးခဲ့တာလို့ တိတိကျကျ သတ်မှတ်ပေးတယ်။

## အဓိကပြဿနာ

လီနင်ဝါဒ အခြေခံများ စာအုပ်မှာ … "တချို့လူတွေက လီနင်ဝါဒအတွင်းက အခြေခံပြဿနာဟာ လယ်သမားပြဿနာလို့ ယူဆကြ တယ်။ တချို့က လီနင်ဝါဒရဲ့ အစချီချက်ဟာ လယ်သမားနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ အခန်းကဏ္ဍနဲ့ အချိုးအစားပြဿနာလို့ ယူဆကြတယ်။ ဒါဟာ လုံးဝမှားပါတယ်။ လီနင်ဝါဒအတွင်းက အဓိက ပြဿနာဟာ လီနင်ဝါဒရဲ့ အစချီချက်ဟာ လယ်သမားပြဿနာ မဟုတ်ဘဲ၊ ပစ္စည်းမဲ့လူတန်း စားအာဏာရှင်စနစ်၊ ပစ္စည်းမဲ့လူတန်း စား အာဏာရှင်စနစ် ရရှိရေး အကြောင်းအချက်၊ ပစ္စည်းမဲ့လူတန်း စား အာဏာရှင်စနစ် ခိုင်မာရေး အကြောင်း အချက်တွေဖြစ်တယ်။ လယ်သမားပြဿနာဆိုတာဟာ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေး အာဏာ ရရှိရေးတိုက်ပွဲအတွင်းက မဟာမိတ် ပြဿနာသာ ဖြစ် တယ်။ အဲဒီကနေ ဆင်းသက်လာတဲ့ ဆင့်ပွားပြဿနာသာ ဖြစ် တယ်" လို့ ရှင်းပြထားတယ်။

ဒီယူဆချက်ဟာ မှန်ကန်ပါသလား။ မှန်ကန်တယ် ထင် ပါတယ်။ ဒီယူဆချက်ဟာ လီနင်ဝါဒရဲ့ အဓိပ္ပာယ်သတ်မှတ် ချက်ကနေ ပေါ်ထွက်လာတာ ဖြစ်တယ်။ လီနင်ဝါဒဟာ ပစ္စည်းမဲ့ လူတန်းစား တော်လှန်ရေးသဘောတရားနဲ့ နည်းပရိယာယ်တွေ ဖြစ်တယ်၊ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးရဲ့ အခြေခံအတွင်း သဘောတွေ ဖြစ်တယ်ဆိုရင် လီနင်ဝါဒရဲ့ အဓိကပြဿနာဟာ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ပြဿနာ ဖြစ်တယ်။ ၎င်း ပြဿနာကို ရှင်းပြချက်ဖြစ်တယ်။ ၎င်းပြဿနာကို သက်သေပြ ချက်နဲ့ အခိုင်အမာပြချက်တွေ ဖြစ်ပါတယ်။

## အဆက်မပြတ်တော်လှန်ရေး သဘောတရား

လီနင်ဟာ အဆက်မပြတ်တော်လှန်ရေး အတွေးအခေါ်ကို အရင်းအတိုင်း လက်ခံခဲ့ပြီး ဒါကို မိမိရဲ့ တော်လှန်ရေး သဘောတရားရဲ့ အခြေခံ အုတ်မြစ်တခုအဖြစ် ပြောင်းလဲပစ်လိုက်တယ်။ ၁၉၀၅ ခုနှစ်က လီနင်တင်ပြခဲ့တဲ့ ဓနရှင်လူတန်းစား ဒီမိုကရေစီ တော်လှန်ရေးကို ဆိုရှယ်လစ် တော်လှန်ရေးအဖြစ် ပြောင်းလဲရေး အတွေးအခေါ်ဟာ မာ့က်စ်ရဲ့ အဆက်မပြတ်တော်လှန်ရေး သဘောတရားရဲ့ အခိုင်အမာ ပုံစံတရပ်ဖြစ်တယ်။
ဒီအချက်နဲ့ ပတ်သက်လို့ ၁၉၀၅ ခုနှစ်က လီနင်တင်ပြခဲ့တဲ့ ဒီစာပိုဒ်ကို ကြည့်ပါ။

"ကျွန်တော်တို့ဟာ ဒီမိုကရေစီ တော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေး ကူးပြောင်းရေးကို ချက်ချင်းစတင်ရမယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ အင်အားအရ၊ နိုးကြားမှုရှိတဲ့ စည်းရုံးမှုရှိတဲ့ ပစ္စည်းမဲ့လူတန်းစား အင်အားအရ ကူးပြောင်းရေးကို စတင်ရမယ်။ ကျွန်တော်တို့ဟာ အဆက်မပြတ် တော်လှန်ရေးကို ဆုပ်ကိုင်ထားရမယ်။ ကျွန်တော်တို့ဟာ တဝက်တပျက်နဲ့ ဘယ်နည်းနဲ့မှ ရပ်ပစ်လိုက်လို့ မဖြစ်ဘူး။ ... ... ... ကျွန်တော်တို့ဟာ အရဲစွန့်ဝါဒကို ဘယ်နည်းနဲ့မှ မလုပ်ဘူး။ ကျွန်တော်တို့ဟာ မိမိတို့ရဲ့ စိတ်ကောင်းစေတနာကောင်းတို့ကို ဘယ်နည်းနဲ့မှ ကျောခိုင်းမသွားဘူး။ နာမည်ကို ဘယ်တော့မှ အလွဲသုံးစားမလုပ်ဘူး။ ကျွန်တော်တို့ ပြောနိုင်တဲ့ ပြောလည်း ပြောရမယ့် အချက်တချက်သာ ရှိပါတယ်။ လယ်သမားထုတရပ်လုံး ဒီမိုကရေစီတော်လှန်ရေး အကောင်အထည်ဖော်ဆောင်ရေးကို အင်အားစုတရပ်လုံး သွားရောက်ကူညီရမယ်။ အဲဒီကတဆင့် ကျွန်တော်တို့ဟာ ပစ္စည်းမဲ့လူတန်းစားပါတီကို ပိုမိုလွယ်ကူပြီး အလျင်မြန်ဆုံးနဲ့ ပိုမိုမြင့်မားတဲ့ တာဝန်သစ် တနည်းအားဖြင့် ဆိုရှယ်လစ်တော်လှန်ရေးကို ကူးပြောင်းရောက်ရှိစေရမယ်"တဲ့။

၁၆ နှစ်ကြာပြီးတဲ့နောက် တနည်းအားဖြင့် ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအာဏာ ရရှိပြီးတဲ့နောက် ဒီပြဿနာနဲ့ ပတ်သက်လို့ လီနင် ဘယ်လို ရေးခဲ့သလဲ။ ကြည့်ကြစို့။
"ကောက်စကီ၊ ဟီးလ်ဖာဒင်၊ မားတော့ဗ်၊ ချားနော့ဗ်၊ ဟီးလ်ကွတ်၊ ရွှန်ကဲ၊ ဖိလစ်ပို ထုရာတီတို့လို လူစားမျိုးနဲ့ မာ့က်စ်ဝါဒရဲ့ တခြားသူရဲကောင်းတွေဟာ ဓနရှင်လူတန်းစား ဒီမိုကရေစီတော်လှန်ရေးနဲ့ ပစ္စည်းမဲ့လူတန်းစား ဆိုရှယ်လစ်တော်လှန်ရေးအကြား အပြန်အလှန် ဆက်စပ်မှုကို နားမလည်နိုင်ဘူး။ ဓနရှင်လူတန်းစား ဒီမိုကရေစီတော်လှန်ရေးကို ပစ္စည်းမဲ့လူတန်းစား ဆိုရှယ်လစ် တော်လှန်ရေးသို့ ပြောင်းလဲပစ်နိုင်တယ်။ ဓနရှင်လူတန်းစား ဒီမိုကရေစီ တော်လှန်ရေးရဲ့ ပြဿနာတွေကို ပစ္စည်းမဲ့လူတန်းစား ဆိုရှယ်လစ် တော်လှန်ရေးက အောင်မြင်ချောမွေ့စွာ ဖြေရှင်းနိုင်တယ်။ ဓနရှင်လူတန်းစား ဒီမိုကရေစီတော်လှန်ရေးရဲ့ အရေးကိစ္စတွေကို ခိုင်မာအောင် လုပ်ပေးနိုင်တယ်။ တိုက်ပွဲရှိမှသာ ပစ္စည်းမဲ့လူတန်းစား ဆိုရှယ်လစ် တော်လှန်ရေးဟာ ဓနရှင်လူတန်းစား ဒီမိုကရေစီ တော်လှန်ရေးရဲ့ တစုံတခုသော အဆင့်တခုသို့ ကျော်လွှားရေးကို ဖြေရှင်းနိုင်ပါလိမ့်မယ်"။

## ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး

ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးနဲ့ ဓနရှင်တော်လှန်ရေးရဲ့ ခြားနားချက်ကို အဓိကအားဖြင့် အောက်ပါ အချက် ၅ ချက်နဲ့ စုစည်း ဖော်ပြနိုင်တယ်။

(၁) ဓနရှင်လူတန်းစား တော်လှန်ရေးဟာ အရင်းရှင်စနစ် အဆောက်အအုံ အများအပြား အဆင်သင့် ပြီးပြည့်စုံနေတဲ့ အချိန်မှာ စတင် ပေါ်ပေါက်တာ ဖြစ်ပါတယ်။ ဒီပုံစံမျိုးတွေဟာ ပြောင်အတိအလင်း တော်လှန်ရေးတွေ မတိုင်မီက ပဒေသရာဇ်လူ့အဖွဲ့အတွင်းမှာ ရှင်သန်ကြီးထွားရင့်ကျက်လာတာ ဖြစ်တယ်။ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးကတော့ ဆိုရှယ်လစ်စနစ် အဆောက်အအုံ ပြီးပြည့်စုံမှု မရှိသေးမီ ဒါမှမဟုတ် မရှိသလောက်နီးနီး အချိန်မှာ စတင်ပေါ်ပေါက်လာတာဖြစ်တယ်။

(၂) ဓနရှင်လူတန်းစား (အရင်းရှင်လူတန်းစား) တော်လှန်ရေးရဲ့ အခြေခံတာဝန်က နိုင်ငံရေးအာဏာ အရယူရေးဖြစ်ပြီး နိုင်ငံရေးအာဏာကို ရရှိပြီးသား အရင်းရှင်လူတန်းစား စီးပွားရေးနဲ့ ဆီလျော်စေရေးဖြစ်တယ်။ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးရဲ့ အခြေခံ တာဝန်ကတော့ နိုင်ငံရေးအာဏာ ရရှိပြီးနောက် အသစ်ဖြစ်တဲ့ ဆိုရှယ်လစ်စနစ် စီးပွားရေး ထူထောင်ဖို့ ဖြစ်တယ်။

(၃) ဓနရှင်လူတန်းစား တော်လှန်ရေးက ယေဘုယျအားဖြင့် နိုင်ငံရေးအာဏာအရယူပြီးရင် ပြီးမြောက်သွားပြီ။ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးကတော့ အာဏာအရယူရေးဟာ တော်လှန်ရေး အစချီချက်သာဖြစ်ပြီး နိုင်ရေးအာဏာဟာ စီးပွားရေးဟောင်းကို ပြုပြင်ပြောင်းလဲရေးနဲ့ စီးပွားရေးသစ် ဖွဲ့စည်းရေးကို အသုံးချ လုပ်ဆောင်သွားဖို့ မောင်းတံဖြစ်တယ်။

(၄) ဓနရှင်လူတန်းစား တော်လှန်ရေးဟာ သွေးစုပ်တဲ့ အုပ်စုတခုက အခြားသွေးစုပ်တဲ့ အုပ်စုတခုကို အာဏာဆုပ်ကိုင်ရေးပေါ်မှာ ကန့်သတ်ထားတာဖြစ်တယ်။ ဒါကြောင့် ဒီတော်လှန်ရေးက နိုင်ငံတော်ယန္တရားဟောင်းကို တွန်းလှန်ဖြိုဖျက်ပစ်ဖို့မလိုဘူး။ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးကတော့ သွေးစုပ်တဲ့ အုပ်စုမှန်သမျှ နိုင်ငံရေးအာဏာမှ တွန်းလှန်ဖြိုချပစ်ပြီး သွေးစုပ်ခံလုပ်သားထု တရပ်လုံးရဲ့

ခေါင်းဆောင် တနည်းအားဖြင့် ပစ္စည်းမဲ့လူတန်းစားက အာဏာဆုပ်ကိုင်ဖို့ ဖြစ်တယ်။ ဒါကြောင့် ပစ္စည်းမဲ့တော်လှန်ရေးဟာ နိုင်ငံတော် ယန္တရားဟောင်းကို ဖြိုချဖျက်ဆီးပစ်ပြီး နိုင်ငံတော် ယန္တရားသစ်နဲ့ အစားမထိုးလို့ မဖြစ်နိုင်ပါဘူး။

(၅) ဓနရှင်လူတန်းစား တော်လှန်ရေးဟာ ကုဋေကုဋာသော သွေးစုပ်ခံ လုပ်သားပြည်သူများကို ဓနရှင်လူတန်းစားရဲ့ ပတ်ပတ်လည်မှာ စည်းလုံးညီညွတ်ရေးကို နည်းနည်းကလေးမှ အချိန်ကြာနေလို့ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲ။ ၎င်းတို့ဟာ သွေးစုပ်ခံအလုပ်သမားတွေ ဖြစ်နေလို့ပါပဲ။ ဒါပေမဲ့ ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးကတော့ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအာဏာ ခိုင်မာရေးနဲ့ ဆိုရှယ်လစ်စနစ် စီးပွားရေး သစ် ထမြောက်အောင်မြင်အောင် တည်ဆောက်ရေး ဒီအခြေခံတာဝန် ပြီးမြောက်အောင်မြင်ဖို့ သွေးစုပ်ခံလုပ်သားပြည်သူတွေကို ပစ္စည်းမဲ့လူ တန်းစားနဲ့ ရေရှည်မဟာမိတ်ဖွဲ့ရေးကို လုပ်လည်းလုပ်နိုင်တယ်၊ လုပ်လည်းလုပ်ရမယ်။ ဘာကြောင့်လဲ။ ဒီပြည်သူလူထုဟာ သွေးစုပ်ခံ အလုပ်သမားတွေ ဖြစ်နေလို့ပါပဲ။

## ပစ္စည်းမဲ့လူတန်းစားအာဏာရှင်စနစ်

ပစ္စည်းမဲ့လူတန်းစားအာဏာရှင်စနစ်မှာ အဓိက ဘက် ၃ ဘက်ရှိတယ်။

(၁) ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအာဏာကို အသုံးချပြီး သွေးစုပ်သူများကို ဖိနှိပ်တယ်၊ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်တယ်၊ တခြားနိုင်ငံ အသီးသီးက ပစ္စည်းမဲ့လူတန်းစား အချင်းချင်းအကြားရှိ ဆက်ဆံမှုကို ခိုင်မာစေပြီး ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ တော်လှန်ရေး ဖြစ်ထွန်းတိုးတက်ရေး နဲ့ အောင်ပွဲရရှိရေးကို တွန်းဆော်ပေးတယ်။

(၂) ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအာဏာကို အသုံးချပြီး သွေးစုပ်ခံလုပ်သားပြည်သူများကို ဓနရှင်လူတန်းစားနဲ့ လုံးဝကင်းကွာစေပြီး ပစ္စည်းမဲ့လူတန်းစားနဲ့ ဒီလူထုရဲ့ မဟာမိတ်ကို ခိုင်မာစေကာ ဒီလူထုကို ဆိုရှယ်လစ် တည်ဆောက်ရေးလုပ်ငန်းရပ်မှာ ပါဝင်ရေးကို ဆွဲဆောင်မယ်၊ ပစ္စည်းမဲ့လူတန်းစားဟာ ဒီလူထုက နိုင်ငံတော် ခေါင်းဆောင်သွားရေးကို အာမခံပေးတယ်။

(၃) ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအာဏာက ဆိုရှယ်လစ်စနစ်ကို စည်းရုံးဖွဲ့စည်း လူတန်းစားကွဲပြားမှုကို ချေမှုန်း လူတန်းစားမဲ့ လူ့အဖွဲ့အစည်းသို့ ကူးပြောင်းရေးဖြစ်တယ်။ ဆိုလိုတာက ဆိုရှယ်လစ်စနစ် လူ့အဖွဲ့အစည်းသို့ ကူးပြောင်းရောက်ရှိသွားရေးဖြစ်တယ်။

## ဆိုရှယ်လစ်စနစ် နိုင်ငံတနိုင်ငံအတွင်းအောင်မြင်ရေးနဲ့ ပတ်သက်တဲ့ပြဿနာ

အရင်က ဆိုရှယ်လစ်တော်လှန်ရေး နိုင်ငံတနိုင်ငံတည်းမှာ အောင်မြင်ရေးဆိုတာ မဖြစ်နိုင်ဘူးလို့ ယူဆခဲ့တာကြောင့် ဓနရှင်လူတန်းစားကို အောင်ပွဲခံဖို့ဆိုရင် ရှေ့တန်းရောက် အရင်းရှင်စနစ်နိုင်ငံအားလုံးမှာ ဒါမှမဟုတ် ယုတ်စွအဆုံး ရှေ့တန်းရောက် အရင်းရှင်စနစ် နိုင်ငံအများစုရှိ ပစ္စည်းမဲ့တွေ အတူတကွ တိုက်ပွဲဝင်ကြမှ ဖြစ်မယ်လို့ ယူဆခဲ့တယ်။ ယခုတော့ ဒီအမြင်ဟာ လက်တွေ့အခြေအနေနဲ့ မဆီလျော်တော့ဘူး။ ယခုအခါ အမျိုးမျိုးသော မတူကွဲပြားနေတဲ့ အရင်းရှင်စနစ် နိုင်ငံတွေဟာ နယ်ချဲ့စနစ် အခြေအနေတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှု မညီညာမှုနဲ့ ခုန်လွှားတိုးတက်မှုတွေ၊ နယ်ချဲ့စနစ်အတွင်းမှာ မုချစစ်ဖြစ်ပွားစေတဲ့ ကပ်ဘေးသဘောဆောင်တဲ့ ပဋိပက္ခတွေဟာ မလွှဲသာမရှောင်သာ ဖြစ်ပေါ် တိုးတက်နေတာ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှာ တော်လှန်ရေးလှုပ်ရှားမှုတွေ တိုးပွားနေတာကြောင့် ဒါတွေအားလုံးဟာ နိုင်ငံတခုချင်းအတွင်းမှာ ပစ္စည်းမဲ့လူတန်းစားဟာ အောင်ပွဲခံနိုင်ရုံမက မုချအောင်ပွဲခံနိုင်ပါလိမ့်မယ်။

ဆိုရှယ်လစ်စနစ်ဟာ နိုင်ငံတနိုင်ငံအတွင်းမှာ အောင်ပွဲခံနိုင်တယ်ဆိုတာ ဘယ်လိုသဘောဆောင်ပါသလဲ။

ဒါဟာ မိမိအတွင်းပိုင်းအင်အားဖြင့် ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားအကြားက ပဋိပက္ခကို ဖြေရှင်းနိုင်တယ်။ ဒါဟာ တခြားနိုင်ငံက ပစ္စည်းမဲ့တွေရဲ့ စာနာမှုနဲ့ ထောက်ခံကူညီမှုအောက်မှာ တခြားနိုင်ငံက ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးက ကြိုတင်အောင်ပွဲခံထားတာမျိုး မလိုအပ်ဘဲ ပစ္စည်းမဲ့လူတန်းစားနိုင်ငံရေးအာဏာ သိမ်းပိုက်နိုင်ရင် အဲဒီနိုင်ငံရေးအာဏာကို အသုံးချပြီး မိမိနိုင်ငံအတွင်းမှာ ဆိုရှယ်လစ်စနစ် လူ့အဖွဲ့အစည်းကို အောင်မြင်ပြီးမြောက်အောင် တည်ဆောက်နိုင်ပါတယ်။

ဒီလိုအခြေအနေမျိုး မရှိရင် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး အနာဂတ်ဟာ မရှိနိုင်ပါဘူး။ ဆိုရှယ်လစ်စနစ်ကို အောင်မြင်ပြီးမြောက်အောင် တည်ဆောက်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်လည်း မထူထောင်နိုင်တော့ဘူး။ ဆိုရှယ်လစ်စနစ်ကို အောင်မြင်ပြီးမြောက်အောင် တည်ဆောက်နိုင်တယ်လို့ မယုံကြည်ရင်၊ နည်းပညာ နောက်ကျမှုဟာ ဆိုရှယ်လစ်စနစ် လူ့အဖွဲ့အစည်းကို ပြီးပြည့်စုံအောင် တည်ဆောက်ရေးလမ်းကြောင်းပေါ်က မကျော်နင်းနိုင်တဲ့ အတားအဆီးလို့ မယုံကြည်ရင် ဆိုရှယ်လစ်စနစ်ကိုလည်း တည်ဆောက်နိုင်မှာ မဟုတ်ဘူး။ ဒီဖြစ်နိုင်မှုကို ငြင်းပယ်ခြင်းဟာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို မယုံကြည်တာဖြစ်လို့ လီနင်ဝါဒကို ကျောခိုင်းခြင်းဖြစ်တယ်။



## အဆင့်နေရာ

လီနင်ဟာ သမိုင်းအကြောင်းအချက်သစ်များအောက်မှာ ရုရှားပြည် ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေး၊ ဆိုရှယ်လစ်တည်ဆောက်ရေး၊ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု ဖွံ့ဖြိုးတိုးတက်မှု ပြန်လည်ရရှိရေးတို့မှာ မာ့က်စ်ဝါဒကို အသုံးချတယ်။ အချောင်သမားအမျိုးမျိုးနဲ့ မှားယွင်းတဲ့ စဉ်းစားတွေးခေါ်မှု ရေစီးကြောင်းတွေကို ဝေဖန်ရှုတ်ချမှုအတွင်း အခြေအနေသစ်အရ အမြင်သစ်နဲ့ သဘောတရားသစ်များကို တင်ပြခဲ့တယ်။ မာ့စ်ဝါဒ အခြေခံမှုတွေကို ကြွယ်ဝ၊ ဖွံ့ဖြိုးတိုးတက်စေလိုက်ပြီး မာ့က်စ်ဝါဒကို အဆင့်သစ်တရပ်သို့ တွန်းတင်ပေးလိုက်ပါတယ်။ အဲဒါဟာ လီနင်ဝါဒပါပဲ။

## နိဂုံး

ကျွန်တော်တို့ ပါတီ ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေမှာ “မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ပါတီရဲ့ လမ်းညွှန်အတွေးအခေါ်အဖြစ်” ပြဌာန်းထားတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာ့အခြေအနေသစ်များအောက်မှာ ဒီပြဌာန်းချက်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်မြဲဆုပ်ကိုင်ပြီး ယခုလို ကျရောက်လာတော့မယ့် အောက်တိုဘာ တော်လှန်ရေး နှစ် ၁၀၀ ပြည့်မြောက်တဲ့ ထွန်းပြောင်တဲ့ အချိန်အခါသမယမှာ ကျွန်တော်တို့ဟာ **လီနင်ဝါဒ**ရဲ့ သင်ကြားချက်များကို ပိုမိုနက်နက်နဲနဲ နားလည်သဘောပေါက်အောင်စုပေါင်းလေ့လာရေး၊ လက်တွေ့အခြေအနေနဲ့ မှန်ကန်စွာ ပေါင်းစပ်နိုင်ရေးကို ကြိုးပမ်းအားထုတ်ရင်း အောက်တိုဘာတော်လှန်ရေး အနှစ် ၁၀၀ ပြည့် အချိန်အခါသမယကို မိမိတို့ ရောက်ရှိနေတဲ့ အခြေအနေနဲ့အညီ တက်တက်ကြွကြွ အထိမ်းအမှတ် ပြုကြပါစို့။

လီနင်ဝါဒ အစွန့်ရှည်ပါစေ။

အောက်တိုဘာတော်လှန်ရေးရဲ့ အလင်းရောင် ထွန်းပြောင်ပါစေ။

၂၀၁၆၊ အောက်တိုဘာ။

ကိုးကား။ ။ တရုတ်ဘာသာနဲ့ ဆိုရှယ်လစ်စနစ် သုတေသန ဝက်ဆိုက်မှ လီနင်ဝါဒဆိုတဲ့စာတမ်း။

# စစ်အုပ်စုအဆိပ်ရည်ကို တံဆိပ်သစ်ကပ်၊ ပုလင်းသစ်ပြောင်း ထည့်ပေးရတာမျိုးမဖြစ်စေနဲ့

"နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"

ဒီဖော်ပြချက်က စစ်အုပ်စုရဲ့ရပ်တည်ချက်နဲ့ သဘောထားကို ခြုံငုံဖော်ပြထားချက်ဖြစ်ပါတယ်။ စစ်အုပ်စုရဲ့အတွေးအခေါ်လို့ ပြောမယ်ဆိုရင်လည်း ပြောလို့ရပါတယ်။ စစ်အုပ်စုက သူတို့ရဲ့ ဒီရပ်တည်ချက်နဲ့ သဘောထားကို အတွေးအခေါ်အရ၊ သမိုင်း အချက်အလက်အရ၊ ဥပဒေအရပါ အတင်းအကျပ်ကိုင်ပြီး လက်ခံခိုင်းနေတာဖြစ်ပါတယ်။

အတွေးအခေါ်အရဆိုတာက "တပ်မတော်" ကို နိုင်ငံတော်ရဲ့ အထက်မှာတင်ထားပြီး၊ နိုင်ငံတော်ကို ကျရောက်လာတဲ့ ဘေးအန္တရာယ်တွေထဲကနေ ကယ်တင်နိုင်တဲ့ တဦးထဲသော ကယ်တင်ရှင်ဟာ "တပ်မတော်" ပဲရှိတယ်ဆိုတဲ့ အတွေးအခေါ်ကို ပြောတာပါ။

သမိုင်းအချက်အလက်အရဆိုတာက အထက်ပါ အတွေးအခေါ်ဆိုတဲ့အချက်ကို ကိုလိုနီဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးစတဲ့ သမိုင်းဝင်လှုပ်ရှားမှုတွေနဲ့ တတန်းတည်းထားပြီး လိုသလို အသုံးချရေးသားဝါဒဖြန့်နေတာတွေကို ပြောတာပါ။

ဥပမာအားဖြင့် နယ်ချဲ့နဲ့ ဖက်ဆစ်ဂျပန်တော်လှန်ခဲ့တဲ့ တပ်မတော်ရဲ့ သမိုင်းအစဉ်အလာနဲ့ ၁၉၄၈ လွတ်လပ်ရေး ရပြီးနောက် အုပ်စိုးသူအစိုးရ အာဏာလက်မလွှတ်ရရေးအတွက် လက်ကိုင်တုတ်အခန်းက ပါဝင်ကပြအသုံးတော်ခံခဲ့တာကို တတန်းတည်း သဘောထားပြီး ကြည့်မြင်လို့ မဖြစ်ပါဘူး။ ထို့အတူ ၁၉၄၈ – ၄၉၊ ၁၉၅၈၊ ၁၉၆၂၊ ၁၉၈၈ စတဲ့ သမိုင်းအချိုးအကွေ့တွေမှာ စစ်တပ်ဟာ အုပ်စိုးသူတွေရဲ့အာဏာနဲ့အကျိုးစီးပွားကာကွယ်ပေးခဲ့ပြီး။ ပြည်သူတွေကို အကြမ်းဖက်ဖိနှိပ်ခဲ့တာပါ။ အဲဒီလို အုပ်စိုးသူတွေရဲ့ အာဏာနဲ့ အကျိုးစီးပွားအတွက်သာ ကာကွယ်ရပ်တည်ပေးခဲ့တာတွေနဲ့ ကိုလိုနီဆန့်ကျင်ရေး၊ ဖက်ဆစ် ဂျပန်တော်လှန်ရေးစတဲ့ သမိုင်းဝင်လှုပ်ရှားမှုတွေကို တတန်းတည်းထားပြီး၊ ရောထွေးပြီး လိမ်ညာဝါဒဖြန့်နေတာတွေကို ဘယ်လိုမှ လက်ခံလို့မဖြစ်နိုင်ပါဘူး။

ဥပဒေအရ ဆိုတာကတော့ "၂၀၀၈ အခြေခံဥပဒေ" ကို လက်ညှိုးထိုးပြရမှာပါ။ ဒီဥပဒေရဲ့အနှစ်သာရ စစ်အုပ်စုရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းပေးထားတဲ့ အချက်ပါပဲ။ ၂၀၀၈ အခြေခံဥပဒေပုဒ်မ ၆ (စ)၊ ပုဒ်မ ၁၄၊ ပုဒ်မ ၂၀၊ ပုဒ်မ ၄၀ (ခ) နဲ့ (ဂ) တို့ကိုပဲ ဖတ်ကြည့်ရင် သိနိုင်ပါတယ်။ အမြင်သာဆုံး အချက်ကတော့ လူထုဆန္ဒမဲနဲ့ ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များအများစု (၇၅%) ရဲ့ ဆန္ဒကို ကာချုပ်ဆိုတဲ့ စစ်တပ်ကို ချုပ်ကိုင်ထားသူ တစ်ဦးတစ်ယောက်က စေလွှတ်ထားတဲ့ စစ်ဗိုလ် (၁၁၀ + ၅၆ = ၁၆၆ ဦး) သို့မဟုတ် (၂၅%) က ငှက်ပျောသီးအခွံနွှာစားသလို အလွယ်တကူ ပစ်ပယ်နိုင်တဲ့ အချက်ပဲဖြစ်ပါတယ်။

စစ်အုပ်စုက သူတို့ ရပ်တည်ချက်နဲ့ သဘောထားကို ဥပဒေပုဒ်မအဖြစ်ဖန်တီးပြီး "ထိန်းသိမ်း ကာကွယ်စောင့်ရှောက်လိုက်နာပါမည်" လို့ ကျမ်းသစ္စာဆိုခိုင်းထားတာ ဖြစ်ပါတယ်။ တချို့က ဒီကျော့ကွင်းထဲဝင်၊ ဒီကျမ်းသစ္စာကိုဆိုပြီး ဒီဥပဒေကို ပြင်ဆင်ဖို့ လုံးပန်းနေကြပါတယ်။ နဖူးတွေ့ဒူးတွေ့ အတွေ့အကြုံတွေနဲ့ သင်ခန်းစာတွေတော့ အတန်အသင့်ရရှိထားပြီး ဖြစ်ပါတယ်။ မြည်းစမ်းစရာ အတွေ့အကြုံသစ်တွေကလည်း ရှေ့မှာ အစီအရီနဲ့ပါ။

စစ်အုပ်စုရဲ့ဒီလိုရပ်တည်ချက်နဲ့သဘောထားကို (အတွေးအခေါ်အရ၊ သမိုင်းကြောင်းအရ၊ ဥပဒေအရ) ဘယ်လို အကြောင်းအချက်နဲ့မှ လက်ခံဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် စစ်အုပ်စုရဲ့ ဒီလိုရပ်တည်ချက်နဲ့ သဘောထားကို ပထမအချက်က ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်။ ဒုတိယ အချက်က အကုန်အစင်တိုက်ဖျက်ပစ်ရမယ် ဆိုတာပါပဲ။

စစ်အုပ်စုက သူတို့ဖော်စပ်ထားတဲ့ "အမျိုးသားနိုင်ငံရေးဦးဆောင်မှု" ကို အတွေးအခေါ်အရ၊ သမိုင်းကြောင်းအရ၊ ဥပဒေအရပါ လက်ခံလာအောင် အနုနည်း အကြမ်းနည်း စတဲ့ နည်းလမ်းပေါင်းစုံ သုံးပြီး လုပ်ခဲ့တာပါ၊

လုပ်နေတာပါ။ ဒါ့ကြောင့် ဒါကို ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်။ အကုန်အစင် တိုက်ဖျက်ပစ်ရမယ်။ ဒီနှစ်ချက်ကို ဦးတည်ပြီး ဆောင်ရွက်သူတိုင်းနဲ့ အတူ တကွပူးပေါင်း ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ ဘယ်အတိုင်းအတာထိ လုပ်ဆောင်ကြမှာလဲဆိုတဲ့ အချက်ကတော့ ကြိုးပမ်းနေကြသူတိုင်းရဲ့ နိုင်ငံရေးရပ်တည်ချက်နဲ့ သဘောထားက အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ ဘုံဦးတည်ချက်ကတော့ စစ်အုပ်စုရဲ့ "အမျိုးသားနိုင်ငံရေးဦးဆောင်မှု" ဆိုတာကို အကုန်အစင် တိုက်ဖျက်ရေးဖြစ်ပါတယ်။

စစ်အုပ်စုက သူ့အတွေးအခေါ်နဲ့ ရပ်တည်ချက်ကို "အမျိုးသားနိုင်ငံရေးနဲ့ တပ်မတော်" ဆိုတဲ့ စကားလုံးတွေကို ဖောချင်းသောချင်းသုံးပြီး ဖုံးကွယ်ထားတာ ဖြစ်ပါတယ်။ တပြိုင်နက်ထဲမှာ ဒါဟာ လိမ်ညာလှည့်စားမှုဖြစ်တယ်။

"စစ်အုပ်စုနဲ့ စစ်အုပ်စု အကျိုးစီးပွား" ဆိုတာကို "တပ်မတော်" ဆိုတဲ့ စကားလုံးတွင်တွင်သုံးပြီး တဖက်မှာ ဖုံးကွယ်ထားတယ်။ တပြိုင်နက်ထဲမှာ "အမျိုးသားနိုင်ငံရေး" ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ပြီး ကိုလိုနီဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးသမိုင်းကို လိုသလိုအသုံးချကာ ပြည်သူများနဲ့ တပ်မတော်အတွင်းက တပ်မှူး တပ်သားများကို အခြားတဖက်ကနေ မှိုင်းတိုက်ပြီး လိမ်ညာလှည့်စားနေတာလည်း ဖြစ်ပါတယ်။

ဒါ့ကြောင့် ပထမအချက်အနေနဲ့ "စစ်အုပ်စုနဲ့တပ်မတော်" ဆိုတာကို ခွဲခြားပြီး သီးခြားစီကြည့်မြင်ကြရပါမယ်။ တပြိုင်နက်ထဲမှာ စစ်အုပ်စုက "တပ်မတော်" ဆိုတဲ့ စကားလုံး အသုံးချပြီး ဘယ်လိုဖုံးဖိထား၊ ဘယ်လိုအကြံအဖန်လုပ်ပြီး ထပ်တူပြုထားသလဲဆိုတဲ့ အချက်ကိုလည်း မြင်အောင်ကြည့်ကြရပါလိမ့်မယ်။ "စစ်အုပ်စုနဲ့တပ်မတော်" ကို လုံးထွေးပြီး တသဘောထဲထားမယ်၊ ကြည့်မြင်မယ်ဆိုရင်တော့ စစ်အုပ်စုဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းအတွက် အကျိုးမရှိနိုင်တဲ့အပြင် ကိုယ့်အချင်းချင်း ကွဲပြဲစရာတွေ ဖြစ်ကုန်မှာပါ။

ဒါ့ကြောင့် စစ်အုပ်စုနဲ့ တပ်မတော်ကို ခွဲခြားပြီး၊ သီးခြားစီ ကြည့်မြင်ရမယ်၊ သဘောထားရလိမ့်မယ်။ တကယ်တော့ စစ်အုပ်စုဟာ "တပ်မတော်" ကုပ်ခွစီးထားပြီး စစ်အုပ်စုအကျိုးစီးပွားအတွက် ဖြတ်သန်းလာခဲ့တဲ့ သမိုင်းအချိုးအကွေ့တိုင်းမှာ "တပ်မတော်" ကို ခုတုံး လုပ်အသုံးချခဲ့တာ၊ အသုံးချနေတာသာဖြစ်ပါတယ်။ ဘယ်လောက်ထိ အတင့်ရဲလာခဲ့သလဲဆိုတော့ "နိုင်ငံတော်" နဲ့ "တပ်မတော်" ကို တန်းတူထားရုံတင် မကတော့ဘူး။ နိုင်ငံတော်အထက်မှာ တပ်မတော်ရှိနေတယ်။ နိုင်ငံတော်ကို ကယ်တင်နိုင်သူဟာ တပ်မတော်သာဖြစ်တယ်ဆိုတဲ့အထိ လက်ရဲဇက်ရဲရှိလာနေတာ ဖြစ်တယ်။

ဒီလို တဖက်ကနေ နိုင်ငံတော်ကို ကယ်တင်နိုင်သူဟာ တပ်မတော်ပဲဖြစ်တယ်/ အမျိုးသားရေးမှာ သစ္စာမဖောက်သူဟာ တပ်မတော်ပဲဖြစ်တယ်လို့ အတင့်ရဲရဲ့စွာ၊ အရှက်မဲ့စွာနဲ့ ဝါဒဖြန့်နေပေမယ့် "ကျောက်တုံးပေါ် ချေးပါမိတဲ့ ကြောင်လို" စစ်အုပ်စုအဖို့ မဖုံးနိုင် မဖိနိုင်တဲ့ အချက်တချက် ရှိနေပါတယ်။

အဲဒါကတော့ တိုင်းပြည်နဲ့လူထု တိုးတက်ဖွံ့ဖြိုးအောင် လုပ်နိုင်စွမ်း မရှိတဲ့ အချက်ပါပဲ။

လုပ်နိုင်စွမ်း မရှိတာတင်မကဘဲ၊ တိုင်းပြည်နဲ့လူထုရဲ့ ဘဝဟာ နဂိုရှိတဲ့ အနေအထားကနေ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား အဘက်ဘက်က ယိုယွင်းပျက်စီးပြီး ဆိုးဆိုးရွားရွား ဆင်းရဲနိမ့်ကျသွားရတာပါ။ တိုင်းပြည်နဲ့ လူထု ကသာ ဒီလိုအဖြစ်ဆိုးမျိုးကို ကြုံရရင်ဆိုင်ရပေမယ့်၊ အုပ်စိုးသူစစ်အုပ်စုကတော့ အဆမတန် ချမ်းသာကြွယ်ဝနေတဲ့ အချက်ပါပဲ။ စစ်အုပ်စုက တိုင်းပြည် အာဏာကို (လုယူ) ရရှိခဲ့တာ ၁၉၆၂ ကနေ စရေတွက်ကြည့်ရင် ရာစုနှစ်ဝက်ကျော်ခဲ့ပါပြီ။

ပြည်တွင်းစစ်ကြီးထဲကနေ မွေးဖွားအစွယ်ပေါက်လာခဲ့တဲ့ စစ်အုပ်စုဟာ ပြည်တွင်းစစ်ကြီးထဲမှာ အာဏာရ၊ စီးပွားဖြစ်လာပြီး ချမ်းသာကြွယ်ဝလာခဲ့ပါတယ်။

စစ်မှန်တဲ့ ဒီမိုကရေစီအရေးကို တကယ်တမ်း ဦးတည်ကြမယ်ဆိုရင် တပ်မတော်အပေါ် ကုပ်ခွစီးထားတဲ့ စစ်အုပ်စုနဲ့ စစ်အုပ်စု အတွေးအခေါ်ကို အကုန်အစင် ဖယ်ရှားပစ်ရလိမ့်မယ်။

"တပ်မတော်" နဲ့ စစ်အုပ်စုကို ခွဲခြားရမယ်။

"တပ်မတော်သမိုင်း" နဲ့ စစ်အုပ်စုသမိုင်းကြောင်းကို ခွဲခြားစိစစ်ရမယ်။

"ဥပဒေ" မျက်နှာဖုံးစွပ်ထားတဲ့ စစ်အုပ်စုနဲ့ စစ်အုပ်စုအကျိုးစီးပွားကို ဖွင့်ချပြီး ဖျက်သိမ်းပစ်ရမယ်။ ဒီလုပ်ငန်းတွေဟာ ဒီနေ့ခေတ်ရဲ့ ဒီမိုကရေစီတော်လှန်ရေး လုပ်ငန်းတာဝန်တွေပါပဲ။ စစ်အုပ်စုအတွေးအခေါ်ကို ယာယီလက်ခံရင် ယာယီနစ်မွန်း ပါလိမ့်မယ်။ ထာဝရ လက်ခံလိုက်ရင်တော့ သံသရာမဆုံး နစ်မွန်းနေပါလိမ့်မယ်။

ဒါ့ကြောင့် ယနေ့ရေပန်းစား လူပြောများနေတဲ့ "အမျိုးသား ပြန်လည်သင့်မြတ်ရေး" ဆိုတာကလည်း စစ်အုပ်စုဆိုတဲ့ အဆိပ်ရည်ကို တံဆိပ်သစ်ကပ်၊ ပုလင်းသစ်ပြောင်းထည့်ပြီး ကိုယ်တိုင်သောက်သုံးတဲ့အပြင် အများပြည်သူကို သောက်သုံးဖို့ တိုက်တွန်းတဲ့ အလုပ်မျိုးအဖြစ်မျိုးကိုတော့ (အကျပ်ကိုင်ခံရလို့ပဲဖြစ်စေ/ငြင်းပယ်ခြင်းငှာမစွမ်းသာလို့ဖြစ်စေ) ဘယ်လိုအကြောင်းအချက်နဲ့မှ လုပ်ဆောင်ပေးခြင်း မပြုသင့်ပါဘူး။ မကျရောက်စေသင့်ပါဘူး။

[redacted]

# ဘာတို့
# လူမွေးလူတောင် မပြောင်နိုင်သေးပါ

လက်သန်းမင်းစွန်းခံပြီး ဒီမိုကရေစီ အစိုးရတရပ်တော့ တင်မြှောက်ပေးလိုက် မဟဲ့ဆိုတဲ့ စိတ်ကူးမျှော်မှန်းချက်တွေနဲ့ ၂၀၁၅ ခုနှစ်မှာ ပြည်သူတရပ်လုံးက တခဲနက် မဲပေးလိုက်ကြလို့ အစိုးရသစ်တရပ် ပေါ်ထွန်းလာခဲ့ရတာပါ။ သည်လို မဲပေးလိုက်တဲ့ ပြည်သူတွေထဲမှာ တောင်သူလယ်သမား လူများစုပြည်သူတွေက လူများစု အင်အားတရပ် အဖြစ် ပါဝင်နေတယ်ဆိုတာလည်း ဘာမှ သံသယရှိစရာ မလိုပါဘူး။ ဒီတော့ သူတို့ ပခုံးထမ်း တင်ပေးလိုက်တဲ့ အစိုးရတရပ် အပေါ်မှာ ဒီတောင်သူလယ်သမားတွေက ဘယ်လို မျှော်လင့်ချက်နဲ့ ယုံကြည်ကိုးစားမှု စိတ်ဓာတ်တွေ ရှိနေကြမလဲဆိုတာလည်း သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားတွေးတောနေဖို့ လိုမယ်မထင်ပါ။ ဆင်းရဲသား လယ်သမားထု ဘဝတိုးတက်ကောင်းမွန်ရေး၊ ကျေးလက်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ရရှိရေး စသဖြင့် မိမိတို့ အခြေအနေအရ စိတ်ကူးမျှော်မှန်းချက် အသီးသီး ရှိနေကြမှာ သေချာပါတယ်။ အဲဒီအောက်မှာ စိုက်ပျိုးစရိတ်ချေးငွေ လုံလောက်စွာရရှိရေး၊ လယ်ယာသုံး ပစ္စည်းများ သင့်တင့်လျောက်ပတ်တဲ့ ဈေးနှုန်းများနဲ့ ဝယ်ယူရရှိရေး စတဲ့ အချက်မျိုးလို အခိုင်အမာ လိုအပ်ချက် အပေါ်က လိုလားတောင့်တချက် အသီးသီးလည်း ရှိနေကြမှာပါ။

အစိုးရသစ်လက်ထက်မှာ လက်တွေ့အခြေအနေက မှန်းချက်နဲ့ နှမ်းထွက် ကိုက်ညီပါရဲ့လား။ အစိုးရသစ် တာဝန်ယူတဲ့ သက်တမ်း နုနယ်သေးတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီသက်တမ်းအတွင်း လုပ်ဆောင်ချက်နဲ့ ရှေ့အလားအလာကို ဘယ်လိုများ သုံးသပ်အကဲဖြတ်နိုင်ပါသလဲ။

အစိုးရသစ် လက်ထက်မှာပဲ အလုပ်သမားတွေရဲ့ ဆန္ဒပြပွဲတွေ ဆက်လက်ဖြစ်ပေါ်လာခဲ့သလို လယ်သမားတွေရဲ့ အသိမ်းခံ လယ်ယာမြေ ပြန်လည်ရရှိရေး ဆန္ဒပြပွဲတွေ၊ ကိုယ့်လယ်၊ ကိုယ့်မြေယာကို ကိုယ့်ဘာသာ ပြန်လည်စိုက်ပျိုးလုပ်ကိုင်ရေး အတွက် ထွန်တုံးတိုက်ပွဲတွေ ဆက်တိုက် ပေါ်ထွက်နေဆဲ ဖြစ်ပါတယ်။ ဒါတွေအတွက် အလုပ်သမားတွေ ဖမ်းဆီးထောင်ချခြင်း ခံနေရတဲ့နည်းတူ လယ်သမားတွေလည်း ဖမ်းဆီးထောင်ချခြင်း ခံနေကြရပါတယ်။

ယခု လတ်တလော သတင်းတွေ ပေါ်ထွက်လာနေတဲ့ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့နယ်၊ ကွန်းလုံကျေးရွာအုပ်စု၊ ရေပူကျေးရွာက လယ်သမား ၇၂ ဦး ထောင်ချခံရတဲ့ ကိစ္စကလည်း သေချာတွေးကြည့်ရင် ရင်နာစရာကောင်းပါတယ်။ တကြိမ်တည်းနဲ့ တောင်သူလယ်သမားတွေ အစုလိုက် အပြုံလိုက် ပြည်သူက ရွေးချယ်ပေးလိုက်တဲ့ ဒီအစိုးရလက်ထက် ထောင်ချခံရတာပါ။ ဒါမျိုးဟာ ကိုလိုနီခေတ် ဆရာစံလယ်သမားသူပုန်ခေတ်ကာလတုန်းကပဲ ရှိခဲ့ဖူးတယ်လို့ တချို့က ထောက်ပြနေကြပါတယ်။ ဒီကျေးရွာကပဲ လယ်သမားကြီး ဦးမြင့်အောင်ဟာ မိမိလယ်မတရား အသိမ်းခံရတာနဲ့ ပတ်သက်ပြီး မကျေနပ်လို့ မိမိကိုယ်ကို မီးရှို့ဆန္ဒပြပြီး အသက်စွန့်လွှတ်သွားခဲ့ပါတယ်။ အခု ထောင်ချခံရသူတွေဟာ သူ့ရွာသားတွေပါ။ အခု ထောင်ချခံရသူတွေထဲမှာ ဦးမြင့်အောင်ရဲ့တူမ ဒေါ်မော်မော်ဦးလည်း ပါဝင်နေပါတယ်။ ဆွေစဉ်မျိုးဆက် အတိဒုက္ခရောက်

ရတာ၊ တနယ်လုံး ဒုက္ခရောက်ကြရတာကို ဖော်ပြနေပါတယ်။ ဒီရေပူကျေးရွာတခုတည်း မှာကို အမှုအခင်းဖြစ်နေတဲ့ မြေယာ ကေ ပေါင်း ၄၀၀၀ ကျော် ရှိနေပါသတဲ့။

ပြင်ဦးလွင်မြို့နယ် သပြေကျေးရွာနဲ့ ပြင်စာကျေးရွာတွေ မှာလည်း မြေယာမတရားသိမ်းယူမှုတွေ ရှိခဲ့သလို လယ်သမားတွေရဲ့ ထွန်တုံးတိုက်ပွဲတွေလည်း ဆက်လက် ဖြစ်ပေါ်နေပါတယ်။ ဒီတော့ လယ်သမားတွေ ဖမ်းဝရမ်းအထုတ်ခံရ၊ တရားစွဲခံရ၊ ဖမ်းဆီးခံရတာတွေလည်း မုချ ရှိလာရတာပဲပေါ့။ ဒီအရေးအခင်းမှာ မြေယာအရေး လှုပ်ရှားသူတွေ ရဲ့ ပြောစကားက ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ရှင်းရှင်းလင်းလင်း မြင်သာစေပါတယ်။

(ကျွန်တော်တို့တောင်သူတွေကို ဥပဒေမဲ့တယ်ဆိုပြီး တရားစွဲတယ်။ ခရိုနီတွေ မတရားလုပ်တာကိုကျ ဘယ်သူတွေက အရေးယူ တရားစွဲသလဲ – ဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပြီ။ ဒါဟာ တရားမျှတမှုမရှိဘူးဆိုတာလည်း အားလုံးသိပြီး ဖြစ်တယ်။ ဒါပေမဲ့လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကြီးက ထိန်းချုပ်ထားတာ ဖြစ်တဲ့အတွက် အခုလိုမျိုးတွေ ဖြစ်နေတာ။ တောင်သူတွေပဲ အဖမ်းခံရတာ အများဆုံး ဖြစ်နေတယ်။ ပြင်ဦးလွင် တနယ်တည်း မဟုတ်ဘူး။ မန္တလေး တတိုင်းလုံး ဖြစ်နေတယ်။ တောင်သူတွေ ထောင်ထဲ ရောက်နေတာဟာ တိုင်းပြည်ဆုံးရှုံးနစ်နာမှုတွေ ဖြစ်နေ တယ်။ တောင်သူတွေ ဒုက္ခရောက်နေသမျှ ကာလပတ်လုံး ဘယ်အစိုးရပဲ အုပ်ချုပ်ပါစေ၊ တိုင်းပြည်ဟာ ဘယ်တော့မှ တိုးတက်မှာ မဟုတ်ဘူး။) လို့ ဆိုပါတယ်။

လက်ပံတောင်းတောင် ဒေသမှာလည်း ဒေါ်ခင်ဝင်း သေနတ်နဲ့ ပစ်သတ်ခံရတာ ၂ နှစ်တင်းတင်း ပြည့်ပြီးခဲ့ပါပြီ။ ခုထက်ထိ လက်ပံတောင်းတောင် ကျေးရွာတွေမှာ တောင်သူလယ်သမားတွေ အတိဒုက္ခ ကြီးမားစွာ ရောက်နေဆဲပါ။ ဆက်လက်တိုက်ပွဲဝင်နေ ကြရဆဲပါ။

ဗမာပြည်တဝန်းက တောင်သူလယ်သမားအများစုဟာ ဖွံ့ဖြိုးတိုးတက်မှု အလင်းရောင်ကို မရကြသေးရုံမက ဆင်းရဲဒုက္ခ ဘေး၊ မြေအသိမ်းခံရတဲ့ဘေးက ခုထိရုန်းမထွက်နိုင်ကြသေးပါဘူး။ ယခုနှစ်မှာ ပိုဆိုးတာက စပါးဈေး ထိုးကျသွားတဲ့ ပြဿနာပါ။ စပါးဈေး ဇောက်ထိုးစိုက်ကျပြီး ကုန်ဈေးနှုန်း ခေါင်ခိုက်အောင် မြင့်တက်လာတဲ့အခြေအနေမှာ လယ်သမားတွေရဲ့ ဝမ်းခါးပြဿနာ ဘယ်လိုရှိမယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိသာနိုင်တဲ့အချက်ပါ။

တောင်သူလယ်သမားတွေ ခုလို ဆင်းရဲဒုက္ခတွေ၊ မတရားမှု တွေနဲ့ နပန်းလုံးနေရတဲ့အခြေအနေမှာ အစိုးရနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက တောင်သူလယ်သမားတွေအတွက် သူတို့ဘက် က ပြတ်ပြတ်သားသား ရပ်တည်ကာကွယ်ပေးတာ၊ ထိထိရောက် ရောက် ကူညီဖြေရှင်းပေးတာမျိုး လုပ်ပေးနိုင်ပါသလား။ တောင်သူ လယ်သမားတွေရဲ့ ဘဝမြင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တာဝန်ယူရမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီး ဌာနက တောင်သူလယ်သမားတွေအတွက် ဘယ်လိုစဉ်းစား ဆောင် ရွက်နေပါသလဲ။ ဒီဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေ အသေအချာ လေ့လာကြည့်ရင် ဗမာပြည်တောင်သူလယ်သမားတွေရဲ့ လက်ငင်း ဘဝအခြေအနေနဲ့ အနာဂတ်အလားအလာကို ယေဘုယျ မှန်းဆ ကြည့်ရှုနိုင်မှာပါ။

ဒီဌာနမှာ ဝန်ကြီးရွေးချယ်တာကအစ နိုင်ငံရေးလောက မှာ ပြောစရာ ဖြစ်လာခဲ့ပါတယ်။ ဒါ ထားလိုက်တော့။ ဒုတိယအနေ နဲ့ ဒုဝန်ကြီးဖြစ်သူကို ရာထူးတာဝန်မှ ထုတ်ပယ်လိုက်တာကို မတရားမှုလို့ လူပြောများပါတယ်။ ဒုဝန်ကြီးဖြစ်သူကမှ လယ်သမား အရေး တကယ်ရပ်တည် ဆောင်ရွက်ပေးလိုသူလို့လည်း ဆိုကြပါ တယ်။ ဒါလည်း ထားလိုက်ဦး။

ဒီဌာနကို လူပြောအများဆုံး အဝေဖန်ဆုံးကိစ္စကတော့ လယ်ကေ ၅၀ အထိ ပိုင်ဆိုင်တဲ့ တောင်သူတဦးကို ကျပ် သန်း ၅၀ ကျပ် ထုတ်ချေးပေးမယ်ဆိုတဲ့ ကိစ္စ ပါပဲ။ **ဂျပန်နိုင်ငံအပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံကနေ ချေးယူ မယ့်ငွေတွေထဲက မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းတွေ အတွက် ဂျပန်ယန်းသန်းပေါင်း တသောင်းငါးထောင်ကျော်ကို စိုက် ပျိုးရေး၊ မွေးမြူရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနက အသုံးပြုသွားမှာ ဖြစ်ပါတယ်။**

ဒီကိစ္စနဲ့ပတ်သက်ပြီး တောင်သူလယ်သမားတယောက် ရင်ဖွင့်ပြောကြားသွားတဲ့ စကားကိုပဲ နားထောင်ကြည့်ပါ။

(ကျွန်တော်တို့ ကျေးလက်မှာ တကေကို ၄ ယောက်စိုက် လို့ ခေါ်ပြီး၊ ၂ ကျိုပ်စိုက်လယ်၊ ၃ ကျိုပ်စိုက်လယ် စသဖြင့် ခေါ်ကြ တာလည်း ရှိပါတယ်။ လူ ၄၀ – ၅၀ စိုက် လယ်ရှိတဲ့ လယ်သမားဟာ

တရွာမှာ တယောက်ရှိဖို့တောင် ခပ်ရှားရှားပါ။ ၈၀ စိုက်ခေါ် ဧက ၂၀ ထွန်ယက် စားသောက်နိုင်တဲ့သူ တမြို့နယ်လုံး တယောက်မှကို မရှိပါဘူး။ ၁၉၄၈ – ၄၉ ကာလများက ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ မြေယာပေါ်လစီအရ မြေယာဝေခြမ်းရေးလုပ်ထားခဲ့တဲ့ နယ်မြေဖြစ်လို့လည်း အဲသလို လူတဦးတည်းက လယ်မြေများများ ပိုင်တာ မရှိတာလည်း ဖြစ်နိုင်ပါတယ်။ ကွင်းကောင်းတဲ့ ဧရာဝတီတိုင်းဘက် ဒေသများ၊ ပဲခူးတိုင်းအရှေ့ခြမ်း ပဲခူးမြစ်ဝှမ်းဒေသများမှာတော့ ဧက ၂၀ ကျော် ပိုင်သူတွေ ရှိကောင်း ရှိနိုင်ပါတယ်။ နှစ်ကာလတွေ ရှည်ကြာလာ၊ သားသမီး မြေးမြစ်စတဲ့ လယ်လုပ်သူများ တိုးပွားလာပေမယ့် စိုက်ပျိုးမြေဧက – ကတော့ တိုးပွားလာတာ မဟုတ်ပါဘူး။ မြို့မြေ၊ ရွာမြေ၊ တပ်မြေ၊ ဘာစီမံကိန်း၊ ညာစီမံကိန်း၊ စက်ရုံမြေ ဆိုတာတွေကြောင့် စိုက်ပျိုးမြေ လျော့သွားတာပဲ ရှိပါတယ်။ လယ်လုပ်သူတိုးလာလို့ တဦးချင်း မြေယာပိုင်ဆိုင်မှု နည်းနည်းလာတာပဲ ရှိပါတယ်။ ဗမာပြည်အနှံ့ ကိုယ်တိုင်စိုက်ပျိုးလုပ်ကိုင်နေသူတွေထဲမှာ တဦးတည်း ဧက ၅၀ လုပ်ကိုင်နိုင်သူ မရှိသလောက် ဖြစ်ပါလိမ့်မယ်။ ရှိနေတယ်ဆိုရင်လည်း သူကိုယ်တိုင် ကြီးကြပ်စိုက်ပျိုးတာ မဟုတ်ဘဲ နည်းနာမျိုးစုံနဲ့ သီးစားချထားတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ မြေယာ ဧက ရာနဲ့ထောင်နဲ့ချီ ပိုင်ဆိုင်ထားတယ်ဆိုရင်လည်း ၁၉၈၈ နောက်ပိုင်းမှာ နည်းအမျိုးမျိုးနဲ့ မြေယာတွေကို ခြယ်လှယ်ပိုင်ဆိုင်ထားသူတွေ ဖြစ်ပါတယ်။ အဲဒီလူတွေဟာ လယ်သမားတွေ မဟုတ်ပါဘူး။ ...... ဂျပန်က ရမယ့်ချေးငွေနဲ့ လယ်ယာကဏ္ဍ တိုးတက်စေဖို့ လယ်သမားတွေကို ဧက ၅၀ ပိုင်သူ ငွေကျပ် သန်း ၅၀ ထုတ်ချေးပေးမယ်တဲ့။ တဧကကို ၁၀ သိန်း ချေးတာပါ။ ဗမာပြည်မှာ စိုက်ဧက အများစုက လယ်ဧက ၂၀ ကိုတောင် ပြည့်အောင် မပိုင်ကြတဲ့ ကျေးလက်တောင်သူလယ်သမားတွေ လက်ထဲမှာပါ။ ဗမာပြည်ရဲ့ လူဦးရေ ၇၀ ရာနှုန်းလောက်ဟာ အဲဒီကျေးလက်က ဘဝတွေပါ။ အခုငွေသန်း ၅၀ အနည်းဆုံးထား ချေး နိုင်မယ့်သူတွေဟာ လယ်ယာကဏ္ဍမှာ လုပ်နေသူတွေဖြစ်ပေမယ့် အခုကတည်းက လောက်ငရုံမက လျှံကျနေတဲ့ လယ်သိကြားတွေသာ (ခရိုနီလုပ်ငန်းရှင်များလို့လည်း ယူဆနိုင်ပါတယ်။) ဖြစ်ပါတယ်။ သိကြားမင်းလိုပဲ တာဝတိံသာလိုနေရာကနေ စိုက်ပျိုးထုတ်လုပ်မှာပါ။

ဒါကြောင့် လူဦးရေနဲ့တွက်ရင် တပြည်လုံးကြွေးတင်ခံရမှာ ဖြစ်ပေမယ့် တကယ်တော့ ကျွန်တော်တို့ရဲ့ ပြည်သူ့အစိုးရစစ်စစ်ဆိုတာကြီးဟာ သူဌေးသူကြွယ်တွေအတွက် ကမ္ဘာ့ပတ်ငွေချေးငွေလည်တောင်းနေသူတွေသာ ဖြစ်သွားပါပြီ။) – ဘယ်လောက်ရှင်းလင်းလိုက်တဲ့ စကားလဲ။

ဒီကိစ္စနဲ့ ပတ်သက်လို့ မြင်းခြံမြို့နယ်က တောင်သူလယ်သမားတွေ ထအော်လိုက်တဲ့အသံကတော့

လယ်မြေဧက ၅၀ ပိုင်ဆိုင်ဖို့ မဆိုထားနဲ့ (– သံမဏိစက်ရုံက သိမ်းသွားလို့၊ သချိုင်းကုန်းလုပ်ဖို့ သိမ်းသွားလို့၊ ကောလိပ်ဆောက်ဖို့ သိမ်းသွားလို့၊ မြို့သာစက်မှုဇုန်လုပ်ဖို့ သိမ်းသွားလို့ (မြေယာလျော်ကြေး မရကြသေးပါ)၊ ခတ်ငွေ့ပိုက်လိုင်းဖောက်ဖို့ သိမ်းသွားလို့ ...... လယ်မဲ့ယာမဲ့ဘဝ ရောက်နေကြကြောင်းပါခင်ဗျား) ... ပါတဲ့။

စိုက်ပျိုးစရိတ်ချေးငွေနဲ့ ပတ်သက်လို့ စိုက်/မွေး/ဆည် ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲပုံကို အထက်အောက်ဒေသက လယ်သမားတွေ လက်မခံရုံမက မကျေမနပ် ဆန့်ကျင်နေကြောင်းတော့ ပေါ်လွင်နေပါပြီ။ စိုက်/ မွေး/ ဆည် ဝန်ကြီးဌာနရဲ့ နောက်ထပ် စဉ်းစားချက် တခုကို ထပ်မံလေ့လာကြည့်ကြဦးစို့။

ဦးသိန်းစိန် အရပ်ဝတ် စစ်အစိုးရလက်ထက်တုန်းက လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဟောင်း ဦးမြင့်လှိုင်က တောင်သူလယ်သမားများကို ထမင်းတနပ်လျှော့စားပြီး အကြွေးကျေအောင် ဆပ်ကြဖို့ ပြောခဲ့တဲ့အတွက် ဒီစကားဟာ နာမည်ဆိုးနဲ့ ဟိုးဟိုးကျော်ကြားသွားပြီး တတိုင်းပြည်လုံးက လှောင်ကြပြောင်ကြ ကဲ့ရဲ့ကြတာကို ဒီတိုင်းပြည်ထဲမှာ နေတဲ့ ယခု စိုက်/မွေး/ဆည် ဝန်ကြီးက မသိခဲ့ဘူးဆိုရင် အလွန်ညံ့ရာ ကျရုံမက မျက်စိကန်း – နားပင်းနေသလားလို့ မေးရတော့မှာပါ။ ဒီစကားကို သူ သိခဲ့တယ်ဆိုရင်လည်း ဒီလို သိတဲ့အထဲက နိုင်ငံတော်ဘတ်ဂျက် မလောက်တာကို ဖြည့်ဆည်းဖို့ ဝန်ထမ်းတွေ လက်ဖက်ရည်တခွက်လျှော့သောက်ပြီး ဘတ်ဂျက်အတွက် အလှူငွေ ထည့်ဝင်ကြဖို့ လှုံ့ဆော်လိုက်တာဟာလည်း ပိုပြီးတောင် မိုက်မဲရာကျပါတယ်။ သူတို့ဌာနက ဝန်ထမ်းတွေက စံပြအဖြစ် အရင်ဆုံး စမ်းသပ်ထည့်ဝင်ပြီး တပြည်လုံးကို တိုးချဲ့အလှူခံမယ့်သဘောပါ။ အစိုးရဟောင်းဝန်ကြီး ဦးမြင့်လှိုင်စကားကို ပြစ်တင်ဝေဖန် လှောင်ပြောင်သရော်ကြသလို သူ့စကားကိုလည်း နယ်ပယ်အသီးသီးက လှောင်ပြောင်သရော်ကြတာကို ကြားသိနေရပါတယ်။ ကျိုကျိုတက်

ချမ်းသာနေပြီးသား မြေကေပေါင်း ထောင်ချီပိုင်နေကြတဲ့ လုပ်ငန်းရှင် ခရိုနီတွေကိုကျ စိုက်စရိတ် သန်း ၅၀ ထုတ်ချေးပေးပြီး ပြည်သူ ဝန်ထမ်းတွေကျ လက်ဖက်ရည်လျှော့သောက်ပြီးတော့တောင် အလှူငွေထည့်ဝင်ကြရမယ်ဆိုတော့ ဆင်းရဲသားအိမ်က ငပိချက်ကို တောင်းစားပြီး သူကြီးအိမ်ကို ကြက်သားဟင်းပို့ကာ မျက်နှာလုပ် တတ်တဲ့လူမျိုးလို ဖြစ်နေပါတော့တယ်။

သူ့ဌာနထဲက အကျင့်ပျက်ဝန်ထမ်းတွေအဖို့တော့ ဒီလို လှူပေးရရင်လည်း တယ်မှုလှမယ် မထင်ပါဘူး။ စိုက်/ မွေး/ ဆည် ဝန်ကြီးဌာန ဝန်ထမ်းတွေမှာလည်း အကျင့်ပျက်ဝန်ထမ်းတွေ များ သလား မမေးနဲ့။ အမုန်းခံပြီး အကျင့်ပျက်ဝန်ထမ်းတွေအကြောင်း တိုင်ကြားဖွင့်ချတာကိုတောင် အကျင့်ပျက်သူတွေကို အရေးမယူဘဲ တိုင်ကြားသူကို ပိုက်စိပ်တိုက်ရှာနေတဲ့ ဒီဌာန ခေါင်းဆောင်တွေနဲ့ သာဆိုရင် အကျင့်ပျက်ခြစားမှုတွေ ပပျောက်မသွားနိုင်ရုံမျှမက စိုက်/မွေး/ဆည် ဌာနရဲ့ အမှတ်သားတံဆိပ်ကိုတောင် ခြတောင်ပို့ တံဆိပ် ပြောင်းပေးရမလို ဖြစ်နေမှာပါ။ ဒီကိစ္စမှာ ပိုရှင်းတာက စိုက်/မွေး/ ဆည် ဝန်ကြီးဌာနမှာ အသစ်ခန့်ထားလိုက်သူ ဒုဝန်ကြီး ရဲ့ တရားဝင်ထုတ်ဖော်ပြောကြားလိုက်တဲ့စကားပါပဲ။ မြေစာရင်း ဝန်ထမ်းများ မြေပွဲစား လုပ်နေကြသတဲ့။

အစိုးရသစ်တက်လာပြီးချိန်မှစလို့ ဒီကနေ့အချိန်အထိ စိုက်/မွေး/ဆည် ဝန်ကြီးဌာန စီမံဆောင်ရွက်နေတဲ့ အမြီးအမောက် မတည့်တဲ့ စဉ်းစားချက်၊ ဆောင်ရွက်ချက်တွေထဲမှာ တောင်သူလယ် သမားတွေရဲ့ မျှော်လင့်ချက်ရွှေတောင်ကြီး ပြိုလဲသွားစေတဲ့ အဆိုးဆုံးကိစ္စတခုလည်း ပါဝင်နေပါတယ်။ အကြောင်းအမျိုးမျိုးပြပြီး လယ်ယာမြေ မတရားအသိမ်းပိုက်ခံခဲ့ကြရတဲ့ ဗမာပြည်တဝန်းက တောင်သူလယ်သမားတွေဟာ မိမိတို့ မဲပေးရွေးချယ် တင်မြှောက် လိုက်တဲ့ အစိုးရသစ်လက်ထက်မှာ အစိုးရရဲ့ တရားမျှတတဲ့ ဖြေရှင်း ပေးမှုနဲ့ မိမိတို့လုပ်ကိုင်စားသောက်ခဲ့တဲ့ မြေကလေး မိမိတို့လက်ထဲ ဘယ်နေ့ပြန်ရောက်မလဲဆိုပြီး နေ့စဉ်နဲ့အမျှ နေ့နေ့ညည မျှော်လင့် စောင့်စားနေခဲ့ကြတာပါ။ စိုက်/မွေး/ဆည် ဝန်ကြီးကိုယ်တိုင် လတ်တလော တရားဝင်ထုတ်ဖော်ပြောကြားလိုက်တဲ့ စကားက ၂၀၁၂ ခုနှစ်၊ ရှေ့ပိုင်းက မြေယာပြဿနာများကို အစိုးရက ဖြေရှင်း ပေးမည် မဟုတ်ပါတဲ့။ တောင်သူလယ်သမားတွေရဲ့ မျှော်လင့် ချက်တွေ အစိတ်စိတ်အမွှာမွှာ တစစီ ပြိုကွဲသွားရပါတယ်။ ဒါလောက် ရက်စက်တဲ့ စကားကို ပြောကြားရာမှာ ၂၀၁၂ ခုနှစ်ရဲ့ ရှေ့ပိုင်းနဲ့ နောက်ပိုင်းဆိုပြီး ဘာလို့ ခွဲခြားသတ်မှတ်ရပါသလဲ။ နိုင်ငံရေး လောကနဲ့ တောင်သူလယ်သမားပြည်သူတွေဟာ ချက်ဆို နားခွက် က မီးတောက်ပါတယ်။ ၂၀၁၂ ခုနှစ်ရဲ့ ရှေ့ပိုင်းမှာ ဘယ်သူတွေက လယ်ယာမြေတွေကို အများဆုံး အဓမ္မသိမ်းပိုက်ရယူခဲ့သလဲ။ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အတွင်းမှာ စစ်တပ်ထိပ်သီးအာဏာပိုင်တွေနဲ့ ခရိုနီတွေ ပူးပေါင်းပြီး လယ်သမားတွေဆီကနေ မြေကေတွေ အများ ဆုံး သိမ်းယူလုယက် ရယူသွားခဲ့ကြတာ ဖြစ်ပါတယ်။ တခြားစစ်တပ် ထိပ်သီးတွေ ခရိုနီတွေမဆိုထားနဲ့ ဦးရွှေမန်းနဲ့ သူ့သားတွေ ယူသွား တဲ့ မြေတွေပင်လျှင် ဧက သောင်းနဲ့ချီရှိနေတာ အများသိထားကြပြီး သားပါ။ ဒီကိစ္စ တော်တော်ဆိုးပါတယ်။ မဲဆွယ်ချိန်တုန်းက တောင် သူလယ်သမားတွေဆီမှာ ကတိအမျိုးမျိုးပေးပြီး မဲတောင်းတယ်။ အစိုးရဖြစ်တော့ တောင်သူလယ်သမားတွေကို ငဲ့ကွက်ထောက် ထားတာ မရှိဘဲ လုံးလုံးလျားလျားပစ်ပယ်၊ စစ်အာဏာပိုင်ထိပ်သီး တွေနဲ့ ခရိုနီတွေဘက် ဘယ်လိုဝေဖန်သံတွေကိုမှ ဂရုမစိုက်ဘဲ လုံးလုံးလျားလျား ရပ်ပြလိုက်တာ ဖြစ်ပါတယ်။ အင်န်အယ်လ်ဒီ ပါတီဝင်တွေကိုယ်တိုင် ဒီကိစ္စမှာ တောင်သူလယ်သမားတွေကို မျက်နှာပူကြပါတယ်။ ဒါကြောင့် အင်န်အယ်လ်ဒီ ပါတီမှ မြေယာ အရေး ဆောင်ရွက်သူ ပါတီဝင်များ အင်န်အယ်လ်ဒီပါတီမှ နုတ်ထွက် တာတွေ စတင်ဖြစ်ပေါ်လာနေပါတယ်။

ဒါလောက်ဆိုရင် ဗမာပြည်တောင်သူလယ်သမားတွေ ဘဝအခြေအနေနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအလားအလာကို ကောင်းကောင်းကြီးမှန်းဆနိုင်လောက်ပါပြီ။ ဤပုံအတိုင်းဆိုရင် မိုးကြီးချုပ်တော့မှာ ဖြစ်ရုံမက တောင်သူလယ်သမားတွေရဲ့ မျှော် လင့်ချက်ပန်းတိုင်က ပိုပြီးနီးလာတာမဟုတ်ဘဲ မှုန်ဝါးဝါး ဖြစ်နေဆဲပါ။

ဗမာပြည်က တောင်သူလယ်သမားတွေရဲ့ ဒီအခြေအနေ ကို နိဂုံးချုပ်ကြည့်ရင် မြေယာအရေးလှုပ်ရှားသူ လယ်သမားတွေရဲ့ သုံးသပ်ချက်ကို ဘယ်လိုမှ ချန်လှပ်ထားခဲ့လို့မရပါ။ ပြည်သူတွေမှာ နိုင်ငံရေးအမြော်အမြင် ရှိပါတယ်။ အခုလို တောင်သူလယ် သမားတွေရဲ့ဘဝ လူမွေးလူတောင်မပြောင်နိုင်ဖြစ်ရုံမက လယ် သမား တွေ့ချင်ရင် ထောင်ထဲသွားရှာရမယ့် ဘဝအခြေအနေ ရောက်နေရတာဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကြီး ရှိနေလို့ကတကြောင်း။ နောက်တကြောင်းက ပြည်ထဲရေးဝန်ကြီးက



အစိုးရပုံရိပ်မကောင်းအောင်၊ ဒီမိုကရေစီ ပုံရိပ်မကောင်းအောင် လုပ်ကြံမှုလို့ သူတို့က သုံးသပ်ပါတယ်။

တောင်သူလယ်သမားတွေအရေး တာဝန်ယူကြရမယ့် စိုက်/မွေး/ဆည် ဝန်ကြီးဌာနနဲ့ အစိုးရသစ်တို့ကိုလည်း ဝေဖန်ထောက်ပြမှုတွေ မုချ လုပ်ရမှာပါ။ တိုင်းပြည်နဲ့ ပြည်သူ့အကျိုး တကယ်တမ်း ထမ်းရွက်လိုတယ်ဆိုရင် အချိန် ရှိပါသေးတယ်။ အချိန်မနှောင်းသေးပါဘူး။ ဘာပြင်ဖို့ ညာပြင်ဖို့တွေ ရှည်လျား ပေများအောင် မပြောလိုတော့ပါဘူး။

အဓိကကျတဲ့ ရပ်တည်ချက် တချက်တည်းကိုပဲ ပြောပါမယ်။

တောင်သူလယ်သမားတွေနဲ့ ပြည်သူလူထုအကျိုးစီးပွား ဘက်က ပြတ်ပြတ်သားသား ရပ်မှာလား။ ဒါမှမဟုတ် –

စစ်တပ် ထိပ်သီးအာဏာပိုင်တွေနဲ့ ခရိုနီလုပ်ငန်းရှင်တွေဘက်ကပဲ ဆက်လက်ရပ်တည်သွားကြမလား။



# ပဲရစ်ကွန်မြူန်းမှသည် ...

ဗမာပြည်စစ်အာဏာရှင်အုပ်စုသည် ပြည်သူလူထု ဆင်းရဲငတ်ပြတ်နေသော်ငြား ကုန်းတွင်းပိုင်းကျပြီး လမ်းပန်းဆက်သွယ်ရေးမချောမွေ့သောနေရာတွင် နေပြည်တော်ဟူသော နေရာတနေရာကို ဖန်တီးပြီး တိုင်းပြည်ဘဏ္ဍာငွေ အမြောက်အမြားသုံးကာ ဗိုလ်ကျစိုးမိုးနေထိုင်လေသည်။ တတိုင်းပြည်လုံး မဆိုထားနှင့် မြို့ကြီးများကိုပင် လျှပ်စစ်မီးမှန်အောင် မပေးသော်လည်း သူတို့နေထိုင်ရာနေပြည်တော်၌ မီးထိန်ထိန်ညီးနေသည်မှာ ၁၈၇၁ ခုနှစ် ပဲရစ်မြို့ကို ပရပ်ရှား (ဂျာမန်) တပ်များ ဝိုင်းထားစဉ် ပဲရစ်မြို့အရှေ့ခြမ်း အရပ်သူအရပ်သားများ ကြွက်တောင် သတ်စားနေရချိန် ပဲရစ်မြို့အနောက်ခြမ်းရှိ စားသောက်ဆိုင်ကြီးများတွင် ညစာစားပွဲများ တည်ခင်းပြီး စားသောက်နေကြသည့် ဘူဇွာများအတိုင်းပင် ဖြစ်တော့သည်။ လွန်ခဲ့သော နှစ်တရာကျော်က ပဲရစ်ကွန်မြူန်းနှင့် ယနေ့ဗမာပြည်ကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် နှိုင်းယှဉ်စရာ၊ အတွေ့အကြုံများကို အတုယူစရာ၊ သင်ခန်းစာထုတ်ယူစရာများ အများအပြားပင် ရှိနေပါလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်းတရာကျော် နှစ်ရာနီးပါးခန့်က ပြင်သစ်ပြည်တွင် ဘုရင်စနစ်လိုလားသူများနှင့် သမ္မတစနစ်လိုလားသူများ၏ ဘတပြန်ကျားတပြန် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းမှုများ ပြည့်နှက်နေသည်။ သမ္မတစနစ်လိုလားသူများက အလုပ်သမားများ၊ လက်မှုပညာသည်များကို သူတို့နှင့်ပူးပေါင်းရန် ဆော်ဩကြလေသည်။ ၁၈၄၈ ခုနှစ် သမ္မတစနစ်လိုလားသူ ဘူဇွာများနှင့် ဘုရင် လူးဝစ်ဖိလစ်တို့ ပါလီမန်ကို လွှမ်းမိုးချုပ်ကိုင်ရန် အားပြိုင်ကြရာတွင် အလုပ်သမားများက သမ္မတစနစ်ကိုထောက်ခံပြီး လမ်းတွေပေါ်ထွက်ခဲ့ကြသည်။ လူးဝစ်ဖိလစ် ပျောက်ကွယ်သွားပြီး သမ္မတနိုင်ငံပေါ်လာသည်။ ဘူဇွာတို့၏ သမ္မတနိုင်ငံဖြစ်သည်။ တိုက်ပွဲတွင် အလုပ်သမားများ ပူးပေါင်းပါဝင်သော်လည်း သမ္မတစနစ်အောင်ပွဲခံသောအခါ ပါလီမန်တွင် အလုပ်သမား တဦးတလေပင် မပါဝင်။ သို့ပေမယ့် တိုက်ပွဲတွင် ပါဝင်သည့်အတွက် အလုပ်သမားများ၏ လက်ထဲ လက်နက်ရှိနေသည်။ အာဏာတစုံတရာ လည်း ရှိသည်။ သမ္မတနိုင်ငံတည်ထောင်ထားသည့် လစ်ဘရယ်ဘူဇွာသမားများ စိတ်ချလက်ချ "ဟင်း" မချနိုင်သေး။ အလုပ်သမားများ၏ လက်ထဲက လက်နက်ဖြုတ်သိမ်းဖို့ ကြံစည်ကြပြန်သည်။ ပဲရစ်အလုပ်သမားများ၏ ၁၈၄၈ ဇွန်ဆူပူအုံကြွမှုက သမိုင်းသက်သေ ဖြစ်သည်။ အရင်းရှင်လူတန်းစားနှင့် အလုပ်သမားလူတန်းစား အကြားက ပဋိပက္ခမှာ ထင်ထင်ရှားရှား ပွင့်ထွက်လာသည်။ လူတန်းစားတိုက်ပွဲကဏ္ဍသစ်ပေါ်ထွက်လာသည်။ ထိုအချိန်မှစ၍ အလုပ်သမားများ၏လက်ထဲ လက်နက်မရောက်အောင်၊ အလုပ်သမားများ လက်နက်မကိုင်နိုင်အောင် လုပ်ဆောင်ရေးသည် အုပ်ချုပ်သူများ (အာဏာရှင်ဖြစ်စေ အရင်းရှင်ဖြစ်စေ) လုပ်ဆောင်ရမည့် ပညတ်တော်တပါး ဖြစ်လာသည်။ ထို့အတူ အလုပ်သမားများ လက်နက်ကိုင်ဆောင်ရေးသည် အရင်းရှင်စနစ်ကို ဖြိုဖျက်ရန် လူတန်းစားတိုက်ပွဲကို အဆုံးသတ်အောင်ပွဲခံရန် နည်းလမ်းတခုဖြစ်သည်မှာလည်း ပိုမိုခိုင်မာသေချာလာလေသည်။

ထိုစဉ် နပိုလီယန်၏တူ လူးဝစ်ဘိုနာပတ်က အာဏာသိမ်းလိုက်သည်။ လူးဝစ်ဘိုနာပတ်ကို သမ္မတစနစ်လိုလားသူ အချို့ကလည်း မကြိုက်။ အလုပ်သမားများကလည်း မကြိုက်ပေ။ သူသည် အလုပ်သမားများကို ဘူဇွာများရန်က ကာကွယ်ပေးမည့်ဟန် ပြသော်လည်း တကယ်တမ်းတွင် စက်မှုလုပ်ငန်းရှင်များကို ကူညီသည်။ ဘဏ်လုပ်ငန်းရှင်များ ဈေးကစားသည်ကို အားပေးသည်။ ဘူဇွာများကြီးစိုးသည့် တရားရုံးကို ဝန်းရံသည်။ စီးပွားရေးလုပ်ငန်းရှင်

ဘူဇွာများ ပိုပိုချမ်းသာလေ အလုပ်သမားများက ခိုကိုးရာမဲ့ စားရာ နေရာမဲ့ဖြစ်လေ ဖြစ်လာသည်။ အရင်းရှင်များက အလုပ်သမားများ အပေါ် လက်ရဲဇက်ရဲ ခေါင်းပုံဖြတ် အမြတ်ထုတ်လာသည်။ အမြောက်အမြား ကုန်ထုတ်လုပ်သည့် အကြီးစားစက်မှုလုပ်ငန်း ပုံစံများ တွင်ကျယ်လာသောကြောင့် ကုန်သည်လေးများ၊ ဆိုင်ပိုင် ရှင်ကလေးများ၊ လက်မှုပညာသည်များ အလျှင်အမြန် အတိဒုက္ခ ရောက်ကြရသည်။ လယ်သမားများမှာ လယ်ကွက်သေးသေးတွင် လုပ်ကိုင်ရပြီး အခွန်ဆောင်ရသည့်အပြင် ရဲများ၏ ခြိမ်းခြောက်နှောင့် ယှက်မှုလည်း ခံရသည်။ ငွေမက်သော ရုံးဝန်ထမ်းများ၏ လာဘ်စား မှုကလည်း မကြုံဖူးသည့် ပမာဏသို့ ရောက်နေသည်။ ဘုရင်လေးရာ ဖရုံဆင့် ဆိုသလို လူးဝစ်ဘိုနာပတ်သည် လူမျိုးကြီးစိတ်ဓာတ်ကို လှုံ့ဆော်ပြီး ဒုတိယအင်ပါယာနိုင်ငံ တည်ထောင်ဖို့ ကြိုးစားလေ သည်။ ၁၈၁၄ ခုတွင် သူ၏ဦးလေး နပိုလီယံဘိုနာပတ် ဆုံးရှုံးခဲ့ရသော နယ်မြေများကို ပြန်လည်တောင်းဆိုသည်။ ၁၈၅၃ တွင် ခရိုင်း မီးယားစစ်၌ ရုရှားနှင့်၊ ၁၈၅၉ တွင် အီတလီ၌ ဩစတြီးယန်းနှင့်၊ ၁၈၇၀ တွင် ပရပ်ရှား (ဂျာမနီ) နှင့် စစ်မက်ဖြစ်ပွားလေသည်။

လွန်ခဲ့သည့် နှစ် ၁၅၀ လောက်က အခြင်းအရာများသည် ယနေ့တိုင် ပျောက်ကွယ်မသွားပေ ။ ကမ္ဘာတွင် ရှင်သန်နေသည့် အရင်းရှင်လူ့ အဖွဲ့အစည်းအတွင်း မည်သည့်နေရာတွင်မဆို မည်သည့်အချိန် ကာလတွင်မဆို တွေ့မြင်နေရပေသည်။ ဗမာပြည်တွင်လည်း တွေ့မြင်နိုင်သည်။ ယနေ့ ဗမာပြည်တွင် အမှုထမ်းအရာထမ်းမှ အစ ဝန်ကြီးဝန်လေးအဆုံး နည်းမျိုးစုံဖြင့် လာဘ်စားကြသည်။ လာဘ်ပေး ကြ လာဘ်ယူကြသည့် အကြောင်းအရာများမှာ မြားမြောင်လှ သည်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အန်အယ်ဒီ အစိုးရ အဖွဲ့တက်လာလျှင် လာဘ်ပေးလာဘ်ယူမှု ပပျောက်လိမ့် မည်ဟု လူအများ ထင်ကြသည်။ ဒီမိုကရေစီ နည်းလမ်းများကို ကျင့်သုံးလိမ့်မည်ဟု လူအများ မျှော်လင့်ကြသည်။ အကျင့်ပျက် လာဘ်စားမှုများ ပပျောက်မသွားဘဲ တိုးပွားလာသည်။ အကျင့် စာရိတ္တပျက်ပြားမှုများ ထိန်းမနိုင်သိမ်းမနိုင် ဖြစ်နေသည်။ မူးယစ် ဆေးဝါးသုံးစွဲသူများ များပြားလာသည်။ သံဈေးတက်နေသော ဗျူရိုကရေစီယန္တရားသည် ဆွေးမြေ့ပျက်ဆီးခြင်းဆီ ရောက်နေသည်။ နေ့ညမဟူ ဓားပြ တိုက်ကြသည်များ၊ လုယက်ကြသည်များ၊ မိသားစုလိုက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြသည်များလည်း တုန်လှုပ်ချောက်ချားစရာ ကောင်းလှသည်။ ပြည်သူများသည် ကြီးလန့်စာစားနေရသည် ။ သွားရင်းလာရင်း ငါ့အလှည့်များလား တွေးနေရပြီ။ နေရင်းထိုင်ရင်း ငါ့ဆီရောက်လာမှာလား ပူပန်နေကြပြီ။ တိုင်းပြည် ကမောက်ကမဖြစ်အောင် လူမျိုးရေးမုန်းတီးမှုများနှင့် စစ်ပွဲများကို စစ်အုပ်စုက ဖန်တီးမှုကြောင့် စီးပွားရေး၊ နိုင်ငံရေး မငြိမ် မသက်ဖြစ်လာပြီး အခြေခံစားကုန်ဈေးနှုန်းများ ထိုးတက်ကာ ပြည်သူအများ၏ ညည်းသံငြူသံများလည်း ညံစီစီ ထွက်နေပြီ။ ထိုသို့ ဗမာစစ်အာဏာရှင်တို့၏ လူမျိုးကြီးစိတ်ဓာတ်ဖြင့် လူနည်းစု လူမျိုးများအပေါ် ဖိနှိပ်ခြင်း၊ မျိုးချစ်စိတ်ဓာတ်ကို ခုတုံးလုပ်ခြင်း၊ ဘာသာရေးမှိုင်းတိုက်ခြင်း၊ မရပ်မနား စစ်မက်ဖြစ်ပွားခြင်းများသည် လူးဝစ်ဘိုနာပတ်လက်ထက် ပြင်သစ်ပြည်သူတို့ ကြုံတွေ့ရသည်နှင့် မခြားချေ။

၁၈၇၀ တွင် ပြင်သစ်ပရပ်ရှားစစ်ပွဲ ဖြစ်ပွားသောအခါ ပထမအင်တာ နေရှင်နယ် နိုင်ငံတကာအလုပ်သမားများ အဖွဲ့ချုပ် ပြင်သစ်ဌာနခွဲက “ဤစစ်ပွဲသည် မျိုးချစ်စိတ်ကိုအကြောင်းပြုပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည့်စစ်ပွဲဖြစ်ကြောင်းနှင့် ပြင်သစ်အလုပ်သမားများ သာမက ဂျာမန်အလုပ်သမားများလည်း ညီရင်းအစ်ကိုပမာ သွေး စည်းညီညွတ်စွာဖြင့် ဤစစ်ပွဲကို ဆန့်ကျင်ကြပါစို့။ ငြိမ်းချမ်းရေး လိုလားသော တိုင်းပြည်အသီးသီးမှ အလုပ်သမားအားလုံး ပြည်သူတို့၏ အသက် အိုးအိမ်စည်းစိမ်များကို ဖြုန်းတီးနေသော ပဒေသရာဇ် စစ်ပွဲများကို ဆန့်ကျင်ကြောင်းအသံကို ညီညီ ညွတ်ညွတ် ထုတ်လွှင့်ကြပါစို့။”ဟူသော သဘောထားကို ထုတ်ပြန် ခဲ့သည်။ ပထမ အင်တာနေရှင်နယ်၏ ပြင်သစ်ပရပ်ရှားစစ်ပွဲနှင့် ပတ်သက်သော မိန့်ခွန်းတွင် ကားလ်မာ့က်စ်သည် “ဤစစ်ပွဲသည် စတော့ပွဲစား၏ ပရိယာယ်မျှသာ ဖြစ်သည်။ ပြင်သစ်၊ ဂျာမနီ အပါ အဝင် ဥရောပမှ အုပ်ချုပ်သူလူတန်းစားသည် သူတို့၏အာဏာ တည်မြဲရန် ရက်စက်ကြမ်းကြုတ်သည့် ဟန်ဆောင်စစ်ပွဲများ ဖန်တီး နေသည်ကို မမေ့သင့်ကြောင်း” ပြောသည်။

၁၈၇၀ စက်တင်ဘာ ၄ ရက်နေ့တွင် ပြင်သစ်တွေ စစ်ရှုံးကြောင်း သတင်း ပဲရစ်မြို့သို့ ရောက်လာသည် ။ လူထုကြီးသည် မခံမရပ်နိုင် ဖြစ်ပြီး လမ်းများပေါ်ထွက်လာကြသည်။ အင်ပါယာပြိုကျသွားပြီ။ နိုင်ငံတော်ကာကွယ်ရေးအစိုးရ Government of National Defence (GND) ကို ဖွဲ့စည်းသည်။ တတိယသမ္မတနိုင်ငံ ကြေညာ သည် ။ GND တွင် ယခင်အစိုးရအဖွဲ့ဝင်တချို့ ပါဝင်လာသည်။ ကားလ်မာ့က်စ်က နံမည်ဆိုးနှင့်ကျော်ကြားသည့် ယခင် အစိုးရ ဝန်ကြီးတချို့နှင့် လူလတ်တန်းစား သမ္မတစနစ်လိုလားသူတချို့တို့ ပေါင်းစပ်ဖွဲ့စည်းထားသော GND သည် အလုပ်သမားလူတန်းစား ကို ဒုက္ခပေးရုံမက ဖျက်ဆီးလိမ့်မည်ဟုပင် ထုတ်ဖော်ပြောကြားခဲ့ သည်။ အလုပ်သမားများသည် နိုင်ငံတော်အစောင့်တပ် National Guard (NG) ၏ အနောက်တွင် ရပ်နေပြီး အများစု

သည် NG အဖွဲ့ဝင်များ ဖြစ်ကာ လက်နက်ကိုင်ဆောင်ထားသည်။ စက်တင်ဘာ ၉ ရက်နေ့တွင် ပရပ်ရှား (ဂျာမန်) တပ်များ ပဲရစ်ကို ဝိုင်းမိသည်။ စက်တင်ဘာ ၁၉ ရက်၊ အောက်တိုဘာ ၅ ရက် နှင့် ၈ ရက်များမှာ အလုပ်သမားများက မြို့ထဲသို့ ချီတက်ပြီး အစိုးရအဖွဲ့ကို လူထုဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရန် တောင်းဆိုကြသည်။ ပဲရစ်မြို့တွင် အစာရေစာပြတ်လပ်ကာ ခံတပ်တချို့နှင့် တပ်ရင်း အတော်များများ လက်နက်ချကြသော်လည်း NG သည် လက်နက်မချပေ။ အောက်တိုဘာ ၃၁ ရက်တွင် ဘလန်ကွီအပါအဝင် အလုပ်သမားများဘက်မှ ခေါင်းဆောင်တချို့နှင့် NG တပ်တချို့တို့ မြို့တော်ခန်းမကို သိမ်းပိုက်ကာ အစိုးရအဖွဲ့ဝင်တချို့ကို ဖမ်းဆီးလိုက်သည်။ ဗိုလ်ချုပ် လူးဝစ်ဂျူတောက်ရှု (Louis Jule Trochu)၊ ဝန်ကြီးချုပ် အဒေါ့ဖ်တီးယဲစ် (Adolphe Thiers) တို့ လွတ်မြောက်သွားသည်။ ၁၈၇၁ ဖေဖော်ဝါရီတွင် အဒေါ့ဖ်တီးယဲစ် (Adolphe Thiers) နှင့် ဂျာမန်ဗိုလ်ချုပ် ဘစ်စမတ်ခ် (Bismarck) တို့ ပဲရစ်ကို ချန်လှပ်ထားကာ စစ်ရပ်စဲရေး ချုပ်ဆိုသည်။ ပြင်သစ်တပ်များ လက်နက်ဖြုတ်ရသော်လည်း NG သည် လက်နက်မဖြုတ်ပေ။ ဤတွင် လက်နက်တပ်ဆင်ထားသော ပစ္စည်းမဲ့အလုပ်သမားများနှင့် ဘူဇွာအစိုးရများကြား ပဋိပက္ခသည် ပြန်လည်ထင်ရှားလာသည်။ အဒေါ့ဖ်တီးယဲစ် (Adolphe Thiers) အစိုးရသစ်က အလုပ်သမားများလက်ထဲက လက်နက်ကို ဖြုတ်ချရန် ကြိုးစားသည်။ မတ်လ ၁၈ ရက်နေ့တွင် NG ပိုင် အမြောက်များကို သိမ်းယူရန် ကြိုးစားသည်။ အမြောက်များကို မသိမ်းယူနိုင်ဘဲ ဗာဆိုင်းအစိုးရနှင့် ပဲရစ်အကြား စစ်ကြေညာလိုက်သည့်ပမာ ဖြစ်သွားသည်။ ပဲရစ်တွင် သေနတ်ကိုင်သည့် လူတိုင်းကို စစ်တိုက်ဖို့ အဆင်သင့်ပြင်ဆင်ရန် ဆော်သြကြသည်။ မတ်လ ၂၆ ရက်နေ့တွင် ကိုယ်စားလှယ် ၉၂ ဦးကို ရွေးချယ်တင်မြှောက်ကာ ပဲရစ်ကွန်မြူန်းကို ဖွဲ့စည်းခဲ့သည်။ မတ်လ ၂၈ ရက်နေ့တွင် ကမ္ဘာသို့ ကြေညာသည်။

ပဲရစ်ကွန်မြူန်း၏ ဗဟိုကော်မတီသည် အနှစ်နှစ်အလလ မျိုသိပ်သည်းခံထားခဲ့ရသည့် မကောင်းဆိုးဝါးကဲ့သို့ ပြုမူတတ်သော ပဲရစ်ရဲတပ်ဖွဲ့ကို ပထမဦးဆုံး ဖျက်သိမ်းသည် ။ မတ်လ ၃၀ ရက်တွင် စစ်မှုမထမ်းမနေရ ဥပဒေကို ဖျက်သိမ်းသည်။ NG ကို တခုတည်းသော စစ်တပ်အဖြစ် သတ်မှတ်သည်။ ၁၈၇၀ ခုနှစ် အောက်တိုဘာမှ ၁၈၇၁ ခု ဧပြီထိ အိမ်လခများကို လျှော်ပစ်သည်။ ဧပြီ ၁ ရက်တွင် ကွန်မြူန်းအစိုးရအဖွဲ့၏ အမြင့်ဆုံးလစာကို သတ်မှတ်သည်။ မည်သည့်ဗဟိုကော်မတီဝင်မျှ ဖရန့်ငွေ ၆၀၀၀ ထက် မပိုရ။ ဤသည်မှာကား သမိုင်းအဆက်ဆက်တွင် အစိုးရမှန်သမျှက ပြည်သူအထက်ကနေပြီး လူညွန့်ခူးစားသောက်သော စနစ်ကို ရိုးရိုးရှင်းရှင်း ကန့်သတ်တားမြစ်လိုက်ခြင်းပင် ဖြစ်သည်။ ဧပြီ ၈ ရက်တွင် နိုင်ငံတော်မှ ဘုရားရှိခိုးကျောင်းများကို ခွဲထုတ်သည့်အမိန့်ကို ပြဌာန်းပြီး ဘာသာရေး ထောက်ပံ့ကြေးများ ဖျက်သိမ်းပစ်သည်။ ဘုရားကျောင်းများ၏ ပိုင်ဆိုင်မှုများကို အမျိုးသားပိုင်အဖြစ် သိမ်းယူသည်။ နပိုလီယံ တည်ဆောက်ခဲ့သော Vendome ဗန်ဒုမ်းနန်းတော်ရှိ စစ်နိုင်ခြင်းအထိမ်းအမှတ် မှတ်တိုင်ကို လူမျိုးကြီးဝါဒအမှတ်အသား၊ အမုန်းတရားကို စေ့ဆော်သည်ဟု သတ်မှတ်ပြီး ဖြိုချခဲ့သည်။ ဧပြီ ၁၆ တွင် ပိတ်ထားသောစက်ရုံစာရင်းများကောက်ပြီး ထိုစက်ရုံများတွင် လုပ်ခဲ့သော အလုပ်သမားများ ဦးဆောင်၍ ပြန်လည် လည်ပတ်ရန် ဆောင်ရွက်သည်။ အကြီးစားစက်ရုံ အဖွဲ့အစည်းနှင့် ပတ်သက်သည့် ပြဌာန်းချက်များချမှတ်သည်။ အလုပ်သမားအဖွဲ့အစည်း မရှိသေးသော စက်ရုံများတွင် အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းကာ အားလုံးကို တခုတည်းသော သမဂ္ဂအောက် ထားရှိသည်။ ဧပြီ ၂၀ တွင် ညအလုပ်များ အထူးသဖြင့် မုန့်ဖုတ်လုပ်ငန်း၏ ညအလုပ်များ ဖျက်သိမ်းပစ်သည်။ အလုပ်သမားများ မှတ်ပုံတင်ရသည့် ပြဌာန်းချက်ကိုလည်း ဖျက်သိမ်းပစ်သည်။ ဧပြီ ၃၀ တွင် အပေါင်ဆိုင်များကို ပိတ်သိမ်းခိုင်းသည် ။

ထိုအရာများသည် ပဲရစ်ကွန်မြူန်းက လုပ်ဆောင်သွားသော အလုပ်သမားလူတန်းစား လွတ်မြောက်မှုအတွက် လိုအပ်သည့် အခြေခံဆောင်ရွက်ချက်များဖြစ်သည်။ မည်သည့်အာဏာရှင်၊ မည်သည့်အရင်းရှင်မျှ မလုပ်သည့် အလုပ်များကို ရန်သူပတ်လည်ဝိုင်းကာ ဖုံးမိုးရှာနေစဉ်ကာလမှာ ပဲရစ်အလုပ်သမားများက တူးဆွဖော်ထုတ်လုပ်ဆောင်သွားခြင်း ဖြစ်သည်။

၁၈၇၁ ခုနှစ် မေလ။ ဤအချိန်ကာလအတွင်း ပဲရစ်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်သည် မာ့က်စ် ပြောခဲ့သော “ဤစစ်ပွဲသည် စတော့ပွဲစား၏ ပရိယာယ်မျှသာ ဖြစ်သည်။ ပြင်သစ်၊ ဂျာမဏီ အပါအဝင် ဥရောပမှ အုပ်ချုပ်သူလူတန်းစားသည် သူတို့၏အာဏာတည်မြဲရန် ရက်စက်ကြမ်းကြုတ်သည့် ဟန်ဆောင်စစ်ပွဲများ ဖန်တီးနေသည်ကို မမေ့သင့်ကြောင်း” ဆိုသည့်စကား အဘယ်မျှမှန်ကန်ကြောင်း သက်သေပြနေသည်။ ဗာဆိုင်းအစိုးရသည် သူတို့အရေးနိမ့်နေစဉ် ကွန်မြူန်းနှင့် စေ့စပ်ညှိနှိုင်းမှုများ လုပ်လိုကြောင်း ကမ်းလှမ်းကာ အချိန်ဆွဲနေသည် ။ တခြားတဖက်တွင် အဒေါ့ဖ်တီးယဲစ် (Adolphe Thiers) သည် ဘစ်စမတ်ခ်(Bismarck) ထံ ပြင်သစ်စစ်သုံ့ပန်းများကို ပြန်ပေးရန် တောင်းဆိုညှိနှိုင်းနေသည်။ မေလဆန်းတွင် ထိုစစ်သားများ ရောက်လာသောအခါ အဒေါ့ဖ်တီးယဲစ်၏ လေသံပြောင်းသွားသည်။ ကွန်မြူန်းနှင့်ချုပ်ဆိုထားသည့် စေ့စပ်ညှိနှိုင်း

ချက်တွေကို ချိုးဖောက်ပစ်သည်။ မေ ၃ ရက်နေ့တွင် ပဲရစ် တောင်ပိုင်းကို သိမ်းသည်။ မေ ၁၄ ရက် အနောက်ပိုင်း။ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင်လည်း ဂျာမန်တပ်များ ပဲရစ်မြို့ထဲ ဝင်နိုင်အောင် ခွင့်ပြုထားသည်။ မေ ၂၁ ရက်မှ ၂၈ ရက်ထိ ဗာဆိုင်းအစိုးရနှင့် ဂျာမန်အစိုးရတို့ ပူးပေါင်းကာ ပဲရစ်မြို့ကို သွေးချောင်းစီးစေသည်။

ကားလ်မာ့က်စ်က သူ၏မိတ်ဆွေ ဒေါက်တာ ကုဂယ်မန်း **(Kugelmann)** ဆီ ရေးသည့်စာထဲတွင် ပဲရစ်ကွန်မြူန်း၏ လုပ်ဆောင်ချက်များသည် စစ်ဗြူရိုကရေစီယန္တရားကို တလက်မှ တလက်သို့ ပြောင်းလဲတာမျိုးမဟုတ်ဘဲ ရိုက်ချိုးသည့် လုပ်ဆောင်ချက်များ ဖြစ်ကြောင်း ရေးသားသည်။ ပဲရစ်သူ ပဲရစ်သားတို့၏ စွန့်လွှတ်နိုင်မှုကိုလည်း သမိုင်းတင်လောက်သည့် စွမ်းဆောင်ချက် ဖြစ်ကြောင်း ဂုဏ်ပြုသည်။ သမိုင်းတွင် ဤမျှ ကြီးကျယ်မြင့်မြတ်သည့် သမိုင်းမျိုး မရှိဟု ဆိုသည်။ အိန်ဂျယ်က ပဲရစ်ကွန်မြူန်း အနှစ် ၂၀ မြောက် အထိမ်းအမှတ် ဆောင်းပါးတွင် "Look at the Paris Commune. That was the Dictatorship of the Proletariat." "ပဲရစ်ကွန်မြူန်းကိုကြည့်။ အဲဒါ ပစ္စည်းမဲ့အာဏာရှင်စနစ်ပဲ" စာကြောင်းဖြင့် အဆုံးသတ်ထားသည်။ ပဲရစ်ကွန်မြူန်းသည် ရှုံးနိမ့်သော်ငြား၊ တိုတောင်းသော်ငြား၊ အားနည်းချက်များ ရှိသော်ငြား ပစ္စည်းမဲ့အလုပ်သမားများ တည်ဆောက်ရမည့် လူ့ဘောင်ဘဝပုံစံကို ထုတ်ဖော်ပြသည်။ ပဲရစ်ကွန်မြူန်းသည် ပစ္စည်းမဲ့တော်လှန်ရေး၏ နောက်ဆုံးတွေ့ရှိချက် ဖြစ်သည်။ လီနင်သည် ပဲရစ်ကွန်မြူန်း၏ ပခုံးထက်မှာ ရပ်၍ ဆိုဗီယက်နိုင်ငံတော်ကို တည်ဆောက်ခဲ့သည်။ ပဲရစ်ကွန်မြူန်းပုံစံနိုင်ငံတော် Paris commune type of state ကို အခြေခံ၍ ဆိုဗီယက်ပုံစံနိုင်ငံတော် Soviet type of state ကို တည်ဆောက်သည်။ ပဲရစ်ကွန်မြူန်းက ဘုရင်စနစ်ကို ဖျက်သိမ်းပြီး သမ္မတစနစ်ကို တည်ထောင်ရာတွင် အလုပ်သမားများ မပါဝင်ဘဲ အောင်ပွဲမခံနိုင်ကြောင်း ပြဆိုသည်။ သမ္မတစနစ် တည်ထောင်လိုသူများသည် အလုပ်သမားများနှင့် မဟာမိတ်လုပ်ရသည်။ အလုပ်သမား၊ လယ်သမားများဆီမှ အကူအညီ တောင်းခံရသည်။ အလုပ်သမားများသည် မိမိတို့လက်ထဲတွင် လက်နက်ကိုင်ဆောင်ထားနိုင်မှုကြောင့် မိမိတို့ လူတန်းစား၏ အကျိုးစီးပွားအတွက် ဆက်လက်တိုက်ပွဲဝင်နိုင်သည့် အနေအထားကို ရရှိခဲ့ကြောင်း ပြသသည် ။

ဗမာပြည်တွင် စစ်အာဏာရှင်စနစ်ကို တော်လှန်ပြီး ဓနရှင်ဒီမိုကရေစီကို ပြောင်းလဲရာတွင် အလုပ်သမား၊ လယ်သမား တိုင်းရင်းသားများ၏ အင်အားကို လက်ရှိအစိုးရက (ရနိုင်ပါလျက်နှင့်) မရယူခဲ့သည့်အတွက် ဓနရှင်ဒီမိုကရေစီအဆင့်လောက်ကိုပင် အောင်ပွဲမရရှိဘဲ စစ်အာဏာရှင်တို့ လုပ်သမျှအောက်တွင် ပရမ်းပတာ ကမောက်ကမ ဖြစ်နေရသည်။ ဗမာပြည်မှ အလုပ်သမား လယ်သမားထုကြီးသည်လည်း ဓနရှင်များအပေါ် မမှီခိုဘဲ ကွန်မြူန်းကို တည်ဆောက်ခဲ့သည့် ပဲရစ်သူ ပဲရစ်သားများလို နိုးကြားသော မဆုတ်မနစ်သော စွန့်လွှတ်အနစ်နာခံသော အသိစိတ်ဓာတ်များဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည် ဆောင်ရွက်မှသာ အများပြည်သူအားလုံးအတွက် အကျိုးဖြစ်ထွန်းမည့် ဒီမိုကရေစီကို တည်ဆောက်နိုင်မည် ဖြစ်သည်။

**ဤစစ်ပွဲသည် စတော့ပွဲစား၏ ပရိယာယ်မျှသာ ဖြစ်သည်။**
**ပြင်သစ်၊ ဂျာမနီ အပါအဝင် ဥရောပမှ အုပ်ချုပ်သူလူတန်းစားသည်**
**သူတို့၏အာဏာတည်မြဲရန် ရက်စက် ကြမ်းကြုတ်သည့်**
**ဟန်ဆောင်စစ်ပွဲများ ဖန်တီးနေသည်ကို မမေ့သင့်ကြောင်း**

# နိုင်ငံတကာကဗျာ

## ဗီဒယ် ကာစ်ထရိုသို့

ဗီဒယ် ဗီဒယ် လူတွေ ကျေးဇူးတင်တယ်
ပြောသလိုလုပ်တာနဲ့ ဆိုတေးဖွဲ့ အလုပ်တွေအတွက်
ဒါကြောင့် ကျွန်တော် အဝေးမှ ဆောင်ကြဉ်းလာခဲ့
ကျွန်တော့်တိုင်းပြည်က ဝိုင်တခွက်၊
မြေအောက်က လူတွေရဲ့ သွေးပေါ့
အရိပ်အမှောင်တွေကနေ ခင်ဗျား လည်ချောင်းထဲကိုရောက်၊
ရာစုနှစ်များစွာ ရှင်သန်ခဲ့ သတ္တုတွင်း လုပ်သားတွေပါ
အေးခဲမြေမှ မီးကို တူးဖော်ယူကြရှာ။

ကျောက်မီးသွေးအတွက် သူတို့ ပင်လယ်အောက်ကိုထွက်
သို့ပေမဲ့ ပြန်အလာ သရဲတစ္ဆေတွေပမာ၊
အဆုံးအစမဲ့ညကို ကျင့်သားရခဲ့ကြပေါ့၊
အလုပ်ရက်ရဲ့ အလင်းရောင် လုယူခံရတော့၊
ဘာဖြစ်ဖြစ်ပေါ့လေ ဟောဒီမယ် ခွက်
ဒုက္ခတွေနဲ့ အကွာအဝေးတွေ များစွာရဲ့ ၊
အမှောင်ထုနဲ့ ထင်ယောင်ထင်မှားမှုတွေ ပိုင်စိုးခံ
အကျဉ်းစံ ယောက်ျားတို့ ရဲ့ ပျော်ရွှင်မှု
နွေဦးနဲ့ သူ့ ရနံ့ တွေ ရောက်လာတာကိုလေ
သတ္တုတွင်းထဲကနေ သိနေသူတွေဖြစ်ရဲ့
ကြည်လင်တောက်ပဆုံးကို ရယူဖို့
ထိုသူ တိုက်ပွဲဝင်နေတာ သူတို့ သိလို့ ပါပဲ။

ကျူးဘားကို မြင်ခဲ့ကြပြီ တောင်ပိုင်းက သတ္တုတွင်းလုပ်သားတွေက၊
မြေပြန့်က အထီးကျန် သားတွေက၊
ပါတာဂိုးနီးယားက ချမ်းအေးနေတဲ့ သိုးကျောင်းသားတွေက၊
သံဖြူနဲ့ ငွေရဲ့ ဖခင်တွေက၊
'ချူကီးကာမာတား' ကနေ ကြေးနီထုတ်တဲ့
တောင်တန်းသွယ်တွေကို လက်ဆက်ထားသူတွေက၊



အိမ်လွမ်းနာသက်သက်နဲ့ လူထုတွေကြား
ဘတ်စ်ကားတွေထဲမှာ ပုန်းနေတဲ့ ယောကျ်ားတွေက၊
လယ်ကွင်းတွေနဲ့ အလုပ်ရုံတွေက မိန်းမတွေက၊
ကလေးဘဝတွေမှာ ငိုကြွေးခဲ့တဲ့ ကလေးတွေက
ဒီမှာ ခွက်၊ ယူပါ ဗီဒယ်။

မျှော်လင့်ချက်တွေ အများကြီးနဲ့ အပြည့်ပါ
သောက်လိုက်တဲ့အခါ ခင်ဗျားရဲ့ အောင်ပွဲဟာ
ကျွန်တော့်တိုင်းပြည်ရဲ့ နှစ်ချို့ ဝိုင်လိုပဲလို့ ခင်ဗျားသိလာမှာ
လူတယောက်တည်းမဟုတ် လူအများကြီး လုပ်ထားတာ
စပျစ်သီးတလုံးနဲ့ မဟုတ် အပင်အများကြီးနဲ့ လုပ်ထားတာ၊
တစက်တည်းမဟုတ် မြစ်ပေါင်းများစွာ၊
တဗိုလ်တည်းမဟုတ် တိုက်ပွဲပေါင်းများစွာ။

ကျွန်တော်တို့ ရဲ့ ရှည်ကြာတဲ့ တိုက်ပွဲရဲ့ ဂုဏ်အစုအပေါင်း
ခင်ဗျားကိုယ်စားပြုသမို့ သူတို့ ခင်ဗျားနဲ့ အတူ ရပ်တည်ကြရဲ့
ကျူးဘားသာ ကျရင် ကျွန်တော်တို့ အားလုံး ကျမှာပဲ၊
သူမကို ပင့်တင်ဖို့ ကျွန်တော်တို့ လာမယ်
သူမသာ အပွင့်တွေစုံ အကုန်ဖူးပွင့်ရင်လေ
ကျွန်တော်တို့ ရဲ့ ဝတ်ရည်နဲ့ သာ ဝေဆာလန်းဆန်းလိမ့်။

ခင်ဗျားရဲ့ လက်တွေနဲ့ လွတ်မြောက်စေခဲ့
ကျူးဘားရဲ့ နဖူး သူတို့ ထိကြည့်စမ်းပါ
ပြည်သူ့ လက်သီးတွေ သူတို့ တွေ့ ရမှာ၊
မြေမြုပ်လက်နက်တွေ ကျွန်တော်တို့ ထုတ်၊
သွေးနဲ့ မာန်က ကယ်ထုတ်ဖို့ လာမယ်၊
ကျွန်တော်တို့ ချစ်တဲ့ ကျူးဘားကို ကာကွယ်ဖို့ ပေါ့။

ပါဘလို နေရူဒါ
အရေးတော်ပုံတေး၊ ၁၉၆၀။

(ရဲဘော် ဗီဒယ်ကာစ်ထရိုသို့ အလေးနီဖြင့်)



# Song of Protest

Fidel, Fidel, the people are grateful
for words in action and deeds that sing,
that is why I bring from far
a cup of my country's wine:
it is the blood of a subterranean people
that from the shadows reaches your throat,
they are miners who have lived for centuries
extracting fire from the frozen land.

They go beneath the sea for coal
but on returning they are like ghosts:
they grew accustomed to eternal night,
the working-day light was robbed from them,
nevertheless here is the cup
of so much suffering and distances:
the happiness of imprisoned men
possessed by darkness and illusions
who from the inside of mines perceive
the arrival of spring and its fragrances
because they know that Man is struggling
to reach the amplest clarity.

And Cuba is seen by the Southern miners,
the lonely sons of la pampa,
the shepherds of cold in Patagonia,
the fathers of tin and silver,
the ones who marry cordilleras
extract the copper from Chuquicamata,
men hidden in buses
in populations of pure nostalgia,
women of the fields and workshops,
children who cried away their childhoods:
this is the cup, take it, Fidel.

It is full of so much hope
that upon drinking you will know your victory
is like the aged wine of my country
made not by one man but by many men
and not by one grape but by many plants:
it is not one drop but many rivers:
not one captain but many battles.

And they support you because you represent
the collective honor of our long struggle,
and if Cuba were to fall we would all fall,
and we would come to lift her,
and if she blooms with flowers
she will flourish with our own nectar.



And if they dare touch Cuba's
forehead, by your hands liberated,
they will find people's fists,
we will take out our buried weapons:
blood and pride will come to rescue,
to defend our beloved Cuba.

- Pablo Neruda

# ကိုလံဘီယာ ငြိမ်းချမ်းရေးခရီး

(၁)

ကိုလံဘီယာ တော်လှန်သောလက်နက်ကိုင်တပ်ဖွဲ့ – ပြည်သူ့တပ်မတော် (FARC-PE) နဲ့ ကိုလံဘီယာအစိုးရတို့ဟာ ၄ နှစ်ကြာ ဆွေးနွေးခဲ့ပြီးနောက် ၂၀၁၆ ဇွန်လ ၂၃ ရက်နေ့မှာ စာမျက်နှာ ၂၉၇ မျက်နှာရှိတဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြတယ်။

ကိုလံဘီယာသမ္မတဟောင်းတွေဖြစ်တဲ့ အူရီဘဲ (Uribe) နဲ့ ပတ်စ်ထရာနာ (Pastrana) တို့ကတော့ ဒီသဘောတူညီချက်ကို ဆန့်ကျင်ကြတယ်။ (FARC-PE) ကို အလျှော့ပေးလွန်းထားတယ်လို့ ဆိုကြတယ်။ (FARC-PE) အဖွဲ့ဝင်တွေထဲက ရာဇဝတ်မှုကျူးလွန်ထားသူတွေကို သက်ညှာခွင့်ပေးထားတာကို လက်မခံနိုင်ဘူးလို့ ဆိုတယ်။

ဒီစာချုပ်ကို အတည်ပြုဖို့အတွက် လူထုဆန္ဒခံယူပွဲကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့မှာ ကျင်းပခဲ့တယ်။ မဲပေးခွင့်ရှိသူစုစုပေါင်းရဲ့ ၃၇% သာ မဲပေးခဲ့ကြပြီး ၅၀.၂% က ကန့်ကွက်ခဲ့တဲ့အတွက် ဒီငြိမ်းချမ်းရေးစာချုပ်ကို အတည်မပြုနိုင်ခဲ့ဘူး။ ဒါပေမဲ့ နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က သမ္မတကားလို့စ်ကို ငြိမ်းချမ်းရေး နိုဘယ်ဆုချီးမြှင့်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် လက်မလျှော့ဘဲ ဆက်လက်ကြိုးပမ်းဖို့ တိုက်တွန်းခဲ့တယ်။

သမ္မတကားလို့စ်နဲ့ (FARC-PE) အဖွဲ့ ခေါင်းဆောင် တီမိုချင်ကို (Timochenko) တို့ ၂ ယောက်လုံးကတော့ ငြိမ်းချမ်းရေးအတွက် လက်လျှော့မှာ မဟုတ်ဘူး၊ ဆက်ကြိုးပမ်းသွားမှာ ဖြစ်တယ်လို့ ပြောကြတယ်။ ဒီနောက် သမ္မတကားလို့စ်ဟာ အတိုက်အခံခေါင်းဆောင် သမ္မတဟောင်းအူရီဘဲနဲ့တွေ့ဆုံပြီး သဘောထားတွေ ညှိနှိုင်းတယ်။ (FARC-PE) နဲ့ ဆက်လက်ဆွေးနွေးပြီး အရင်ရရှိထားတဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်ကို ပြင်ဆင်မွမ်းမံတာတွေ ပြုလုပ်တယ်။

စက်တင်ဘာ ၂၆ ရက်နေ့မှာတော့ ပြင်ဆင်ထားတဲ့ နောက်ဆုံးသဘောတူညီချက်တရပ်ကို ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒီတကြိမ်မှာတော့ လူထုဆန္ဒခံယူပွဲ မလုပ်တော့ဘဲ အထက်အောက်လွှတ်တော်တွေမှာပဲ အတည်ပြုချက်ရယူခဲ့တယ်။ လွှတ်တော် ၂ ရပ်လုံးက ထောက်ခံခဲ့တာကြောင့် ဒီငြိမ်းချမ်းရေးစာချုပ်ဟာ အတည်ဖြစ်သွားပါပြီ။

(၂)

ကိုလံဘီယာနိုင်ငံရေးမှာ ကွန်ဆာဗေးတစ်နဲ့လစ်ဘရယ် အင်အားစု ၂ ရပ်က လွှမ်းမိုးထားတာ ဖြစ်တယ်။ ၁၉၄၈ နှစ်မှာ လူသိများထင်ရှားတဲ့ နိုင်ငံရေးသမား ဂိုင်ထန်(Jorge Eliecer Gaitan) လုပ်ကြံသတ်ဖြတ်ခံရတယ်။ အလုပ်ကြံခံရပြီးနောက် ကိုလံဘီယာနိုင်ငံတဝှမ်းမှာ ဆယ်စုနှစ်တခုကြာတဲ့ နိုင်ငံရေးအကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့တယ်။ ကွန်ဆာဗေးတစ်နဲ့လစ်ဘရယ်တွေရဲ့ ပြည်တွင်းစစ်လို့ ဆိုကြတယ်။ ၂ ဖက် အပြန်အလှန် ရက်ရက်စက်စက် သတ်ဖြတ်ကြတာကြောင့် လူပေါင်း ၂ သိန်းကျော် အသက်ဆုံးရှုံးရတယ်။ အများစုက အလုပ်သမား၊ လယ်သမားတွေ ဖြစ်ကြတယ်။ ကိုလံဘီယာသမိုင်းမှာ ဒီသတ်ဖြတ်မှုကြီးတွေကို အကြမ်းဖက်မှုကြီး (၁၉၄၈ – ၅၈) (The Violence, 1948-58) အဖြစ် လူသိများတယ်။

(၁၉၅၇ – ၅၈) မှာ ကွန်ဆာဗေးတစ်ပါတီနဲ့လစ်ဘရယ်ပါတီတို့က ခေါင်းဆောင်တွေဟာ အမျိုးသားတပ်ဦး (National Front) လို့ခေါ်တဲ့ ၂ ပါတီ နိုင်ငံရေးစနစ်တရပ်ကို ထူထောင်ဖို့ သဘောတူညီမှုရခဲ့ကြတယ်။ နိုင်ငံ့အာဏာကို ၂ ပါတီက အလှည့်

ကျရယူကြဖို့ သဘောတူညီချက်ဖြစ်တယ်။ ရွေးကောက်ပွဲတိုင်းမှာ ၂ ပါတီညှိနှိုင်းပြီး (National Front) ရဲ့ကိုယ်စားလှယ်အဖြစ် ဝင်အရွေးခံဖို့ ဖြစ်တယ်။ သူတို့ ၂ ပါတီမှအပ အခြားနိုင်ငံရေး လှုပ်ရှားမှုတွေကိုတော့ ကန့်သတ်ပိတ်ပင်ထားတယ်။ ဒီ ၂ ပါတီ သဘောတူညီချက်ကို ဖွဲ့စည်းအုပ်ချုပ်ပုံပြင်ဆင်ချက်အဖြစ် ၁၉၅၇ ဒီဇင်ဘာလမှာ လူထုဆန္ဒခံယူပွဲနဲ့ ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့တယ်။

၁၉၆၀ ခုနှစ်တွေမှာ ကိုလံဘီယာအစိုးရဟာ အရှိန်မြှင့်စီးပွားရေးဖွံ့ဖြိုးမှု (Accelerated Economic Development-AED) ဆိုတဲ့ ပေါ်လစီကို အကောင်အထည်ဖော်တယ်။ စီမံကိန်းက ပြည်ပတင်ပို့ရောင်းချနိုင်ဖို့အတွက် စိုက်ပျိုးရေးနဲ့မွေးမြူရေး ထုတ်ကုန်တွေကို အကြီးအကျယ်ထုတ်လုပ်နိုင်မယ့် စက်မှုလယ်ယာ ဖွံ့ဖြိုးရေးကို အားပေးဖို့ ဖြစ်တယ်။ ပုဂ္ဂလိက အကြီးစားလယ်ယာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးခြံတွေကို အစိုးရက ပံ့ပိုးပေးတာတွေ လုပ်တယ်။ ဒီပေါ်လစီကြောင့် အသေးစား၊ အလတ်စားလယ်သမားတွေ ထိခိုက်နစ်နာကြရတယ်။ လယ်မြေတွေ ဆုံးရှုံးကုန်ကြတယ်။ ၁၉၆၁ ခုနှစ်မှာ လယ်မြေဆုံးရှုံးတဲ့ မိသားစုပေါင်း ၄၀, ၀၀၀ ရှိပြီး ၁၉၆၉ မှာတော့ ၄၀၀, ၀၀၀ အထိ ရှိလာတယ်။

၁၉၇၀ ခုနှစ်ရောက်တော့ စိုက်ပျိုးနိုင်တဲ့ စုစုပေါင်းမြေ ဧရိယာရဲ့ ၇၇% ဟာ အဲဒီအကြီးစားစက်မှုလယ်ယာ စိုက်ပျိုးရေး မြေတွေ ဖြစ်ကုန်တယ်။ လယ်ယာမြေတွေဟာ မွေးမြူရေးလုပ်ငန်းရှင်ကြီးတွေနဲ့ မြို့ပြစက်မှုလုပ်ငန်းရှင်တွေရဲ့ လက်ထဲမှာ စုစည်းရောက်ကုန်တယ်။ သူတို့ဟာ မြေမဲ့ယာမဲ့ဖြစ်ကုန်သူတွေကို လုပ်အားခဈေး ပေါပေါနဲ့ ငှားရမ်းရရှိတာကြောင့် ကြောက်ခမန်းလိလိ အမြတ်အစွန်းတွေ ရကြတယ်။ အဲဒီကျေးလက်အလုပ်သမားတွေဟာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွေလည်း မရကြဘူး။ အာဟာရချို့တဲ့တာလည်း အန္တရာယ်ပြား ဖြစ်နေတယ်။ ရောဂါဘယကူးစက်မှုနဲ့ မွေးကင်းစကလေးငယ်သေဆုံးမှုတွေလည်း မြင့်တက်လာတယ်။

(၃)

ပထမကမ္ဘာစစ်ပြီးစကတည်းက ကိုလံဘီယာကွန်မြူနစ်တွေဟာ ကျေးလက်ရော မြို့ပြမှာပါ လှုပ်ရှားလာနေခဲ့တာ ဖြစ်တယ်။ ၁၉၃၀ ခုနှစ်မှာတော့ ကိုလံဘီယာကွန်မြူနစ်ပါတီ (PCC) ကို နိုင်ငံတကာကွန်မြူနစ်အဖွဲ့ချုပ် (Comintern) က တရားဝင်အသိအမှတ်ပြုလက်ခံခဲ့တယ်။ ကိုလံဘီယာကွန်မြူနစ်ပါတီ (PCC) ဟာ ကျေးလက်မှာ လယ်သမားအဖွဲ့ချုပ်တွေ ထူထောင်ပြီး မြို့ပြမှာတော့ လူထုတပ်ဦးတွေကို ထူထောင်တယ်။ အလုပ်သမားတွေရဲ့ နေထိုင်မှုဘဝမြင့်မားရေးနဲ့ လုပ်ငန်းခွင်အခြေအနေကောင်းမွန်ရေး၊ ပညာရေးနဲ့ အလုပ်သမားအခွင့်အရေးတွေအတွက် တောင်းဆိုတိုက်ပွဲဝင်ကြတယ်။ မြေရှင်ကြီးတွေက အစိုးရရဲ့ကူညီအားပေးမှုနဲ့ အလုပ်သမားတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုတွေကို ကာကွယ်ဖို့ (PCC) က လူထုကိုစည်းရုံးပြီး ခုခံရေးတပ်ဦးတွေ ဖွဲ့စည်းကြတယ်။ ကိုလံဘီယာတောင်ပိုင်းမှာ ‘ကိုယ့်ကိုကိုယ်ကာကွယ်ရေး အစုအဝန်း’ တွေကို ကွန်မြူနစ်တွေက စည်းရုံးဖွဲ့စည်းကြတယ်။ အဲဒီအဖွဲ့တွေဟာ အစိုးရစစ်တပ်ကိုတောင် တိုက်ပွဲဆင်နိုင်လာကြတယ်။ နောက်ပြီး ဒေသခံလူထုရဲ့ အခြေခံလိုအပ်ချက်တွေကိုလည်း ပံ့ပိုးပေးကြတယ်။ ကွန်မြူနစ်တွေရဲ့ လယ်သမားစည်းရုံးမှုတွေကို ကိုလံဘီယာအစိုးရနဲ့ မြေပိုင်ရှင်လုပ်ငန်းစားတွေက အကြမ်းဖက်နှိပ်ကွပ်ပါတယ်။ အဲဒီလို နှိပ်ကွပ်နေတဲ့ကြားကပဲ (PCC) ဟာ အင်အားတိုးပွားလာတယ်။ အမေရိကန်စစ်ထောက်လှမ်းရေးအဖွဲ့ရဲ့ ခန့်မှန်းချက်အရ ၁၉၆၂ ခုနှစ်မှာ (PCC) အဖွဲ့ဝင်ဟာ ၈, ၀၀၀ မှ ၁၀, ၀၀၀ ရှိပြီး ထောက်ခံသူကတော့ ၂၈, ၀၀၀ ရှိတယ်လို့ ဆိုတယ်။

(PCC) ဝါရင့်စည်းရုံးရေးမှူးတဦးဖြစ်သူ မရူလန်ဒါဗီလက်ဇ် (Manuel Marulanda Velez) ဟာ မာကွီတာလီယာ ဒေသမှာ အခြေချပြီး ပြောက်ကျားတပ်ဖွဲ့စည်းတယ်။ ၁၉၆၄ ခုနှစ် မေလမှာ အစိုးရတပ်က မာကွီတာလီယာနဲ့ ပတ်ဝန်းကျင်ကို ထိုးစစ်ဆင်ခဲ့တယ်။ အဲဒီစစ်ဆင်ရေးအတွက် အမေရိကန်က အကြံဉာဏ်အပြင် ရုပ်ဝတ္ထုအကူတွေပါ ပေးခဲ့တယ်။ မရူလန်ဒါရဲ့တပ်ဖွဲ့ဟာ အင်အား ၄၈ ယောက်တည်းနဲ့ ပြန်ခုခံတိုက်ပွဲဆင်ခဲ့တယ်။

၁၉၆၄ ဇူလိုင်လထဲမှာ မရူလန်ဒါတို့ ပြောက်ကျားအဖွဲ့ဟာ အနီးဝန်းကျင်ရှိ အခြားပြောက်ကျားတပ်ဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးကြတယ်။ အဲဒီမှာ တပ်ဖွဲ့အားလုံးပေါင်းစည်းပြီး တောင်ပိုင်းအုပ်စု (Southern Bloc) လို့ အမည်ခံယူတယ်။ မြေယာပြုပြင်ရေး၊ ကျေးလက်ပြည်သူတွေရဲ့ လူနေမှုဘဝတိုးတက်ကောင်းမွန်ရေးနဲ့ ကျေးလက်ဒေသတွေကို အစိုးရရန်မှ ကာကွယ်ပေးကြမယ်လို့

ဆုံးဖြတ်ကြတယ်။ ၁၉၆၆ မေလမှာ (Southern Bloc) ဟာ ဒုတိယ ကွန်ဖရင့်လုပ်တယ်။ အဲဒီမှာ အဖွဲ့အမည်ကို ကိုလံဘီယာတော်လှန်သော လက်နက်ကိုင်တပ်ဖွဲ့ (FARC) လို့ ပြောင်းလဲလိုက်တယ်။

၁၉၈၂ ခုနှစ်မှာ ကျင်းပတဲ့ သတ္တမအကြိမ် ပြောက်ကျား ကွန်ဖရင့်မှာ အဖွဲ့အမည်ကို ကိုလံဘီယာတော်လှန်သော လက်နက်ကိုင်တပ်ဖွဲ့ – ပြည်သူ့တပ်မတော် (FARC-EP) လို့ ပြောင်းလိုက်တယ်။ ၁၉၆၄ မှာ (FARC-EP) ဟာ အင်အား ၄၈ ပဲ ရှိတယ်။ ၁၉၇၀ မှာတော့ အင်အား ၁,၀၀၀ ဖြစ်လာတယ်။ ၁၉၇၈ မှာ ၂,၀၀၀၊ ၁၉၈၂ မှာ ၆,၀၀၀၊ ၁၉၈၃ – ၈၆ မှာ ၃,၀၀၀ – ၄,၀၀၀ ဖြစ်ပြီး ၂၀၀၇ မှာ ၁၈,၀၀၀ အထိ ဖြစ်လာတယ်။ ၂၀၁၄ နောက်ပိုင်းမှာတော့ ၇,၀၀၀ – ၈,၀၀၀ ရှိတယ်လို့ ခန့်မှန်းကြတယ်။

ပြောက်ကျားတပ်တွေ နှိမ်နင်းဖို့ အမေရိကန်ရဲ့ အကြံပေးချက်နဲ့ အရပ်သားကာကွယ်ရေးတပ်ဖွဲ့ (civilian defense forces) ဆိုတာတွေကို ကိုလံဘီယာအစိုးရက ဖွဲ့စည်းတယ်။ ဒီလက်နက်ကိုင်အဖွဲ့ (paramilitaries) တွေဟာ သေဒဏ်ပေးတာ၊ ချောင်းမြောင်းလုပ်ကြံတာ၊ နှိပ်စက်ညှဉ်းပန်းတာစတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အစိုးရကိုယ်စား လုပ်ဆောင်ကြတယ်။ ဒ့ါအပြင် သူတို့တတွေဟာ (FARC-EP) တပ်ဖွဲ့အယောင်ဆောင်ပြီး အကြမ်းဖက်ရာဇဝတ်မှုတွေကိုလည်း ကျူးလွန်ကြတယ်။ (FARC-EP) တပ်ဖွဲ့တွေ ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ကြတာ ဖြစ်တယ်။

၁၉၈၀ ခုနှစ်တွေအတွင်းမှာ မြေရှင်ကြီးတွေကလည်း ပြောက်ကျားတပ်တွေကို ပြန်တိုက်ဖို့ ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ (paramilitary groups) တွေ ဖွဲ့လာကြတယ်။ အဲဒီလို လက်ယာလက်နက်ကိုင်အဖွဲ့တွေအထဲမှာ အင်အားအကြီးဆုံးက ကိုလံဘီယာ ညီညွတ်သောကာကွယ်ရေးတပ်ဖွဲ့ (AUC) ဖြစ်တယ်။

နှစ် ၅၀ ကျော်ကြာ ကိုလံဘီယာပြည်တွင်းစစ်အတွင်းမှာ သေဆုံးသူပေါင်း ၂၂၀, ၀၀၀ ရှိပြီး အိုးအိမ်စွန့်ခွာရသူပေါင်း ၅.၇ သန်းရှိတယ်လို့ ပြောကြပါတယ်။ အရပ်သားသေဆုံးသူ စုစုပေါင်းရဲ့ ၁၂% ဟာ (FARC-EP) နဲ့ (ELN) ပြောက်ကျားတွေလက်ချက်ဖြစ်ပြီး ကျန်တာကတော့ အစိုးရစစ်တပ်နဲ့ ခါးပိုက်ဆောင်လက်နက်ကိုင်တပ်ဖွဲ့ (paramilitaries) တွေရဲ့ လက်ချက်ဖြစ်တယ်လို့ ကုလသမဂ္ဂက ခန့်မှန်းပါတယ်။

(၄)

ကိုလံဘီယာနိုင်ငံဟာ တောင်အမေရိကတိုက်မှာ ဘရာဇီးလ်နိုင်ငံပြီးရင် ဒုတိယ လူဦးရေအများဆုံးနိုင်ငံ ဖြစ်တယ်။ နိုင်ငံနယ်နိမိတ်ဟာလည်း ပနားမားတူးမြောင်းနဲ့ နီးနီးကပ်ကပ်ရှိနေတယ်။ အမေရိကတိုက်အမြန်လမ်းမကြီးရဲ့ အရေးပါတဲ့လမ်းပိုင်းဟာလည်း ကိုလံဘီယာကို ဖြတ်သွားတာ ဖြစ်တယ်။ ရေနံလည်း အများအပြားထွက်တယ်။ ရေနံမြေတွေကို အဓိကပိုင်ဆိုင်ထားတာကလည်း ဘီပီနဲ့အောစီဒန်တဲလ် (BP Amoco and Occidental Petroleum) တို့လို နိုင်ငံခြားကုမ္ပဏီတွေ ဖြစ်တယ်။ ကျောက်မီးသွေး၊ ရွှေ၊ ပလက်တီနမ်၊ ငွေ၊ ဘောဆိုက်စတဲ့ တခြားသဘာဝသယံဇာတတွေလည်း ပေါကြွယ်ဝတယ်။

အဲဒီလို အရေးပါတဲ့ ကိုလံဘီယာပြည်တွင်းမှာ အခုလို လက်ဝဲပြောက်ကျားတွေ သန္ဓေတည် လှုပ်ရှားလာကြတာကို အမေရိကန်အစိုးရက မလိုလားပါဘူး။ အထူးသဖြင့် ကျူးဘားမှာ တော်လှန်ရေးဖြစ်လာတော့ ပိုပြီးစိုးရိမ်ပါတယ်။ ဒါကြောင့် ကိုလံဘီယာပြည်တွင်းရေးမှာ ဓနရှင်အစိုးရဘက်က အမေရိကန်က ဝင်ရောက်ကူညီတယ်။ ၁၉၅၄ နဲ့ ၁၉၆၄ ကြားမှာ နှစ်စဉ် ကိုလံဘီယာတပ်ဖွဲ့ဝင် ၂၅၀ ကို အမေရိကန်က သောင်းကျန်းသူနှိမ်နင်းရေးသင်တန်းတွေ ပေးတယ်။ ၁၉၆၄ ခုနှစ်မှာတော့ တနှစ်ကို ၃၀၀ ဖြစ်လာတယ်။

၁၉၅၉ ခုနှစ် အောက်တိုဘာမှာ ကိုလံဘီယာပြည်တွင်း လုံခြုံရေးအခြေအနေတွေကို စူးစမ်းလေ့လာဖို့ သောင်းကျန်းသူနှိမ်နင်းရေး ကျွမ်းကျင်သူတွေပါတဲ့ အထူးစူးစမ်းလေ့လာရေးအဖွဲ့တဖွဲ့ကို အမေရိကန်က စေလွှတ်လိုက်တယ်။ ဒါပေမဲ့ ကိုလံဘီယာနဲ့ အမေရိကန်အစိုးရတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်ရန်အလို့ငှာ ကိုလံဘီယာပြည်တွင်း လုံခြုံရေးအတွက် အမေရိကန်ကပေးတဲ့ အကူအညီအားလုံးကို အထူးလျှို့ဝှက်ထားရမယ်လို့ ဆိုတယ်။ ကိုလံဘီယာပြည်တွင်းရေးမှာ အမေရိကန်က ဝင်ရောက်စွက်ဖက်တယ်လို့ အစွပ်စွဲမခံရအောင် ဖြစ်တယ်။

၁၉၆၂ ခုနှစ်မှာ အထူးစစ်ပွဲဆိုင်ရာဗဟိုတပ်မှူး ဗိုလ်ချုပ်ကြီး ဝီလျံယာဘာရိုး (General William P. Yarborough) ဦးဆောင်တဲ့ အဖွဲ့ထပ်ရောက်လာပြန်တယ်။ သူ့ရဲ့အကြံပေးချက်အရ (Plan Lazo) လို့ခေါ်တဲ့ သောင်းကျန်းသူချေမှုန်းရေးပေါ်လစီကို ချမှတ်တယ်။ အဲဒီ

စီမံကိန်းအရ အစိုးရစစ်တပ်က အရပ်သားတွေကို စည်းရုံးပြီး ပြည်သူ့စစ်နဲ့ သတင်းထောက်လှမ်းရေးအဖွဲ့တွေကို ဖွဲ့စည်းတယ်။ အမေရိကန်ပူးတွဲစစ်ဦးစီးအဖွဲ့ကို ဗိုလ်ချုပ်ကြီးဝီလျံရဲ့ အကြံပေး ချက်တွေထဲမှာ အမေရိကန်က ကိုလံဘီယာမှာ လက်နက်ကိုင်တပ်ဖွဲ့တွေ ဖွဲ့စည်းထောက်ပံ့ပေးဖို့၊ ကွန်မြူနစ်တွေရဲ့ လှုပ်ရှားမှုတွေကို တန်ပြန် အကြမ်းဖက်နှိမ်နင်းဖို့နဲ့ အဖျက်အမှောင့်လုပ်ငန်းတွေလုပ်ဖို့လည်း ပါတယ်။

၂၀၀၀ ခုနှစ်မှာ အမေရိကန်လွှတ်တော်က ကိုလံဘီယာ စီမံချက် (**Plan Colombia**) ဆိုတာကို အတည်ပြုပေးခဲ့တယ်။ ကိုလံဘီယာပြောက်ကျားတွေကို နှိမ်နင်းရေး၊ အင်စတီကျူးရှင်းတွေ အားကောင်းရေးနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးတို့အတွက် အကူအညီ ပေးဖို့ စီမံကိန်းလို့ ဆိုတယ်။ အဲဒီစီမံချက်က ၁၆ နှစ် အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလျံကျော် သုံးခဲ့တယ်။ ဒီစီမံကိန်းအရ ကိုလံဘီယာပြောက်ကျားတွေကို စီအိုင်အေနဲ့ အမေရိကန် အမျိုးသား လုံခြုံရေးအေဂျင်စီတို့က လျှို့ဝှက်လုပ်ကြံရေးတွေ လုပ်ဆောင်ကြတယ်။ အနည်းဆုံးပြောက်ကျားခေါင်းဆောင် ၂၄ ဦး လုပ်ကြံသတ်ဖြတ်ခံရတယ်။

(၅)

(**FARC-EP**) အတွက် ရန်ပုံငွေကို ပြန်ပေးဆွဲတာနဲ့ မူးယစ် ဆေးလုပ်ငန်းကနေ အဓိကရရှိတယ်လို့ စွပ်စွဲပြောဆိုကြတယ်။ ၁၉၈၀ ခုနှစ်များ မတိုင်မီကတော့ (**FARC-EP**) ဟာ မူးယစ်ဆေးဝါးစိုက်ပျိုးရေး၊ သယ်သူပို့ဆောင်ရေးတွေမှာ တိုက်ရိုက်ပါဝင်မှုမရှိဘူးလို့ ဆိုတယ်။ သူထိန်းချုပ်ထားတဲ့ ဒေသတွေမှာ မူးယစ်ဆေးစိုက်ပျိုးသူတွေဆီက အခွန်ကောက်တာပဲ လုပ်တယ်လို့ ဆိုပါတယ်။ ၁၉၉၀ ခုနှစ်တွေမှာတော့ (**FARC-EP**) ဟာ မူးယစ်ဆေးထုတ်လုပ်ရေးနဲ့သယ်ယူတာ၊ ရောင်းဝယ် တာတွေပါ လုပ်လာတယ်လို့ ဆိုတယ်။ ဒါပေမဲ့ (**FARC-EP**) ကို တိုက်ဖို့ အစိုးရနဲ့မြေရှင်ကြီးတွေက ဖွဲ့စည်းထားတဲ့ လက်ယာလက်နက်ကိုင် တပ်ဖွဲ့တွေက ဒီလုပ်ငန်းကို ပိုလုပ်ကြပါတယ်။

၂၀၀၀ ခုနှစ်မှာ (**FARC-EP**) ပြောရေးဆိုခွင့်ရှိသူ ဆိုင်မွန်ထရီ နီဒက်က မူးယစ်ဆေးစက်ရုံတွေက ရရှိတဲ့ အခွန်အခဟာ အဖွဲ့အစည်း ဝင်ငွေရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတခုဖြစ်တယ်လို့ ပြောတယ်။ ဒါဟာ မူးယစ်ဆေးလုပ်ငန်းတွေကကိုလံဘီယာစီးပွားရေးရဲ့ အစိတ်အပိုင်း အတော်များများမှာ စိမ့်ဝင်ပျံ့နှံ့နေတဲ့အထိ ကြီးထွားနေတာမို့ မလွှဲမရှောင်သာ ဖြစ်ရတာပဲလို့ ဆိုပါတယ်။

(**FARC-EP**) ရဲ့ နောက်ဝင်ငွေရေသောက်မြစ်တခုက ပြန်ပေးဆွဲလုပ်ငန်းဖြစ်တယ်လို့ ပြောကြပါတယ်။ တချို့က ပြန်ပေးငွေ ရဖို့ဖြစ်ပြီး နိုင်ငံရေးရည်မှန်းချက်နဲ့ ပြန်ပေးဆွဲတာလည်း ပါတယ်။ မူးယစ် ဆေးကုန်သည်နဲ့ ချမ်းသာတဲ့အထက်တန်းစား မိသားစုဝင်တွေနဲ့ နိုင်ငံခြားသားတွေကို အဓိကပစ်မှတ်ထားတယ်လို့ ဆိုတယ်။

(**FARC-EP**) တပ်မှူးဆိုင်မွန်ထရီနီဒက်က မိမိတို့အဖွဲ့ဟာ ပြန်ပေးဆွဲမှုတွေ မလုပ်ဘူး။ မိမိတို့အရေးတော်ပုံအတွက် လိုအပ်တဲ့ အရင်းအမြစ်တွေရရှိဖို့ လူတွေကို ထိန်းသိမ်းခဲ့ရတာပဲ ဖြစ်တယ်လို့ ဆိုပါတယ်။ ပြောရေးဆိုခွင့်ရှိသူ ဂိုမက်စ်ကလည်း အဲဒီလို လူတွေကို ထိန်းသိမ်းပြီး ငွေကြေးတောင်းခံရတာဟာ အခွန်ငွေ မပေးတဲ့အတွက် ဖြစ်တယ်လို့ ဆိုပါတယ်။ အများစုကတော့ အခွန်ငွေကို လိုလိုလားလား ပေးကြတယ်လို့ ပြောပါတယ်။

(၆)

အခု နောက်ဆုံး သဘောတူညီချက်ရတဲ့ ငြိမ်းချမ်းရေးဆွေးနွေး ပွဲ မတိုင်မီကလည်း (**FARC-EP**) နဲ့ကိုလံဘီယာ အစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်ခဲ့ကြပါတယ်။

၁၉၈၀ ခုနှစ်များမှာ ကိုလံဘီယာသမ္မတဘီတန်ကာ (**Betancur**) ဟာ (**FARC-EP**) နဲ့ တွေ့ဆုံဆွေးနွေးတာတွေ လုပ်တယ်။ ၁၉၈၄ ခုနှစ်မှာတော့ (**La Uribe Agreement**) ဆိုတဲ့ သဘောတူညီချက်ကို ရရှိခဲ့တယ်။ သဘောတူညီချက်အရ အပစ် အခတ်ရပ်စဲခဲ့တယ်။ ၁၉၈၄ မှ ၁၉၈၇ ခုနှစ်အထိ ဖြစ်တယ်။

အဲဒီသဘောတူညီချက်အရ ၁၉၈၅ ခုနှစ်မှာ (**FARC-EP**) ဟာ အခြားလက်ဝဲ၊ ကွန်မြူနစ်အုပ်စုတွေနဲ့ပေါင်းပြီး ပြည်ချစ်သမဂ္ဂ (**“Patriotic Union”, UP**) ဆိုတဲ့ မြေပေါ်နိုင်ငံရေးပါတီ ဖွဲ့တယ်။ (**UP**) ပါတီဟာ ဖွဲ့စည်းအုပ်ချုပ်ပုံပြုပြင်ရေး၊ ဒီမိုကရေစီပိုကျတဲ့ ဒေသရွေးကောက်ပွဲတွေဖြစ်မြောက်ရေး၊ နိုင်ငံရေးဗဟိုချုပ်ကိုင်မှုတွေ လျှော့ချရေးနဲ့ လစ်ဘရယ်နဲ့ကွန်ဆာဗေးတစ်ပါတီတွေက ကိုလံ ဘီယာ နိုင်ငံရေးကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားမှုကို အဆုံးသတ် ရေးစတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ ကြိုးပမ်းတယ်။ မြေယာ

ဝေခြမ်းရေး၊ ကျန်းမာရေးနဲ့ပညာရေးကဏ္ဍတွေမှာ ဘတ်ဂျက်ပိုသုံးရေး၊ နိုင်ငံခြားလုပ်ငန်းကြီးတွေနဲ့ ကိုလံဘီယာဘဏ်တွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးတွေကို ပြည်သူပိုင်သိမ်းရေးစတဲ့ လူမှုစီးပွား ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဖို့လည်း လှုံ့ဆော်တယ်။

ကိုလံဘီယာသမိုင်းမှာ (UP) ပါတီဟာ အခြားလက်ဝဲပါတီတွေထက် ရွေးကောက်ပွဲမှာ ပိုအောင်မြင်မှုရတာကို တွေ့ရတယ်။ ၁၉၈၆ ခုနှစ်မှာ (UP) ပါတီဟာ ဒေသကောင်စီတွေမှာ ၃၅၀ နေရာ အရွေးခံရတယ်။ ကိုလံဘီယာအောက်လွှတ်တော်မှာ ၉ ယောက်နဲ့ အထက်လွှတ်တော်မှာ ၆ ယောက် အရွေးခံရတယ်။ ၁၉၈၆ သမ္မတရွေးပွဲမှာ (UP) က ဝင်အရွေးခံတဲ့ ဂျိုင်မီပါဒို (Jaime Pardo) ဟာ မဲစုစုပေါင်းရဲ့ ၄.၆% ရရှိခဲ့တယ်။

ဒီလို (UP) ရဲ့အောင်မြင်မှုတွေကို တွေ့လာရတဲ့အခါမှာ ထိတ်လန့်သွားတဲ့ လက်ယာသမားတွေက အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုတွေ လုပ်လာတော့တယ်။ (UP) နဲ့ အခြားလက်ဝဲပါတီတွေက အဖွဲ့ဝင်တွေထောင်နဲ့ချီ (၄၀၀၀ မှ ၆၀၀၀ ရှိ) လုပ်ကြံသတ်ဖြတ်ခံရတယ်။ ၁၉၈၇ ခုနှစ်မှာ (UP) ဥက္ကဋ္ဌဂျိုင်မီပါဒို ကိုယ်တိုင်လုပ်ကြံခံရပါတယ်။ ဒီလိုနဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်လည်း ပျက်ပြားသွားပါတော့တယ်။

၁၉၉၈ မှ ၂၀၀၂ အထိကြာတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာလည်း မအောင်မြင်ခဲ့ပါဘူး။ ၂၀၀၂ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ အူရီဘဲ အရွေးခံရတယ်။ အူရီဘဲရဲ့ သမ္မတသက်တမ်း ၂ ခု (၂၀၀၂ မှ ၂၀၁၀) အတွင်းမှာတော့ ကိုလံဘီယာအစိုးရက (FARC-EP) ကို နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ စစ်ဆင်ရေးတွေ တိုးမြှင့်လုပ်ခဲ့တာ တွေ့ရတယ်။

၂၀၁၀ မှာ ဆန်တော့စ် (Santos) သမ္မတ ဖြစ်လာတယ်။ သူဟာ သမ္မတအူရီဘဲလက်ထက်မှာ ကာကွယ်ရေးဝန်ကြီး လုပ်ခဲ့သူဖြစ်တယ်။ ၂၀၁၂ ခုနှစ်မှာ သမ္မတဆန်တော့စ်က (FARC-EP) နဲ့ တွေ့ဆုံစကားပြောနေကြောင်း ကြေညာခဲ့တယ်။ ပထမ နော်ဝေမှာ တွေ့ကြပြီး နောက်ပိုင်းမှာ ကျူးဘားနိုင်ငံ ဟာဗနာမှာ ဆက်တွေ့ဆုံဆွေးနွေးကြတယ်။ ကြားခံပြည်ပနိုင်ငံတွေအဖြစ် ကျူးဘား၊ နော်ဝေ၊ ဗင်နီဇွဲလားနဲ့ချီလီနိုင်ငံတို့ကို ၂ ဖက်သဘောတူ ရွေးချယ်ခဲ့ကြတယ်။ ၂၀၁၄ မတ်လမှာ ကိုလံဘီယာ လွှတ်တော် ၂ ရပ် ရွေးကောက်ပွဲကျင်းပတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆန့်ကျင်တဲ့ သမ္မတဟောင်း အူရီဘဲဟာ ဒီမိုကရက်တစ်ဗဟိုပါတီ ဆိုတာကို ဖွဲ့ပြီး ရွေးကောက်ပွဲဝင်တယ်။ အမတ် ၂၀ အနိုင်ရပေမယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံတဲ့ ပါတီစုံမှ အမတ်တွေက အများစုဖြစ်နေဆဲပဲ ဖြစ်တယ်။

သမ္မတရွေးပွဲကို မေလနဲ့ဇွန်လ ၂ ကျော့ခွဲပြီး ကျင်းပတယ်။ အူရီဘဲပါတီက သမ္မတလောင်းဇူလူယာဂါ (Zuluaga) က ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆန့်ကျင်တဲ့ ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲဝင်တယ်။ (Zuluaga) က သူသာ သမ္မတဖြစ်ရင် ၈ ရက်အတွင်း (FARC-EP) အနေနဲ့ တဖက်သတ် အပစ်အခတ်ရပ်စဲရေး မကြေညာ မချင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရပ်ဆိုင်းထားမယ်လို့ ပြောတယ်။ ဒါ့အပြင် ကိုလံဘီယာမှာ လက်နက်ကိုင်ပဋိပက္ခ မရှိဘူး၊ အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုပဲရှိတယ်လို့လည်း ပြောပါတယ်။

ပထမအကြော့မှာ (Zuluaga) က ၂၉.၂၈% နဲ့ ပထမရပြီး ဆန်တော့စ်က ၂၅.၇၂% နဲ့ ဒုတိယဖြစ်တယ်။ တခြားလက်ဝဲကိုယ်စားလှယ် ၂ ဦးနဲ့ ကွန်ဆာဗေးတစ်ကိုယ်စားလှယ်တွေက ၁၅% ပတ်ဝန်းကျင်တွေရကြတယ်။ ဒုတိယအကျော့မတိုင်ခင်မှာ သမ္မတဆန်တော့စ်ဟာ ငြိမ်းချမ်းရေးပြဿနာကို အထူးဖောင်းပေးပြီး မဲဆွယ်စည်းရုံးတယ်။ ငြိမ်းချမ်းရေးနဲ့အဆုံးမသတ်တဲ့စစ်ပွဲ ဘယ်ဟာကို ရွေးကြမလဲဆိုပြီး ကြွေးကြော်တယ်။ ဒီတချီမှာတော့ လက်ဝဲနဲ့ဗဟိုလက်ဝဲတွေရဲ့ ထောက်ခံမှုကိုလည်း ရလိုက်တယ်။ (Zuluaga) ကိုတော့ ကွန်ဆာဗေးတစ်တွေက ထောက်ခံတယ်။ ဒီလိုနဲ့ ဒုတိယအကျော့မှာ ဆန်တော့စ်က ၅၁% ရပြီး (Zuluaga) က ၄၅% ပဲ ရတယ်။ ဆန်တော့စ် ဒုတိယအကြိမ် သမ္မတပြန်ဖြစ်တယ်။

၂၀၁၅ ဖေဖော်ဝါရီမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ကိုလံဘီယာငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာ အထူးသံတမန်အဖြစ် ဘားနတ်အရွန်ဆန်ကို ခန့်အပ်ကြောင်း ကြေညာတယ်။ ဒါဟာ ကိုလံဘီယာငြိမ်းချမ်းရေးဆွေးနွေးပွဲကို အမေရိကန်က ထောက်ခံကြောင်း ပြလိုက်တာပဲဆိုပြီး (FARC-EP) အပါအဝင် အများက ကြိုဆိုခဲ့ကြတယ်။ ဖေဖော်ဝါရီအတွင်းမှာပဲ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် ဟာဗနာငြိမ်းချမ်းရေးဆွေးနွေးပွဲဆီ ရောက်လာခဲ့တယ်။

(၇)

ဆွေးနွေးပွဲတွေကို ခေါင်းစဉ် ၆ ခုခွဲပြီး အဆင့်ဆင့် ဆွေးနွေးကြတာ ဖြစ်ပါတယ်။ ၂၀၁၆ ဩဂုတ်ကျမှ အပြီးသတ်သဘောတူညီချက်ရကြတာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေကို ခေါင်းစဉ် ၆ ခုခွဲပြီး အဆင့်ဆင့်ဆွေးနွေးကြတာ ဖြစ်ပါတယ်။ အဲဒါတွေကတော့ (၁) ဘက်စုံကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး (၂) နိုင်ငံရေးအရ ပါဝင်နိုင်ခွင့် (၃) မူးယစ်ဆေးဝါးပြဿနာ (၄) စစ်ဘေးဒဏ်ခံရသူများ ပြဿနာ (၅) ပဋိပက္ခအဆုံးသတ်ခြင်းနဲ့ (၆) အကောင်အထည်ဖော်ခြင်းနဲ့ စိစစ်ခြင်းတွေပဲ ဖြစ်တယ်။ ၂၀၁၆ ဩဂုတ်ကျမှ အပြီးသတ် သဘောတူညီချက်ရကြတာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ကျေးလက်လယ်သမားတွေ လူနေမှုဘဝမြင့်တင်ပေးရေး၊ မတရားအသိမ်းခံရတဲ့ လယ်မြေတွေ ပြန်လည်ရရှိရေးနဲ့ လယ်မဲ့ယာမဲ့တွေ လယ်မြေရရှိရေး စတာတွေပါတယ်။ (FARC-EP) အဖွဲ့ဝင်တွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနဲ့ လူမှုဘဝမှာ ပြန်လည်ပါဝင်နိုင်ရေးအတွက် အစိုးရက ကူညီပံ့ပိုးပေးဖို့၊ (FARC-EP) အဖွဲ့က နိုင်ငံရေးပါတီထူထောင်ရာမှာ ကူညီပေးဖို့နဲ့ လုံခြုံရေးအရ အာမခံချက်ရှိဖို့ လိုအပ်မယ့် အဖွဲ့အစည်း၊ ဥပဒေတွေ သတ်မှတ်ပြဌာန်းပေးဖို့တွေ ပါတယ်။ ၁၉၈၅ ခုနှစ်ကလို အဖြစ်မျိုး (UP) ပါတီဖွဲ့စဉ်က ဖြစ်ရပ်မျိုး) တွေ ထပ်မံမဖြစ်စေဖို့ ဖြစ်ပါတယ်။ (FARC-EP) အဖွဲ့အနေနဲ့ သဘောတူညီချက် လက်မှတ်ထိုးပြီး နောက်မှာ ကုလသမဂ္ဂဆီ လက်နက်တွေ အပ်နှံကြရမှာ ဖြစ်ပါတယ်။

အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်း၊ စိစစ်ခြင်းနဲ့ အငြင်းပွားမှုဖြေရှင်းခြင်း ကော်မရှင်တရပ်(CSVR) ကို ဖွဲ့စည်းမယ်။ ဒီကော်မရှင် (CSVR) မှာ အစိုးရက ၃ ဦးနဲ့ (FARC-EP) သို့မဟုတ် နောင်ဖွဲ့စည်းမယ့် နိုင်ငံရေးပါတီက ၃ ဦး ပါဝင်ကြမယ်။ ရက် ၁၈၀ ကြာ လက်နက်အပ် – တပ်ဖျက်ရေး လုပ်ငန်းစဉ်ကာလမှာ ကျူးဘား၊ နော်ဝေ၊ ဗင်နီဇွဲလားနဲ့ ချီလီနိုင်ငံတို့က ကိုယ်စားလှယ်တဦးစီလည်း ပါဝင်ကြမယ်။

(၇)

ငြိမ်းချမ်းရေး သဘောတူညီချက်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့မှာ လူထုဆန္ဒခံယူပွဲ လုပ်တယ်။ မဲအနည်းငယ်အကွာနဲ့ ရှုံးနိမ့်သွားတယ်။ ဒါပေမဲ့ ဒီသဘောတူညီချက်ကို အခြေခံပြီး မွမ်းမံပြင်ဆင်ချက်တွေ လုပ်ပါတယ်။ အချက်အချို့ ပြင်ဆင်ပြီး သဘောတူညီချက်အသစ်ကို လက်မှတ်ထိုးနိုင်ခဲ့တယ်။ သဘောတူညီချက်အသစ်မှာ အဓိကအချက် ၅ ချက် ပြင်ဆင်ထားတယ်။

- (FARC-EP) အဖွဲ့ဟာ ပိုင်ဆိုင်မှုအားလုံးကို ထုတ်ဖော်ကြေငြာရမယ်။ အစိုးရဆီလွှဲအပ်ပြီး စစ်ဘေးဒဏ်ခံရသူတွေ ကုစားရေးရန်ပုံငွေအဖြစ် အသုံးပြုသွားမှာ ဖြစ်တယ်။
- ဘာသာရေးအုပ်စုတွေက အရင်သဘောတူညီချက်မှာ မိသားစုတန်ဖိုးတွေကို အလေးမထားအားနည်းနေတယ်လို့ ယူဆတာတွေကို ကိုင်တွယ်ဖြေရှင်းထားတယ်။
- အသွင်ကူးပြောင်းကာလတရားစီရင်ရေး သက်တမ်းကို ၁၀ နှစ်လို့ ကန့်သတ်တယ်။
- (FARC-EP) ပါဝင်ပတ်သက်ခဲ့ဖူးသမျှ မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်ရေးကိစ္စတွေနဲ့ ပတ်သက်တဲ့အချက်အလက်တွေ အပြည့်အစုံပေးရေး။
- ငြိမ်းချမ်းရေးသဘောတူညီချက်ဟာ ကိုလံဘီယာဖွဲ့စည်းအုပ်ချုပ်ပုံရဲ့ အစိတ်အပိုင်းတခု မဟုတ်ဘူး စတာတွေ ဖြစ်တယ်။

အခု ဒီသဘောတူညီချက်ကို ကိုလံဘီယာအထက်အောက်လွှတ်တော် ၂ ရပ်လုံးက ထောက်ခံလို့ အတည်ဖြစ်သွားပါပြီ။

ဒီသဘောတူညီချက်ကို ဘယ်လောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မလဲဆိုတာတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ လေ့လာသူတဦးကတော့ ‘သဘောတူညီချက်ရဖို့ ဆွေးနွေးရတာထက် သဘောတူညီချက်ကို လက်တွေ့အကောင်အထည် ဖော်ရတာက ၁၀ ဆမက ပိုခက်ပါတယ်’ လို့ ပြောထားပါတယ်။

(၂၄ – ၁၂ – ၂၀၁၆)

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်